
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com









တံစက်မြိတ်အောက် တွဲလွဲဆွဲထားသော. . . အုန်းခွံလုံးချင်းအိမ်ယာနှင့် နေကြသော စာကလေးအုပ်စုနှင့်. . . ခရေပင်ပေါ်သစ်သား ကွန်ဒိုမီဒီယံ တိုက်ခန်းတွဲများတွင် နေထိုင်ကြသော. . . စာကလေးအုပ်စုတို့ ပြဿနာတက်ကြသည်။

ပြဿနာက အုန်းခွံလုံးချင်းအိမ်မှာ တစ်ကောင်တည်းနေသော စာဖိုကြီး. . . သူက အနေအထိုင် တည်တံ့ပြီး တစ်ကိုယ်တည်းသမားလည်းဖြစ်၍. . . အုန်းခွံလုံးချင်းရဲ့ရပ်ကွက်သူကြီးလည်း ဖြစ်သည်။ အိမ်တစ်လုံးကို တစ်ကောင်တည်း ပိုင်ဆိုင်သူ. . . ဩဇာတိက္ကမကြီးသူဖြစ်သလို. . . ရပ်ကွက်တွင်းနေ စာဖိုဖြူလေးများ. . . မျက်စိကျကြသည်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ယာပိုင်နဲ့ လင်ကောင်းသားကောင်းရဖို့. . . စာပျိုမတွေ သူငါ အပြိုင်ပိုးကြသည်ပေါ့။ စာဖိုကြီးနဲ့ နီးစပ်ဖို့ ငါးမိုင်လောက်က. . . လယ်ကွင်းထဲ သွားပြီး ကိုက်ချီဖော်ရတဲ့ စပါးနှံနဲ့ မျက်နှာလုပ်သူ. . . အိမ်တွေက ပက်ကြဲတဲ့ ဆန်စေ့လေးတွေ တစ်စေ့ချင်းကောက်ပြီး တက်ချည် ဆင်းချည် ပို့တဲ့သူ. . . စာဖိုကြီး၏အိမ်ထဲ ဆန်စပါးတွေ ပြည့်နေသဖြင့် စာဖိုကြီး အပြင်ထွက်ရှာစရာမလို. . . တစ်နေ့တစ်နေ့ စားလိုက်သောက် လိုက်၊ အိပ်လိုက်၊ ဂျာနယ်ဖတ်လိုက်နှင့်. . . အတော့်ကို ဇိမ်ကျနေပါသည်။

တစ်နေ့ စာဖိုကြီး အညောင်းဆန့် ပျံသန်းရင်း ကွန်ဒိုမီနီယံ တိုက်ခန်းဘက် ရောက်သွားပြီး. . . စာမတစ်ကောင်ကို မြင်သွားသည်။ မြင်မြင်ချင်းပဲ ရင်ခုန်သွားပါသည်။ စာမက အပျိုတော့မဟုတ်. . .၊ သို့သော်. . . ကလေးမရှိ လင်သားမရှိ၍ စာဖိုကြီး စိတ်ဝင်စားသွားပြီး တီးခေါက်ကြည့်သည်။

စာမလေးက စာဖိုကြီး မေးသမျှ မျက်ရည်လည်ရွဲလေးနှင့် ဖြေရှာပါသည်။ လင်မယားနှစ်ကောင် အစာရှာထွက်ရင်း. . . သူ့ယောကျ်ားလေးခွမှန်လို့ ဆုံးသွားသတဲ့၊ စာဖိုကြီး ဟပ်ထိသွားချေပြီ။

မငိုပါနဲ့ ကောင်မလေးရယ်. . . ကိုယ်က လွတ်လပ်တဲ့သူပါ။ မင်းသာ ဆန္ဒရှိမယ်ဆိုရင်. . . ကိုယ်ဟာ မင်းရဲ့ခင်ပွန်းလောင်း ဖြစ်ချင်တယ်၊ ကိုင်း. . . နဖူးစာ ရွာလည်တာများ အဆန်းသား၊ လုပ်အားလည်းကောင်း. . . သဘောလည်းကောင်းတဲ့ အပျိုစစ်စစ်နုနုလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက. . . မုဆိုးမ စာကို ဝါမဝင်ခင် အိမ်ပေါ် ခေါ်တင်ပစ်လိုက်သည်။

ထိုသတင်းက လုံးချင်းအိမ်ယာဝင်းထဲ တမဟုတ်ချင်း ပျံ့နှံ့သွားသည်။ သတင်းကြားသည်နှင့်. . . စာပျိုမတွေ ဝေါခနဲ ရောက်ရှိလာပြီး စာမုဆိုးမကို ဆွဲထုတ်၍ ဝိုင်းတုတ်လေတော့၏။ သိကြတဲ့အတိုင်း. . . အထီးထက် အမက အသံပိုကျယ်တော့ ကျီကျီကြာကြာ အီအီအာအာ





ကျလိကျလိလဲ့. . . ဆိုတဲ့အသံက ကက်ဆက်ဖွင့်တုန်း တိတ်ခွေညပ်သလို. . . အတော့်ကို ဆိုးဝါးသည်။

စာပျိုမတွေရဲ့နှုတ်သီးကလည်း ပြောင်သည်။ စာမုဆိုးမခမျာ အတောင်ကျွတ်ခမန်း. . . လွတ်လမ်းရှာတာတောင် မလွတ်၊ ရှိသမျှ အမွေးအမှျင်တွေ အကုန်ချွတ်ပြီး ပြေးကာမှ. . . သူမတိုက်ခန်းဆီ ကိုယ်တုံးလုံးနှင့် ရောက်ရရှာပါသည်။

ပြဿနာက ယခုမှ စပါသည်။ ကွန်ဒိုမီနီယံ တိုက်ခန်းနေ စာသူစာသားတွေ အကုန်ထွက်ပြီး. . . မုဆိုးမမို့ အနိုင်ကျင့်သလား ! တွေ့ပြီပေါ့ကွာ. . . ဆိုပြီး ရပ်ကွက်စာကြီး ကိုယ်တိုင်ဦးဆောင်ပြီး လုံးချင်းအိမ်ယာကို တက်သိမ်းသည်။ လုံးချင်းအုပ်စုကလည်း. . . သမီးတွေ ပြဿနာဆိုတော့ မိဘညီကို မောင်နှမတွေပါ ပါလာပြီး ထွက်ချကြသည်။

"အီရတ်ကိုကြဲတဲ့ပုံးကွ. . မကွဲလို့ ငါချီလာတာ. . လာလေ့. . "

"ဒုံ. . . ခွပ်. . . "

"အုန်းခွံလုံးချင်းကွ. . . ဒိုင်းညွန့်. . . ဖွတ်ညွန့်. . . "

ကမ္ဘာပျက်ခမန်း ပွဲက ကြမ်းသွား၍. . . စာမွေးတွေတောင် လေထဲ ဗရမ်းဗတာ လွင့်ကုန်သည်။ စာကလေးလောကမှာ. . . မကြုံစဖူး ထူးကဲသောစစ်ပွဲကြီး. . . ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ. . . သတင်းမီဒီယာတွေ ရောက်ရှိလာကြသည်။

"ကျွန်တော်က စီအန်အန် စာကလေးပါခင်ဗျာ၊ ဒီစစ်ပွဲကြီး ဘယ်လိုဖြစ်တယ်ဆိုတာ သိပရစေလား ! "

"မထူးဆန်းပါဘူးဗျာ. . . ကီလီယိုပက်ထရာရဲ့ အချစ်နဲ့စစ်. . ၊ နပိုလီယံရဲ့ အချစ်နဲ့စစ်. . . ၊ စာကလေးတစ်ကောင်ရဲ့ အချစ်နဲ့စစ်. . . အတူတူပါပဲ"

"ပြဿနာက ဘယ်က စတာလဲခင်ဗျာ ! "

"ရန်ဖြစ်ရတာ မောရတဲ့ကြားထဲ. . . မင်းသိချင်ရင် ဘောယက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

သွားမေး !! ”

ဒီနေရာမှာ ကာယကံရှင်အစစ်ဖြစ်သော စာဖိုကြီး. . . ပျောက်နေသည်။ ဘယ်မှမသွား၊ သူ့အိမ်ထဲမှာပင် သူရှိသည်။ ပြဿနာအစကနေ အဆုံးအထိ. . . သူသိသည်။ သူမြင်သည်။ အသံတွေ အရမ်းဆူလွန်းမှသာ အိမ်ထဲကနေ. . . လှမ်းချောင်း ကြည့်ပြီး. . .

**“ တတ်နိုင်ဘူးလေ. . . ငါက တိရစ္ဆာန်ပဲ၊**
**နေတတ်သလို နေတာ ကောင်းသတဲ့. . . ”**







# အခန်း(၁)

စာကလေးတွေ၏ဆူညံသံကြောင့်. . . မိုးညို လန့်နိုးလာပြီး ထထိုင်သည်။ ညက ကောင်းကောင်းမအိပ်လိုက်ရ၍. . . ခေါင်းထဲ မူးဝေ နောက်ကျိပြီး. . . ခုတင်ပေါ်မှ ဆင်းကာ. . . ညကတည်းက ဖွင့်ထားသော ပြတင်းပေါက်ဆီ. . . ဒယီးဒယိုင်နှင့် လျှောက်သွားသည်။

ပြတင်းပေါက်က သံဇကာတစ်ထပ်၊ ခြင်လုံဇကာက တစ်ထပ် တပ်ထား၍ ကြည့်ရမြင်ရသည်မှာ. . . သိပ်မရှင်းချင်၊ သို့သော် အလင်းရောင် ကောင်းကောင်းရနေပြီဖြစ်၍. . . အပြင်မှာ စာကလေးတွေ ဟိုဒီပြေးလွှားနေတာ မြင်ရသည်။

စာကလေးတစ်ကောင် ဝင်နားပြီးမှ. . . အလန့်တကြား ထပျံသောကြောင့် တံစက်မြိတ်အောက် တွဲလွဲဆွဲထားသော. . .အုန်းခွံအိမ်

www.burmeseclassic.com

www.burmeseclassic.com



လေး လှုပ်သွားတာကိုလည်း မြင်ရသည်။ သူမြင်ရသလောက်. . . တစ်ကောင်နှင့်တစ်ကောင် ကိုက်ခွပ်နေတာမျိုး မရှိပါ၊ ခရေပင်မှာ ချိတ်ဆွဲထားသော သစ်သားအိမ်၏ခေါင်မိုး၌. . . စာဖိုစာမတစ်စုံ ချစ်တင်းနှောနေတာပင် မြင်နေရသေး၏။

မိုးညို ပင့်သက်ချကာ. . . ပြတင်းပေါက်မှ ခွာထွက်လာခဲ့ပါသည်။ ညက မက်လိုက်ရသော. . . အိပ်မက်ထဲက စာကလေး ပြဿနာနှင့်. . . ဒီမနက်ခင်း စာကလေးတွေရဲ့သဘာဝက. . . ကိုယ်တောင်စာကလေး ဖြစ်ချင်စိတ်ပေါက်အောင် ချစ်စရာကောင်းလှသည်။ သူတွေးရင်း အပြင်ထွက်ဖို့ အခန်းတံခါးအဖွင့်. . . အပြင်ဖက်က သော့ခတ်ထား၍ ဖွင့်မရ. . . စိတ်ရှုပ်သွားကာ ခုတင်သို့ ပြန်လျှောက်လာခဲ့သည်။

လျှောက်လာရင်း. . . သူ့ခုတင်နှင့် ယှဉ်လျက်ရှိသော ခရမ်း၏ခုတင်ကို လှမ်းကြည့်မိသည်။ ခွေးကောင်. . . တစ်ညလုံး ဒုက္ခပေးပြီး. . အိပ်နေလိုက်တာများ။

ခရမ်းကို မြင်မှ. . . နှာခေါင်းထဲ မသိုးမသန့် ဖြစ်လာပြီး ဟိုဟိုဒီဒီရှာရင်း အနံ့ခံကြည့်သည်။ ဒီကောင် ထွက်ကျထားတာများ ရှိသေးသလား ! ၊ လောလောဆယ်တော့. . . မမြင်၊ ကြမ်းပြင်က ပါကေးခင်းထားသဖြင့်. . . အရောင်က ဆင်ဆင်တူချင်တူနိုင်သည်။

သူ၏ခုတင်ခြေရင်း သေတ္တာဘေးနားရောက်မှ. . . အနံ့က ပိုပြီးလှိုင်လာသဖြင့်. . . သေတ္တာပေါ် မီးပူထိုးပြီး တင်ထားသော. . . သူ၏ဘောင်းဘီနှင့် အင်္ကျီကို အခေါက်မပျက်ကလေး မ,ယူကာ. . . သေတ္တာပေါ်နှင့် ဘေးပတ်လည်ကို ရှာသည်၊ မတွေ့။ မျက်လုံးက မတွေ့ပေမယ့်နှာခေါင်းကတော့ တွေ့နေသည်။ နှာခေါင်းအတွေ့က. . . နှာခေါင်းနှင့်အလွန်နီးကပ်နေသဖြင့်. . . ရင်ခွင်ထဲ ရောက်နေသော အဝတ်အစားတွေကို သတိထားမိသွားကာ. . . ကြည့်လိုက်သည်။ စိုစိစိ ဖြစ်နေသောနေရာအား. . . နမ်းကြည့်မိသွားသည်။





"အား. . . ဝေါ့. . . အော့. . . ခတ်၊ ထွီ. . . ခွေးကောင်၊ ငါ့အင်္ကျီ. . . ငါ့အင်္ကျီပေါ်မှာ၊ တောက်. . . နံလိုက်တာ၊ သွားပါပြီကွာ"

"ဝုန်း"

မိုးညို. . . လက်ထဲက အဝတ်နှင့် ခရမ်းခြင်ထောင်ကို ပစ်ပေါက်ကာ ခုတင်ဘေးကိုပါ ဆောင့်ကန်ပစ်လိုက်၍. . . ခရမ်း လန့်ဖြန့်နိုးထလာတော့၏။

"ဘာဖြစ်တာလဲ !! "

"ဘာဖြစ်ရမလဲ. . . မင်း တစ်ညလုံး ချေးလှည့်ပန်းထားတာလေ"

"အေးလေ. . . အဲဒါ ဘာဖြစ်လဲ !၊ ဝမ်းနှုတ်ဆေး စားထားလို့ဝမ်းသွားတာ ဆန်းသလား ! "

"မဆန်းပေမယ့် ငါ ဒီမနက် ဝတ်ဖို့ လုပ်ထားတာ. . . သွားပြီကွ၊ မင်းသိရဲ့လား. . . "

"ဟာ. . . ဒါတော့ မတော်တဆပဲကွာ"

"ဟေ့ကောင်. . . မတော်တဆဆိုတာ လူလေလူပေ့ါတွေရဲ့ဆင်ခြေစကားကွ၊ အခု. . . မင်း ဖင်သရမ်းလို့ ငါ့ရဲ့တစ်စုံတည်းသောအင်္ကျီသွားပြီ၊ ငါ ဒီမနက် လူတွေ့စစ်ဆေးခံဖို့ သွားရင်. . . ဘာနဲ့သွားမလဲ ! "

"ငါ့ဆီက တစ်စုံယူဝတ်ကွာ"

"တော်စမ်း ခရမ်း၊ ဆယ်ရက်ဝတ်ပြီး ပရွတ်လုံးနဲ့ တစ်ညပြန်သိပ်. . . မလျှော်မဖွတ် ပြန်ဝတ်တဲ့ မင်းလိုကောင်စားမျိုး ထင်နေလား"

"ဟာ. . . ခွကျသကွာ၊ စောစောစီးစီး၊ ကဲ. . . ငါဘာလုပ်ပေးရမလဲ ! "

ဘာလုပ်ပေးရမလဲဆိုတော့. . . ခရမ်း ဘာမှလုပ်ပေးဖို့ မရမှန်းမိုးညိုသိပြီး. . . ခံရခက်ကာ တောက်ခေါက်ပစ်သည်။ သေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှင့် ထိုးပစ်သည်။

အခန်းထဲက အသံဗလံတွေကြောင့်. . . အခန်းတံခါးဖွင့်ပြီး မင်းထင်ကျော် ဝင်လာသည်။


“စောစောစီးစီး ဘာတွေဖြစ်နေကြတာလဲကွာ”

မိုးညို ပြန်မဖြေ၊ အခန်းတံခါး ပွင့်သွားပြီဖြစ်၍. . . အပြင်သို့ ခြေလှမ်းကျဲကြီးနှင့် ထွက်သွားကာ. . . ရေချိုးခန်းဖက် ပြေးတော့၏။

၅ ၅ ၅ ၅










www.burmeseclassic.com

www.burmeseclassic.com

အဖြစ်က ဒီလိုကွာ...

"မိုးညို... မိုးညို"

"ဟင်..."

မိုးညို အိပ်ယာက လူးလဲထပြီး... ကျိန်းစပ်နေသော မျက်လုံးတွေကို... ရှုံ့တွပြီး ကြည့်လိုက်သည်။ ချွေးသီးချွေးပေါက်တွေပါ စို့ထွက်နေကာ...

"ငါ... ငါမရတော့ဘူး၊ လုပ်ပါဦး"

"ဟ... ဘာလဲ ဘာမရတာလဲဟင် ! "

မိုးညို အလန့်တကြား ပြန်မေးရင်း နာရီကို လှမ်းကြည့်သည်။ စ်နာရီခွဲတော့မည်။ ညဦးပိုင်းက... မနက်ဖြန် အင်တာဗျူးအတွက် တ်စရာ မှတ်စရာလေးတွေ ထိုင်ဖတ်မှတ်နေ၍... သူအိပ်ယာဝင်ကာ စ်နာရီတောင် မပြည့်သေး။

"တံခါး... တံခါးဖွင့်လို့မရဘူး မိုးညိုရာ၊ လုပ်ပါဦး"

"ဟင်... ဖွင့်မရရင် မဖွင့်နဲ့လေ၊ အိပ်လေ၊ မထွက်စေချင်လို့ ပြင်ကနေ သော့ခတ်ထားတာ... မင်းမသိဘူးလား ! "





"သိတယ်၊ ငါ... ဗိုက်... ဗိုက်.. အား... ကျွတ်... ကျွတ်"

"ဗျစ်... ပတစ်တစ်"

"ဒုက္ခပဲကွာ !! ၊ ထွက်... ထွက်ကျတော့မယ်"

မိုးညို သဘောပေါက်သွားသည်။ အနံ့အသက်ကလည်း ခရမ်း၏ ဝမ်းခေါင်းထဲမှ ပေါက်ထွက်လာသဖြင့်... မိုးညို နှာခေါင်းပိတ်ပြီး တံခါး သွားထုသည်။

"ထင်ကျော်ရေ... ထင်ကျော်... ထင်ကျော်"

"ဒုန်း... ဒုန်း... ဒုန်း"

အထုအခေါ် ခဏရပ်ပြီး... အပြင်ဖက်က အသံကို နားထောင်ကြည့်သည်... ဘာမှမကြား။ ထို့ကြောင့် အသံအနည်းငယ် ထပ်မြှင့်ကာ...

"ထင်ကျော်... ဒုန်းဒုန်း"

"ထင်ကျော်ရေ... ဒုန်း... ဒုန်း... ဒုန်း"

"ဗျစ်... ဗျစ်"

"အား... အား... အမလေးလေး၊ မိုး... မိုးညိုရေ"

"ဟာ... ငါလည်း ခေါ်နေတာပဲ၊ နည်းနည်းအောင့်ထားဟင်း... ပုပ်စပ်လိုက်တာလဲ လွန်ရောကွာ"

"ဟုတ်ပါတယ် မိုးညိုရာ၊ အဲဒါကြောင့် ငါလည်း ဝမ်းနှုတ်ဆေးအီး... အား ကျွတ်... ကျွတ်..."

ခရမ်း မချိမဆန့် ညည်းတွားရင်း... ဗိုက်ကို လက်နှစ်ဖက်နှင့် ထိန်းကာ... ကွတကွတနှင့် နောက်ပြန်လှည့်သွားသည်။ အနံ့တွေ ကျန်ခဲ့သဖြင့်... မိုးညိုမခံနိုင်တော့ပဲ ပြတင်းပေါက်တံခါး ပြေးဖွင့်သည်။ အပြင်ဖက်က လေနုအေးလေး တိုးဝင်လာ၍... အသက်အောင့်ထားသမျှ ဖွင့်ချ၍... အားကုန်ရှူပစ်သည်။ ပြီးမှ တံခါးပြေးထုပြန်သည်။

အသံကို စာစာကထက်... ထပ်မြှင့်ပြီး ခေါ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဖက်က. . . ကြွက်တိုးသံမျှပင် မကြားရချေ။

"ဒီကောင်တွေ. . . အိမ်မှာ မရှိဘူးထင်တယ် ခရမ်း"

"ဟေ. . . ဒါဆို ဘယ်လို. . . အ. . . အ. . ."

မိုးညို စိတ်မရှည်ချင်သော်လည်း. . . ကိုယ်ချင်းစာပါသည်။ ဝမ်းနှင့်လွယ်ရသော ဒုက္ခကို သူလည်း ခံစားဖူးသဖြင့်. . .

"ဒီလိုလုပ်ကွာ. . . ဒီကောင်က အောက်လျှောတဲ့အမျိုးဆိုတော့ ကင်းမြီးကောက် ထောင်ပြီးနေရင်. . . အဆင်ပြေနိုင်တယ်"

"မင်းလုပ်ဖူးလို့လား !"

"ငါလုပ်ဖူးပါတယ်. . . လုပ်စမ်းပါ"

ခရမ်းက မိုးညိုခုတင်ခြေရင်းရှိ သေတ္တာပေါ် ထိုင်နေရာမှ ထလာပြီး. . .

"ဘယ်မှာ ထောင်ရမလဲ. . . ငါမထောင်တတ်ဘူး"

"ဒီကိုလာ. . . ဟောဒီတံခါးပေါက်မှာ မှီပြီးထောင်၊ ငါပြမယ်"

ငါပြမယ်ဆိုပြီး. . . မိုးညိုက ခရမ်းကို ဆွဲခေါ်ကာ တံခါးအောက်ခြေတွင် ခေါင်းစိုက်ခိုင်းလိုက်သည်။ ထို့နောက်. . . လက်နှစ်ဖက်အား ခေါင်းနှင့် ဖိုခနောက်ဆိုင်ဖြစ်အောင် ထားစေကာ. . . ခြေထောက်နှစ်ချောင်းကို ပိုက်မ၍ တံခါးရွက်အတိုင်း ဆွဲကပ်လိုက်ပါသည်။

ထိုအချိန်ကလေးအတွင်းမှာပင်. . . ခရမ်းဆီက ဝမ်းခေါင်းသံထွက်ပေါ်လာပြန်၍. . . မိုးညို အသက်အောင့်ထားလိုက်ရသည်။ ခရမ်းဆီက. . .

"ဒါ ကင်းမြီးကောက် ထောင်တာ မဟုတ်ဘူးကွ. . . အုန်းပင်စိုက်တာ ခေါ်တယ်"

"ဖြစ်နိုင်တယ်. . . အုန်းသီးတွေတောင် သီးနေပြီ"

"အုန်းဖူးရော. . . တွေ့လား"

ခရမ်း ရွှတ်ပြောမှန်းသိ၍ မိုးညို စကားလွှဲကာ. . .





"အဆင်ပြေလား !"

"အင်း. . . နည်းနည်းသက်သာသလိုပဲ၊ ဒါဘယ်လောက်ကြာကြာနေရမှာလဲ !"

"မင်းရဲ့ထုပ်ပိုးကုန်တွေ ဂိုဒေါင်ထဲ နေသားတကျ ပြန်ရောက်တဲ့အထိပေါ့ကွ"

"မလွယ်ဘူး ထင်တယ်နော"

"မလွယ်လည်း နေရမှာပဲ၊ ဟိုကောင်တွေ မောင်နှမ အပြင်သွားတာ ဖြစ်ရမယ်. . . ညနေက လဝန်းချို သူ့အစ်ကိုကို စတိတ်ရှိုး လိုက်ပို့ဖို့ ဂျီကျနေတာ ငါ ကြားတယ်ကွ"

"ပြဿနာပဲ. . . ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"မတတ်နိုင်ဘူး သူငယ်ချင်း၊ အခု တစ်နာရီခွဲပြီးပြီဆိုတော့ ပြန်လာကြတော့မှာ၊ ကားသံကြားရင် ပါးစပ်ပြင်ထား၊ ခြေသံကြားတာနဲ့ တံခါးထု၊ ငါအိပ်တော့မယ်"

"ဟာ. . . နေ. . . နေပါဦး မိုးညိုရာ"

"တော်ပြီ. . . တစ်ခန်းလုံး အပုပ်နံ့တွေ လှိုင်နေပြီ"

ပြောရင်း မိုးညိုခုတင်ဆီ လျှောက်သွားကာ. . . ခြင်ထောင်ကို ခပ်ကြမ်းကြမ်း ဆွဲခါ၍. . . ခြင်ထောင်ထဲ ဇွတ်ခနဲ ခုန်ဝင်သွားတော့သည်။

ခရမ်း ခဏကြာသည်အထိ နေလိုက်ပြီး. . . အတော်အတန် သက်သာလာသဖြင့်. . . အုန်းပင်လှဲကာ ပြန်ထရပ်လိုက်သည်။

"အမယ် ဟုတ်သလိုကြီးဟ. . . ဝွတ်သွားပြီ. . . ပြန်ယူလိုက်ဦးမယ်. . . မတ်တိုးလေးနဲ့ ဟိဟိ"

ခရမ်း နေသာထိုင်သာ ရှိသွားပြီး. . . ဝါးခနဲ တစ်ချက်သမ်းကာ. . . သူ့အိပ်ယာခုတင်ဆီ ပြန်လျှောက်လာခဲ့သည်။

"ဟင် !! . . ."

ခုတင်နားနောက်မှ ဗိုက်က ပြန်ရစ်လာသဖြင့်. . . ဆတ်ခနဲလှမ်းဝံ့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အသာရပ်ပြီး စောင့်ကြည့်သည်။

"အား. . . ကျွတ်ကျွတ် နာလာပြန်ပြီဟ"

ခရမ်း တိုးတိုးညည်းတွားရင်း. . . တံခါးဆီ အုန်းပင်စိုက်ဖို့ ပြန်လျှောက်စဉ် စောစောက ပြန်ဝင်သွားသော ဒုက္ခသည်များ. . . အစုလိုက် အပြုံလိုက် ပြန်တိုးလာ၍. . . ဆက်မလျှောက်နိုင်တော့ပဲ မိုးညိုခြေရင်းရှိ သေတ္တာမှာပင် ဝင်ထိုင်လိုက်ရ၏။

၄ ၄ ၄ ၄





ခရမ်း မောသွားသလို စကားဖြတ်ထားပြီးမှ. . . သူ့ခုတင် တစ်ဖက်ခြမ်းအောက်ရှိ ဘောင်းဘီအလုံးလိုက်ကို လှမ်းနှိုက်ယူ၍ မပြကာ. .

"ငါလည်း မလွယ်နိုင်တော့လို့ကို. . . ထွက်ကျသွားတာပါကွာ၊ ညက ဒီဘောင်းဘီထဲမှာပဲ ပြီးလိုက်ရတယ်၊ သူ့အဝတ်တွေကလည်း သေတ္တာပေါ် တင်ထားတော့. . ."

မင်းထင်ကျော်. . . လက်ကာပြပြီး သက်ပြင်းချလိုက်သည်။

ထို့နောက်. . .

"ကဲ. . . ပြဿနာ ထပ်မလုပ်နဲ့တော့၊ ဒီကောင့်အတွက် ငါ့ အဝတ်တစ်စုံ ပေးလိုက်မယ်၊ မင်းလည်း. . . မင်းအထုပ်ကို ရှင်းရင်း အဝတ်တွေ လျှော်ဦးကွာ၊ အကုန်လုံး ခြင်ထောင်ပေါ်မှာချည်းပဲ၊ မင်းတို့ နှစ်ယောက်က ပြဿနာ၊ တစ်ယောက်က အသန့်ကြိုက်၊ တစ်ယောက် ညစ်ပတ်အိုး"

"ဒီလောက်မဟုတ်ပါဘူးကွာ. . . ဒီကောင်ကိုက ပဲကို များပွန်း တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ခရမ်း. . . သူငယ်ချင်းအချင်းချင်း ပြဿနာမဖြစ်စေချင်ဘူး၊ မင်းအလုပ်ကိစ္စကရော ဘယ်လိုလဲ"

"ငါးခုလောက် လျှောက်ထားတာပဲ. . . ခေါ်မှ မခေါ်သေးတာ"

မိုးညို ပြန်ဝင်လာသဖြင့် စကားဖြတ်ပြီး လှည့်ကြည့်ကြသည်။ မိုးညိုက. . . ဘယ်သူ့ကိုမှ မကြည့်ပဲ သူ့အိပ်ယာ ခြင်ထောင်တွေ ခေါက်သိမ်းနေလိုက်သည်။ ထိုအခိုက် မင်းထင်ကျော်က. . .

"မင်း. . . ဒီမနက်သွားဖို့ အဝတ်အစား အပိုရှိသေးလား ! "

"ဘယ်ရှိမှာလဲကွာ၊ လူတောတိုးတဲ့အဝတ်က ချေးပေလို့ သွားပြီ"

"ကဲ. . . ကဲ. . . ငါ တစ်စုံ လာပို့ပေးမယ်"

"နေပစေတော့ မင်းထင်ကျော်၊ ငါမသွားတော့ဘူး"

"ဟာ. . . မသွားရင် မင်းအလုပ်လျှောက်ထားတဲ့ကိစ္စ အလကားဖြစ်သွားမှာပေါ့ကွ"

"နောက်တစ်နေ့ ခေါ်မှသွားမယ်"

မင်းထင်ကျော် ခေါင်းကို တွင်တွင်ယမ်းမိလေတော့၏။





## အခန်း(၂)

မင်းထင်ကျော် သန့်စင်ခန်းက ပြန်ထွက်လာမှပင်. . . စောစောစီးစီး အာရုံနောက်နေတာတွေ. . . ပြေပျောက်ချင်သွားသည်။ တကယ် မလွယ်တဲ့နှစ်ကောင်. . . ကျောင်းတုန်းက လေးနှစ်လောက် အတူတွဲခဲ့ကြတဲ့ သံယောဇဉ်သာ ရှိမနေလျှင်. . . အိမ်ထဲကနေဆောင့်ကန်ထုတ်မိမှာ သေချာသည်။

နှစ်ယောက်စလုံး နယ်က တက်လာကြသူတွေ။ နိုင်ဦးမောင်ကမိုးညိုသား. . . အောင်ထွန်းက ခရမ်းသား၊ ကျောင်းမှာကတည်းကနာမည်ပြောင်ပေးရင်း မိုးညိုသားကို မိုးညိုဟု ခေါ်ပြီး. . . ခရမ်းသားကို ခရမ်းဟု ခေါ်မိသည်မှစ၍ နာမည်အရင်းတွေ ပျောက်ပြီး. . . မိုးညိုတို့

www.burmeseclassic.com



ခရမ်းတို့ ဖြစ်ကုန်ကြကာ. . . နှုတ်ကျိုးနေခြင်း ဖြစ်သည်။ ကံကောင်းထောက်မစွာ. . . သူကတော့ နာမည်ပြောင်မရှိ။

ဒီကောင်တွေ ကျောင်းပြီး၍. . . နယ်မပြန်ပဲ ရန်ကုန်မှာ အလုပ်ရှာနေခြင်း ဖြစ်ကာ. . . အလုပ်မရခင် နေရေးစားရေးအတွက် သူ အကူအညီပေးထားရခြင်းဖြစ်သည်။ အိမ်မှာက မောင်နှမနှစ်ယောက်ထဲ။ ဖေဖေက စင်ကာပူမှာ။ သူ နောက်ဆုံးနှစ် စာမေးပွဲ ဖြေဆိုနေချိန်မှာပဲ ဒေါ်လေးငယ် အလုပ်ကိစ္စအတွက် ဖေဖေလှမ်းခေါ်သဖြင့်. . . မေမေရော ဒေါ်လေးငယ်ပါ စင်္ကာပူ လိုက်သွားသည်။

ကျွန်တော် ကျောင်းပြီးပြီဖြစ်၍. . . မေမေ ဟိုမှာကြာဦးမည်၊ သူ့ညီမ အပျိုကြီးအတွက်. . . စိတ်ချရအောင် စီမံလိမ့်ဦးမည်။ ထို့ကြောင့် သူ့သဘောရှိ. . . အိမ်ဂေဟာအတွင်း သူငယ်ချင်းနှစ်ယောက် ခေါ်သွင်းထားခြင်း ဖြစ်ပါသည်။

ဒါပေမယ့် သဘောမရှိနိုင်သော. . . ညီမလေး လဝန်းချိုကိုတော့ ချော့မော့ထားရသည်။ ဒါတောင်. . . ဖုန်းဆက်ပြီး တိုင်မယ်တောမယ် တကဲကဲ၊ ဒီမနက်လည်း. . . ဟိုနှစ်ကောင် မြွေဖမ်း၍. . . လဝန်းချို ဘာပြောဦးမည်မသိ၊ ညက စတိတ်ရှိုးကြောင့်. . . အိပ်မောကျနေသည် ဖြစ်ပါစေဟု. . . ဆုတောင်းကာ ထမင်းစားခန်းထဲ ဝင်လိုက်၏။

မင်းထင်ကျော် ဆုတောင်းမပြည့်၊ ညီမလေး နိုးနေပြီ. . . လဝန်းချိုအား လငပုပ်ဖမ်းထားသော မျက်နှာနှင့်. . . ထမင်းစားခန်းထဲတွင် ထိုင်နေတာ မြင်လိုက်ရသည်။ ကော်ဖီသောက်ရင်း. . . နှုတ်ခမ်းစူ ထားသည်။ သူဝင်လာတာကို တစ်ချက်ကြည့်ပြီး. . . ချက်ချင်း အကြည့်လွှဲပစ်သည်။ မင်းထင်ကျော် မျက်နှာချိုလေးနှင့် ဝင်ထိုင်ရင်း. . .

"လဝန်းလေး. . . ကိုကိုရဲ့အသည်းလေး အစောကြီး နိုးနေပါလား ! လုပ်ပါဦးကွ. . .၊ ကိုကို့အတွက် ပေါင်မုန့်နှစ်ချပ်လောက် မီးကင်ပေးပါဦး"





"လုပ်ပေးနိုင်ပေါင်. . . ကိုယ့်ဘာသာကင်"

"ဟာ. . . ညီမလေးကလည်းကွာ"

လဝန်းချိုက မျက်ဝန်းကလေးတွေ လက်ခနဲ တောက်ပသွားအောင် လှည့်ကြည့်သည်။

"ညီမလေးတွေ အသည်းလေးတွေ လာမလုပ်နဲ့၊ ဟိုနှစ်ယောက်ကို သွားခိုင်းလိုက်တော့"

"ဟေ. . . ဘာဖြစ်လို့လဲ ! "

"ကိုကို မသိဘူးလား၊ စောစောစီးစီး. . . ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့"

"ဩော်. . . ဒါလား၊ ညီမလေးကလဲ"

"လုပ်မနေနဲ့. . . စိတ်ရှုပ်တယ်"

"ဒီလို ညီမလေးရဲ့. . . ညက"

မင်းထင်ကျော် တတ်နိုင်သမျှ နားဝင်အောင် ရှင်းပြပါသည်။ သို့သော်. . .

"အဲ့ဒါဆိုလည်း အခန်းတံခါး မပိတ်နဲ့လေ. . ."

"မပိတ်လို့ မဖြစ်ဘူးလေ၊ ဟို. . . မိုးညိုက. . ."

မင်းထင်ကျော် လွှတ်ခနဲပြောဖို့ သီသီကလေး။ အချိန်မီ ဘရိတ်အုပ်ပြီး. . .

"ဟို. . . ဟိုကွာ၊ ရှင်းရှင်းပြောရရင် အိမ်မှာ ညီမလေးရှိတော့ ကိုကိုက စိတ်မချလို့. . . သော့ခတ်ပြီးအိပ်တာ၊ ကဲ. . . ရှင်းပလား၊ သူငယ်ချင်းက သူငယ်ချင်းပဲ. . . ကိုကို့ညီမလေးကို လာထိတာမျိုးတော့ လုံးဝသည်းမခံဘူး၊ ဒါကြောင့်. . . ခုရှုပ်မှ နောင်ရှင်းဆိုပြီး သော့ပိတ်ပစ်တာ"

ပြောရင်းနှင့်. . . နှမဖြစ်သူ၏မျက်နှာကိုလည်း အကဲခတ်ရသည်။ တော်ပါသေးရဲ့. . . အစ်ကိုလုပ်တဲ့သူက အဲ့သလောက်ဂရုစိုက်တယ်ဆိုတာမျိုး. . . နားလည်သွားပုံလေးကြောင့် ချွန်နေတဲ့နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တောင်. . . ပြေပြေပျော့ပျော့ ဖြစ်လာသည်။ ဟိုကိစ္စသာ လွတ်ခနဲ ပြောမိလျှင်. . . ဟိုကောင်တွေ ခေါင်းနဲ့ဆင်းဖို့ သေချာသွားမည်။

တော်ပါသေးရဲ့. . .။

"ကိုကို. . ."

မင်းထင်ကျော် ပေါင်မုန့်မီးကင်ဖို့ ထသွားခိုက် လှမ်းခေါ်ခြင်းဖြစ်၍. . . ရပ်ပြီး လှည့်ကြည့်သည်။

"အဲ့ဒီလူတွေ အလုပ်ရော လုပ်စားချင်စိတ် ရှိရဲ့လား ! "

မင်းထင်ကျော် ဆက်လျှောက်သွားရင်း. . .

"ရှိပါတယ် လဝန်းရယ်၊ နှစ်ယောက်စလုံး တကယ်အလုပ်လုပ်မှ ထမင်းစားရတဲ့ ဒေသတွေကနေ. . . လာခဲ့ကြတာ၊ တစ်ယောက်ဆို ဒီနေ့ အင်တာဗျူးဝင်ပြီ၊ သူတို့ကလည်း ပြောပါတယ်၊ အလုပ်ဝင်လို့ လစာရတာနဲ့. . . အပြင်မှာပဲ အခန်းငှားပြီး နေပါ့မယ်တဲ့"

"ဟင်း. . . စိတ်ကူးနဲ့ ဖဲရိုက်နေသေးတယ်၊ သူတို့လစာ ဘယ်လောက်ရလို့ အခန်းငှားနိုင်မှာတဲ့လဲ"

မင်းထင်ကျော် မီးကင်စက်ထဲ ပေါင်မုန့်မကင်တော့ဘဲ သူ့ကိုယ်သူပင်. . . ကင်ပစ်ချင်နေတော့သည်။





"မင်း တကယ်မသွားတော့ဘူးလား မိုးညို ! "

မျက်နှာတစ်ဖက်လွှဲ၍. . . ကုတင်ပေါ် မှောက်အိပ်နေသော မိုးညိုထံမှ တုန့်ပြန်သံ မကြား၍ ခရမ်း လှည့်ကြည့်လိုက်သည်။ ထို့နောက် သူ့အထုပ်ကို. . . ခုတင်ခြေရင်းမှာ ခဏချ၍. . . မိုးညို ခုတင်ရှိရာ လျှောက်သွားသည်။

"မင်း. . . ငါ့ခုတင်မှာ လာမထိုင်နဲ့"

မိုးညို၏မျက်နှာရော အသံပါ သူ့ဘက် လှည့်လာသဖြင့် ခြေလှမ်းတွေပါ. . . တုန့်ခနဲ ရပ်ပစ်ရင်း. . .

"မင်း ဒီနေ့. . . အင်တာဗျူးကိစ္စ မသွားတော့ဘူးလား ! "

ခရမ်းက. . . အတတ်နိုင်ဆုံး အသံကို ဖျော့ချ၍ ထပ်မေးခြင်းဖြစ်သည်။ သို့သော်. . . မိုးညို ချက်ချင်းပြန်မဖြေ၊ ခဏကြာမှ မာဆတ်ဆတ်အသံနှင့်. . .

"ငါ. . . ဒီနေ့ ရှာပြန်မယ်"

"ဘာကွ !! ဘာကိစ္စ ပြန်မှာလဲ ! "



www.burmeseclassic.com

www.burmeseclassic.com

“ပြန်ချင်လို့ ပြန်တယ်ကွာ ဘာဖြစ်လဲ ! ”

“မင်းကွာ. . . ကလေးကျနေတာပဲ”

မိုးညို ဝုန်းခနဲ ထထိုင်သည်။ ထို့နောက် ခရမ်းမျက်နှာကို မှုန်တေတေ မော့ကြည့်လျက်. . .

“ငါးဖလန်းက ပြောင်းပြန်မလှန်နဲ့၊ ကလေးလို ချွေးလို စည်းမဲ့ ကမ်းမဲ့ နေတတ်တဲ့. . . မင်းလိုကောင်မျိုးနဲ့ အတူမနေချင်လို့. . . ရှင်းလား ! ”

ခရမ်း တစ်ချက်တော့ အောင့်သက်သွားမိသည်။ (စည်းမဲ့ကမ်းမဲ့) ဒီစကားက. . . တစ်ဆိတ်တော့ လွန်လွန်းသည်ဟု ထင်သွားသည်။ သူ့ဗီဇအတိုင်း. . . ညစ်တီးညစ်ပတ် (မဟုတ်ဘူး). . . ဖြစ်သလို နေတတ် စားတတ်တာကလွဲလို့. . . သူတစ်ပါးကို ထိခိုက်စော်ကားတာမျိုး. . . ဘယ်တော့မှ မလုပ်။

အနည်းဆုံး. . . ကိုယ့်ပစ္စည်းကို သုံးချင်သလို သုံးမည်။ သူများ ပစ္စည်းကို. . . အပ်တိုတစ်ချောင်းပင် ယူမသုံး၊ တစ်ခန်းတည်း အတူနေ တယ်ဆိုတဲ့ အခွင့်အရေးမျိုးနဲ့. . . သူငယ်ချင်းပဲကွာ. . . ဆိုတဲ့အသိနဲ့ မိုးညို့ဆီက ဘော(လ်)ပင်လောက်ကိုပင် ငှားမရေး၊ မင်းထင်ကျော် သတ်မှတ်ပေးထားသော. . . အခန်း၏ညာဘက်ခြမ်းတစ်ခြမ်းလုံး အမှိုက် ပွချင်ပွနေမည်။ မိုးညိုပိုင်နက်ဘက်. . . စီးကရက်တစ်တိုမျှပင် ကိုယ့် ကြောင့် မရောက်စေရ။

မတော်တဆ လမ်းသွားရင်း. . . အမှိုက်တစ်စ ခလုတ်တိုက်မိ၍ မိုးညိုဖက် ရောက်သွားလျှင်တောင်. . . ကိုယ့်ဖက်ကို ခြေထောက်နှင့် ပြန်ယက်သွင်းထားခဲ့သည်။ ဒါကို စည်းမဲ့ကမ်းမဲ့တဲ့လား၊ ဘယ်သူ့အတွက် မဲ့တာလဲ၊ ကိုယ့်အတွက်ကိုယ် စည်းကမ်းမဲ့တာ. . . သူနဲ့ဘာဆိုင်လဲ ! ။

ခရမ်း တွေးရင်းက ဒေါသဖြစ်လာပြီး လည်ချောင်းတွေပါ အစ် လာသည်။ ထို့ကြောင့် ပြန်ကွာ. . . အခုပြန်လို့ ခပ်တင်းတင်း ပြောပစ်ဖို့





မိုးညိုကို လှမ်းအကြည့်. . .

“ဝေါ့. . .”

“ဝေါ့. . .”

မိုးညို ပျို့ပျို့တက်ပြီး ထိုးထိုးအန်နေသဖြင့်. . . ခရမ်းရင်ထဲက ဒေါသတွေ ထွက်ပြေးကုန်ကာ. . .

“မိုးညို ရရဲ့လား. . . ဘာဖြစ်တာလဲ ! ”

မိုးညို လက်ကာပြပြီး အန်ဖို့ အားယူသည်။ အစာတွေ အန်တာ မျိုးတော့ မဟုတ်၊ သို့သော်. . . မွေ့ယာပေါ် အန်ချတော့မလို ဖြစ်နေ၍. . . ခရမ်းပြေးသွားပြီး လက်ခုပ်ကလေးနှင့် ထိုးခံကာ. . .

“အန်ချင်အန်ချလိုက် သူငယ်ချင်း”

မိုးညို ပါးစပ်ကလေးဟ၊ လျှာဖျားလေးတစ်လစ်နှင့် သွားရည် တန်းလန်းကျကာ. . . ခရမ်းကို မျက်လုံးလှန်ကြည့်သည်။ မိုးညို မျက်လုံး အိမ်ထဲ မျက်ရည်တွေနဲ့အပြည့်၊ ပျို့ချင်အန်ချင်လျှင် ဖြစ်တတ်သော သဘာဝမို့. . . မိုးညို မျက်ရည်ဝဲတာ ခရမ်းမခံစား၊ ဒီကောင် ရောဂါ တစ်ခုခုများ ဖြစ်နေသလားဟုသာ. . . တွေးနေသည်။

ထိုအချိန်မှာပင် ဝေါ့ခနဲ ထပ်အန်ချလိုက်သည်။ အစာဟောင်း တွေတော့ မဟုတ်၊ သို့သော်. . . သွားရည်ချွဲချွဲများ ခရမ်းလက်ခုပ်ထဲ ထွေးခနဲ ကျလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၃)

ခရမ်းနှင့် မိုးညိုတို့. . . ပခုံးဖက်ပြီး စားသောက်ခန်း ဝင်လာကြသဖြင့်. . . မင်းထင်ကျော်ပင် အံ့သြသွားရသည်။ လဝန်းချို ထွက်သွားပြီးမှ. . . ဒီနှစ်ကောင် ရောက်လာ၍ တော်သေးသည်ဟူသော အတွေးနှင့် မင်းထင်ကျော် ပင့်သက်ချလျက်. . .

"ထိုင်ကြကွာ. . . အဲ့ဒီမှာ ကိုယ့်ဘာသာ ထည့်သောက်ကြ၊ ပေါင်မုန့်ကတော့ မီးကင်စားချင်ရင် ကိုယ့်ဘာသာ ထကင်ကွာ၊ ငါလည်း ငါ့ဘာသာ လုပ်စားတာ"

ဒီလောက်ဆို ရာသီဥတု မကောင်းဟု. . . မိုးညိုရော ခရမ်းပါ နားလည်လိုက်ကြသည်။ ခါတိုင်းဆို. . . လဝန်းချိုက ကော်ဖီနှင့် ပေါင်မုန့် မီးကင် အသင့်ပြင်နေကျ၊ ဒီနေ့. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက်က ဝုန်းဒိုင်းပြဿနာ လဝန်းချို့ သိသွားပုံရသည်။ နဂိုကမှ မကြည်ဖြူ. . . အစ်ကိုမျက်နှာနှင့်မို့ပေ့ါ၊ သည်ကြားထဲ ညည ယောင်ပြီး လမ်းထလျှောက်တတ်သော မိုးညိုက. . . တစ်ည အိပ်မက် ယောင်ကာ. . . အပေါ်ထပ်က လဝန်းချို့ အခန်းတံခါး သွားဖွင့်သည်။

မင်းထင်ကျော် အိပ်မပျော်သေးသည်ဖြစ်၍ တော်သေးသည်။ မိုးညိုယောင်တတ်မှန်း. . . မင်းထင်ကျော် ကြိုသိထား၍လည်း. . . တော် သေးသည်။ သို့သော် နောက်နောင် မတော်တဆတွေ ဖြစ်လာမည် စိုး၍. . . မိုးညိုနှင့် ခရမ်းတို့ အိပ်ခန်းမဝင်ခင် ကျင်ကြီးကျင်ငယ် အပြီး လုပ်ခိုင်းကာ. . . ပြီးသည်နှင့် အိပ်ခန်းတံခါးပိတ်၍. . . အပြင်ကနေ သော့ခတ်ပစ်တော့သည်။

ထိုသို့ သော့ခတ်ရသော ပြဿနာကြောင့် ဒီမနက် မိုးညိုတို့ စစ်ဖြစ်ကြသည်။ ခုတော့လည်း. . . ဘယ်လို ဂျီနီတာ အမျိုးအစားနှင့် ငြိမ်းချမ်းရေး ရကုန်သည်မသိ၊ ခရမ်းက. . . သူ့အထုပ် သူပိုက်ပြီး. . . မိုးညိုကို ပခုံးဖက်ကာ စားသောက်ခန်းထဲ ဝင်လာကြခြင်းဖြစ်သည်။

"မိုးညို. . . သောက်လေ၊ ဟိုမှာ ပေါင်မုန့်လှီးပြီးသား ကုန်ပြီ ထင်တယ်"

"ငါ ဘာမှစားချင်စိတ် မရှိဘူး ထင်ကျော်၊ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ"

"ဟေ. . . ဘယ်လိုကြောင့်လဲ၊ နေမကောင်းဘူးလား ! "

ထိုအခါ ခရမ်းက စားလက်စ ပေါင်မုန့်ကို အတင်းမျိုချပြီး ရှုံ့မဲ့မဲ့မျက်နှာနှင့်. . .

"မင်းကောင် ဆေးခန်းလေးဘာလေး ခေါ်ပြဦးကွာ၊ စောစောက လည်း အန်နေတယ်. . . အခုလည်း မစားချင် မသောက်ချင်ဆိုတော့ တစ်မျိုးကြီးကွ၊ ငါနဲ့ တစ်ခန်းတည်း အိပ်တာဆိုတော့ တော်ကြာ. . ."

"ဟော့ကောင်. . ."





မိုးညို ရှက်ပြီး ထအော်သဖြင့် ခရမ်း ဇက်ပုပြီး ကော်ဖီငုံ့ သောက်သည်။ မင်းထင်ကျော်က. . .

"ဒီလိုလုပ်ကြည့်ပါလား. . . ကိုယ့်ဘာသာ တစ်ယောက်ထဲ အဖြေထုတ်လို့ရတာ ရှိတယ်. . . ဆီးစစ်တာလေ"

"ဟား. . ကွာ. . ."

မင်းထင်ကျော်တို့ တခွိခွိ ရယ်ကြသည်။

ဧည့်ခန်းထဲက ဖုန်းမြည်သံကြောင့် မင်းထင်ကျော်တို့ အရယ် ရပ်ပြီး. . . နားစွင့်လိုက်ကြသည်။ ထို့နောက်. . . မင်းထင်ကျော် ဧည့်ခန်း ဘက်သို့ ထလျှောက်သွားလေသည်။ ခရမ်းက. . .

"စားချင်ချင် မစားချင်ချင် တစ်ခုခုတော့ စားလိုက်ကွာ မိုးညို၊ အစာမရှိလို့ လေခံသွားရင် ရောဂါတစ်မျိုး ထပ်တိုးနေဦးမယ်"

"နေပစေတော့ကွာ. . . အပြင်ထွက်ရင်း စားချင်စိတ် ရှိမှပဲ စားတော့မယ်"

"ခရမ်းရေ. . . မင်းရဲ့ဖုန်းကွ"

ဧည့်ခန်းဆီမှ မင်းထင်ကျော် လှမ်းခေါ်သံကြောင့် ခရမ်း သူ့ အထုပ် သူဆွဲကာ. . . ပြေးထွက်သွားပါသည်။ မိုးညိုလည်း နောက်မှ လိုက်ထွက်လာကာ. . . သူ့အခန်းဆီ ပြန်လာခဲ့တော့သည်။

မိုးညို အခန်းသို့ ပြန်ရောက်ပြီး. . . ခုတင်ပေါ် တုံးလုံးလှဲနေခိုက် မင်းထင်ကျော် အဝတ်အစားတစ်စုံအား. . . ခေါက်ရိုးမပျက်အောင် လက်ဝါးပေါ် တင်၍ယူလာကာ. . . အခန်းထဲ ဝင်လာသည်။

"ကဲ. . . ရော့. . . မိုးညို၊ ဒါလေးနဲ့ဆို မင်းသွားရေးလာရေး အဆင်ပြေမယ်ထင်တယ်"

မိုးညို ထထိုင်ပြီး လှမ်းယူလိုက်စဉ် ခရမ်း အခန်းထဲသို့ ကစိုန် ပေါက်ပြီး ဝင်လာကာ. . .

"ငါအလုပ်ရတော့မယ်ကွ၊ ဟတ်. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဘယ်က ခေါ်တာလဲ ! "

"ဟိုတစ်ပတ်က ငါတို့ လက်ဖက်ရည်ဆိုင် ထိုင်ရင်း စကားစပ်မိသွားတဲ့ ဝပ်ရှော့ဆရာလေကွာ၊ သူ့သူဌေးဝပ်ရှော့မှာ လူလိုလို့ လှမ်းအကြောင်းကြားတာ"

"ဪ. . . ငါက ဘယ်ကုမ္ပဏီကများ စောစောစီးစီး တက်ကြွနေပါလိမ့်လို့ စဉ်းစားနေတာ၊ အေးလေ. . . ဝပ်ရှော့လုပ်ငန်းလည်း ကောင်းတာပါပဲ၊ မင်းက. . . ညစ်တီးညစ်ပတ် နေတတ်တဲ့ကောင်ဆိုတော့ မင်းနဲ့လည်း ကိုက်ပါတယ်"

မင်းထင်ကျော် စကားစပြတ်သွား၍ မိုးညိုက. . .

"မဒေရှိရာ မဒေစုတာပဲ. . . ဆိုတဲ့စကားက မှန်သားကွနော"

မိုးညို ဖရီးကစ် လှမ်းကစ်လိုက်မှန်း ခရမ်းသိသော်လည်း ပြန်မချေပ။ လေကလေး တချွန်ချွန်နှင့်. . . ခုတင်အောက်ထဲက အဝတ်အစားအိတ်ကို ဆွဲထုတ်၍. . . သူ၏ပရုပ်လုံး နှပ်ထားသောဝတ်စုံတို့ကို ရွေးချယ်နေလေ၏။ မင်းထင်ကျော်က မိုးညိုဖက် လှည့်၍. . .

"မင်းရော ဘယ်ချိန်ထွက်မှာလဲ ! "

"ကိုးနာရီလောက် သွားမယ်"

"အေးကွာ. . . ငါ့ကောင်တွေ မြန်မြန်အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်"

"ဘာလဲ. . . မင်း မကျွေးနိုင်တော့ဘူးလား ! "

"ငါက ကျွေးနိုင်တယ်၊ မင်းတို့က မစားနိုင်တာ"

ခရမ်း အဝတ်အစားလဲရင်း အသံခပ်အုတ်အုတ်နှင့်. . .

"စားနိုင်အောင် ဆွမျိုးတော်လိုက်မယ်လေ"

မင်းထင်ကျော်က လက်သီးထောင်ပြလိုက်တော့၏။





# အခန်း(၄)

လဝန်းချို အပေါ်ထပ် လှေခါးအတိုင်း ဆင်းလာပြီးမှ အောက်ထပ်ရှိ ကိုကို့ဇည့်သည်အခန်းဆီမှ. . . ရယ်သံတွေကြောင့် ခြေလှမ်းတုံ့သွားသည်။ သူမ နာရီကြည့်လိုက်သည်. . . ရှစ်နာရီခွဲ။ သူတို့ မထွက်ကြသေးဘူးကိုး။

လဝန်းချို စိတ်ရှုပ်သလို တိုးတိုးညည်းတွားရင်း. . . နောက်ပြန်လှည့်ဖို့ ပြင်လိုက်စဉ်. . . ခြံရှေ့၌ ကားရပ်သံ ကြားရ၍. . . ပြန်လှည့်ကြည့်မိသည်။ သို့သော်လည်း ခြံရှေ့ကို ကောင်းစွာမြင်နိုင်ဖို့. . . အောက်ထပ်ကို ဆင်းရပေဦးမည်။ ထို့ကြောင့်. . . သူမ ဆင်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လဝန်းရေ. . ."

"ဟဲ့. . . တောသူမ၊ ဒီမှာ လူခေါ်ခေါင်းလောင်းဟဲ့. ."

"သွားမနှိပ်နဲ့. . . တိပ်ကပ်ထားတာ ပျက်နေလို့ ဖြစ်မယ်. . . ဓာတ်ကြိုး ဓာတ်လိုက်လို့ ကပွလီမ ဖြစ်သွားဦးမယ်"

"ဒါဆို အော်ခေါ်ဟာ. . . ဟဲ့. . . အိမ နင့်အသံ ပိုကျယ်တယ် အော်လိုက်"

လဝန်းချို ဧည့်ခန်းထဲမှ လှမ်းကြည့်ပြီး အပြင်သို့ ပြေးထွက်လာခဲ့သည်။ အိမ၊ သီတာ၊ လင်းလင်းသာ၊ မေပျို၊ သူမ အတန်းဖော်သူငယ်ချင်းများ. . . သူမ နှစ်ရက်ဆက်တိုက် ကျောင်းပျက်နေ၍. . . လိုက်လာကြခြင်း ဖြစ်သည်။

"လ. . . ဝန်း. . ."

သူမ ထွက်လာတာ မြင်လိုက်သဖြင့် အိမ အသံတစ်ဝက်နှင့် ရပ်သွားသည်။

"ဟဲ့. . . မိန်းမတွေ၊ ဒါ နင်တို့နေတဲ့ရပ်ကွက်လိုများ အောက်မေ့နေလား"

"အံမာ. . . ကျောင်းပြေးမက ကြီးကျယ်လို့၊ ဘယ်ရပ်ကွက် ဖြစ်ဖြစ် လူနေတဲ့ရပ်ကွက်တွေချည်းပဲ. . . နတ်နေတဲ့ရပ်ကွက်ရယ်လို့ မရှိဘူး"

"ရှိတယ်"

အသံက လဝန်းချို၏နောက်မှဖြစ်၍. . . လဝန်းချို လှည့်ကြည့်ရာ ခရမ်းကို တွေ့သွားသည်။

"နတ်တွေချည်းပဲ နေတဲ့ရပ်ကွက်ရှိတယ်"

ခရမ်းက လဝန်းချိုကို မကြည့်ပဲ သူမသူငယ်ချင်းတွေဖက် လှမ်းကြည့်၍ ဆက်ပြောသဖြင့် အိမက. . .

"ဘယ်မှာလဲ ! "





"တောင်ပြုံးမှာ. . ."

"အပိုတွေ"

"သြော်. . . မယုံရင် နတ်ကတော်တစ်ယောက်ကို မေးကြည့်. ."

လဝန်းချို နှုတ်ခမ်းလေး စူပြီး ခြံတံခါး ဖွင့်လိုက်သဖြင့်. . . ခရမ်း ခြံအပြင်သို့ ထွက်ကာ. . . အိမတို့အဖွဲ့အား ပြုံးပြ၍ ဆက်လျှောက်သွားလေသည်။

အိမတို့အုပ်စု ဝင်လာကြပြီး. . .

"ဟဲ့. . . အဲဒါ နင့်အစ်ကိုလား ! ပရုပ်လုံးအနံ့ တော်တော်ကြိုက်ပုံရတယ်"

"သွားစမ်းပါဟာ. . . ငါ့အစ်ကိုက ဒီလောက် စုတ်ပြတ်မလား"

"မစုတ်ပါဘူးဟယ်. . . ဘောထုပ်နီးနီးလောက်တော့ လတ်ပါတယ်"

"အဲ့ဒါ ငါ့အစ်ကိုနဲ့ အတူတူ ကျောင်းပြီးတဲ့ သူငယ်ချင်းထဲမှာ တစ်ယောက်ကျန်သေးတယ်"

"သြော်. . . နင်ပြောတာ သူတို့ကိုး"

"ဟုတ်တယ်. . . သူတို့ကြောင့် ငါလည်း စိတ်ညစ်လို့ သေတော့မယ်၊ လာဟာ. . . ငါတို့ ခြံထဲမှာပဲ ထိုင်ကြမယ်"

"အေး. . . ကောင်းတယ်"

ထို့နောက် သူမတို့အုပ်စု နှင်းဆီအိုးတွေ အနီးရှိ ဒါန်းလွဲခုံတွင် ဝင်ထိုင်လိုက်ကြသည်။ ခုံက သုံးယောက်သာ ထိုင်လို့ရသဖြင့်. . . လဝန်းချိုက ဧည့်ခန်းထဲရှိ ကြိမ်ခုံတွေ ထုတ်ယူလာကာ. . . ချပေးလိုက်ပါသည်။

"ဟဲ့. . . လဝန်း၊ ဒီပန်းတွေ ဟိုတစ်ခေါက် ငါလာတုန်းက မရှိပါဘူး ! "

လင်းလင်းသာ အမေးကို. . . လဝန်းချို ချက်ချင်းမဖြေပါ။ ဟုတ်တော့ဟုတ်သည်။ မနှစ်က. . . လင်းလင်းသာ တစ်ယောက်တည်း အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ရောက်ဖူးသည်။ အဲဒီတုန်းက လင်းလင်းသာ အစာအိမ် ယောင်၍. . . တစ်ပတ်ခန့် ကျောင်းပျက်သွားပြီး နောက်ကျနေသော သင်ခန်းစာတွေ. . . လာကူးခြင်းဖြစ်သည်။

အမှန်တော့ ပန်းပင်သည်. . . သူမတို့ အိမ်ခြံဝင်းအတွက် အလွန်ရှားပါးသော အပင်တစ်မျိုး ဖြစ်ပါသည်။ သူမကိုယ်တိုင်လည်း. . . ပန်းကို မနှစ်သက်ပါ။ ပန်းပွင့်တစ်ပွင့် ဘယ်လောက်လှလှ. . . ဘယ်လောက်မွှေးမွှေး. . . ပန်းတွေကပေးသော ခံစားမှုက. . . သူမ စိတ်ကို ဘယ်သောအခါမျှ မလွှမ်းမိုးနိုင်ပါချေ။ သူမ တွေဝေနေသဖြင့်. . . လင်းလင်းသာက ထပ်မေးသည်။

"နင် စိုက်ထားတာလားဟင် ! "

"အို. . . ငါ ပန်းတွေကို မကြိုက်ပါဘူးနော်"

"ဒါဆိုလည်း ငါ့ကို ပေးပါလား၊ ငါကြိုက်တယ်ဟ၊ ဒီမှာ ကြည့်စမ်း. . . နှင်းဆီတွေ ရဲပြီး စိုနေတာပဲ"

"နင်လိုချင်ရင် ဟိုလူ့ဆီကိုတောင်း၊ ငါမသိဘူး. . . စိတ်မဝင်စားဘူး"

"ဘယ်လူလဲ ! "

"ကိုကို့သူငယ်ချင်း ကိုမိုးညိုလေ၊ အဲ့ဒါ သူ့ဟာတွေ၊ အဆောင်မှာ နေကတည်းက. . . စိုက်ထားတာ၊ ဒီကို ပြောင်းလာတော့. . . အဲ့ဒါတွေပါ သယ်လာတယ်လေ၊ အလကား. . . ခြံထဲမှာ လူလာရှုပ်ရုံတင် အားမရ လို့. . . ပန်းအိုးတွေပါ လာရှုပ်နေတာ"

လဝန်းချို ပြောဆိုနေတုန်း. . . ဧည့်ခန်းထဲ မိုးညို ထွက်လာပြီး တစ်ချက်ငဲ့ကြည့်သည်။ ထို့နောက်. . . ခြံလမ်းအတိုင်း အပြင်သို့ လျှောက်ထွက်သွားသည်။ လဝန်းချို လှမ်းကြည့်ပြီး. . . မျက်လုံးလေး ဝိုင်းသွားကာ. . .

"ဟင် !! ဒါ ကိုကို့အကျီနဲ့ဘောင်းဘီပဲ၊ ကြည့်စမ်း. . . ကိုကို





ရော သိရဲ့လား မသိဘူး ! "

လဝန်းချို၏စကားသံက. . . နည်းနည်းကျယ်လောင်သွား၍ မိုးညို ကြားသွားကာ. . . ခြေလှမ်းတုန့်သွားပြီး ခေါင်းမွှေးတွေတောင် ထောင်သွားသည်။ တခြားမိန်းကလေးတွေလည်း ရှိနေသဖြင့်. . . မိုးညို ရှက်မွန်သွားပြီး. . . ချက်ချင်းဖြေရှင်းရန် ပြန်လျှောက်လာခဲ့သည်။ သူမတို့နား ရောက်မှ. . . နီရဲနေသော မျက်နှာကို ငုံ့ချလျက်. . .

"အမှန်တော့. . . ငါလည်း မဝတ်ချင်ပါဘူး လဝန်းချို၊ အဲဒါ ကြောင့် ဒီမနက် လူတွေ့သွားဖို့ကိစ္စကိုတောင်. . . မသွားတော့ဖို့ ဆုံးဖြတ် ထားတာ၊ ထင်ကျော်က. . . ဝတ်သွားပါဆိုလို့ ဝတ်တာ၊ ထင်ကျော် ပေး ဝတ်တာပါ"

ထိုအခါ လဝန်းက ခပ်ငေါ့ငေါ့လေသံနှင့်. . .

"ဒါဆိုလည်း ပြီးတာပဲလေ. . . ရှင့်ကို ကြည့်ရတာ အတော် ရှက်ရွံ့နေပုံပဲ၊ ရှက်တတ်ရင်. . . သူများအဝတ် ငှားဝတ်စရာမလို အောင်. . . ကြိုးစားပေါ့"

မိုးညိုရင်ထဲ. . . အောင့်သက်သွားမှုက နှလုံးအိမ်အထိ စူးနစ် ဝင်သွားသည်။ သူငယ်ချင်း၏ညီမ. . . ဆိုသောအသိ၊ ကိုယ်တိုင် နိမ့်ပါး သိမ်ငယ်မှုအား သည်းခံချုပ်တည်းထားရသော အသိစိတ်က. . . သူ၏ ခန္ဓာကိုယ်အား. . . ပြင်းပြင်းထန်ထန် ရိုက်လှဲနေကြသည်။

ဧည့်ခန်းထဲက မင်းထင်ကျော် ထွက်လာပြီး. . .

"ဟင်. . . မိုးညို မသွားသေးဘူးလား ! မင်းနောက်ကျနေပြီ"

ပြောရင်းနှင့် မင်းထင်ကျော် လျှောက်လာကာ. . . မိုးညိုပခုံးကို ဖက်၍ခေါ်ထုတ်သွားသည်။ ခြံအဝင်ဝ ရောက်မှ မင်းထင်ကျော်က. . .

"မင်းကိုက ကံဆိုးပါတယ်ကွာ၊ ငါအကုန်ကြားတယ်၊ ညီမလေး အတွက် ငါတောင်းပန်ပါတယ် သူငယ်ချင်း"

"ရ. . . ရပါတယ်၊ ကဲ. . . ငါသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး. . . အပိုင်ဖြေခဲ့နော် သူငယ်ချင်း"

မိုးညို ခေါင်းညိတ်ပြ၍ ဆက်လျှောက်လာခဲ့သည်။ မင်းထင်ကျော်၏ သူငယ်ချင်းပီသသောစိတ်ကြောင့်. . . စောစောက အဖြစ်အပျက်အားလုံး. . . သူ့စိတ်က ဖျောပစ်နိုင်ခဲ့သည်။ သို့သော်. . . သူ့ရင်ထဲမှာ ညှစ်ထားသလို. . . ဖြစ်ကျန်နေခဲ့သည်။ ထိုခံစားမှုကြောင့် တစ်ချက်တစ်ချက် ပျို့ပျို့တက်လာပြီး. . . ဒူးတွေပါ ညွတ်ကျသွားချင်မိသည်။ ဒါဘာဖြစ်တာလဲ. . . ယောက်ျားတစ်ယောက် လုပ်နေပြီး ဒီလောက်ပျော့ညံ့ရသလား ! ။

မိုးညို ကိုယ့်ကိုယ်ကို မကျေနပ်၊ သို့တိုင်. . . သူကိုယ်တိုင်သူ့ကိုယ်သူလည်း နားမလည်နိုင်တော့ချေ။

၅ ၅ ၅ ၅





မင်းထင်ကျော် ပြန်လှည့်လာပြီး အိမ်ထဲ မဝင်ဘဲ ရယ်ပွဲဖွဲ့နေကြသော. . . လဝန်းချိုတို့ အုပ်စုထံ. . . တိုက်ရိုက်လျှောက်သွားသည်။ မင်းထင်ကျော် လျှောက်လာ၍. . . လဝန်းချိုတို့ အရယ်ရပ်ပြီး. . . မော့ကြည့်ကြသည်။ မင်ထင်ကျော် ပင့်သက်တစ်ချက် ရှိုက်သွင်းပြီးမှ. . .

"ညီမလေး. . . ကိုကိုနဲ့ ခဏလိုက်ခဲ့မလား၊ ဒီမှာပဲ ပြောရမလား ! "

လဝန်းချို ငုံ့လင့်နေသလို မျက်နှာမှ. . . ထိမထင်သော အမူအရာဘက် ပြောင်းလိုက်ကာ. . . မျက်နှာလေးအား ချိချိမော့မော့ လုပ်၍ တစ်ဖက်လွှဲလျက်. . .

"စောစောကကိစ္စ မဟုတ်လား၊ ကိုကို့လူ ဘာပြောသွားသို့လဲ"

"သူဘာမှပြောမသွားဘူး၊ ကိုကိုကပဲ ပြောချင်တာ"

"ဒါဆို ပြောလေ၊ ဘာပြောချင်လဲ ! "

"ကောင်းပြီ ညီမလေး. . . စိတ်မဆိုးရဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ"

"ကဲ. . . ညီမလေး လမ်းလျှောက်သွားရင်း ကောင်လေးတွေ အုပ်စုရှေ့ကျမှ ခလုတ်တိုက်ပြီး. . . မှောက်ရက် လဲကျတယ်ဆိုပါစို့၊ ကောင်လေးတွေကလည်း. . . မညှာမတာ ဝိုင်းလှောင်ပြီး ရယ်ကြတယ်၊ ညီမလေး ဘယ်လိုခံစားရမလဲ ! "

လဝန်းချို ပြန်မဖြေပဲ နှုတ်ခမ်းစူထားပစ်လိုက်သည်။ မင်းထင်ကျော်က ဆက်၍. . .

"လူမှန်ရင် သူတောင်းစား ဖြစ်နေပစေ အရှက်ရှိတယ်. . . သိက္ခာရှိတယ် ညီမလေးရဲ့၊ လူကြားထဲ လိုက်တောင်းရမ်းစားသောက်နေလို့. . . အရှက်သိက္ခာ မရှိဘူးမထင်နဲ့၊ အရှက်သိက္ခာကို ရောင်းချ စားသောက်လို့. . . ရတဲ့နေရာကို မသွားချင်လို့. . . ရိုးသားစွာ တောင်းရမ်းစားသောက်နေခြင်းဟာ. . . အရှက်နဲ့သိက္ခာကို ထိန်းသိမ်းထားခြင်း တစ်မျိုးပဲ၊ အခုလည်း မိုးညိုကိစ္စ. . . ညီမလေးကို[illegible]က်က ပြောပြပြီးပြီ၊ အခု သူသွားနိုင်အောင်. . . ကိုကို့အဝတ်တစ်စုံ ငှားပေးလိုက်တယ်၊ ဒါကို ညီမလေးက မိန်းကလေး သူငယ်ချင်းတွေရှေ့မှာ. . . အရှက်ခွဲပစ်သလို လုပ်လိုက်တာ. . . နည်းနည်းလွန်တယ်ကွာ၊ နောက်နောင်. . . ဒီလိုမျိုး ထပ်မဖြစ်ရအောင် ကြိုးစားပေးပါလို့. . . ကိုကို တောင်းပန်ချင်တယ်၊ ဟုတ်ပြီလား ! "

"ကောင်းပြီလေ. . . ညီမလေးကလည်း ကိုကို့ကို ပြောချင်တယ်၊ ကိုယ့်ညီမ အပျိုလေးတစ်ယောက်လုံး. . . အိမ်မှာ ရှိပါလျက်နဲ့ တစိမ်းယောကျ်ားနှစ်ယောက်. . . အိမ်ပေါ် ခေါ်တင်ထားတာ တဆိတ်လွန်လွန်းတယ်လေ၊ အဲဒီတော့. . . ကိုကို မကြိုက်တာ နောက်မလုပ်တော့ဘူးလို့. . . ညီမလေး ကတိပေးမယ်၊ ကိုကိုလည်း ကိုကို့လူတွေကို. . . နောက်တစ်ပတ်အတွင်း ဒီအိမ်က ဖယ်ပေးပါ"

"မဟုတ်ဘူးလေ. . . ဒီကိစ္စ ဆွေးနွေးထားပြီးပြီပဲ၊ သူတို့ အလုပ်





ရရင်. . . "

"ညီမလေး မစောင့်နိုင်ဘူး၊ မကျေနပ်ရင် ဒယ်ဒီတို့ကို လှမ်းတိုင်လိုက်၊ မိလဝန်း ပြောစကား နားမထောင်ဘူးလို့. . . ဟွန်း"

"တောက်. . . လဝန်း"

"ကိုကိုနေဘ်. . . လာပြီး တောက်မခေါက်နဲ့"

မင်းထင်ကျော် ရင်ထဲ လိပ်တက်လာသော ဒေါသကို အနိုင်နိုင်မျိုချလိုက်ရသည်။ ထို့နောက်. . . ခြေလှမ်းကျဲကြီးများဖြင့် ဧည့်ခန်းထဲ ဝင်လာခဲ့တော့သည်။

လဝန်းချို မဲ့ရွဲ့၍ မျက်စောင်းလှမ်းထိုးပြီး. . . သူငယ်ချင်းမတွေဘက် လှည့်ကာ. . .

"အလကားပါဟာ. . . နင်တို့ ပြန်သွားရင် ငါ့ကို လာချော့ပြလိမ့်မယ်"

"ဒါပေ[illegible]နင်လွန်တယ် လဝန်း"

လင်းလင်းသာ၏စကားကြောင့် လဝန်းချိုမျက်မှောင်တွန့်ပြီး. . .

"အမယ်. . . နင် ဘာသိလို့လဲ ! "

"အခု သိပြီပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အစ်ကို မျက်နှာမပျက်အောင် နည်းနည်းတော့ သည်းခံရမှာပေါ့"

"ဟုတ်သားပဲ လဝန်းရယ်"

လင်းလင်းသာ၏စကားကို. . . အိမတို့ မေဖျူတို့ကပါ သံယောင်လိုက်၍ထောက်ခံကြသဖြင့်. . . လဝန်းချို မကျေမနပ် ဖြစ်သွားကာ. . .

"ဘာလဲ. . . နင်တို့က ငါ့အစ်ကိုဘက်က ပါရအောင် ကိုကို့ကို ကြိုက်နေကြလို့လား ! "

"ဟုတ်တယ်. . . ဘာဖြစ်လဲ ! "

လေးယောက်လုံး တစ်ပြိုင်တည်း ပြောလိုက်၍ လဝန်းချို မျက်လုံးပြူးသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်၊ အေး. . . ငါသွားပြောမယ်၊ ကိုကို့ကို ဟိုကောင်မတွေ ဝိုင်းကြိုက်နေကြတယ်လို့"

"ဟဲ့. . . ဟဲ့"

ပြောပြီး လဝန်းချိုတစ်ယောက် မရပ်သဖြင့် အားလုံး ဝိုင်းဆွဲကာ ထရပ်လိုက်ကြသည်။

"လဝန်းနော်. . . ငါတို့က နောက်တာ၊ ကဲ. . . ငါတို့ရောက်တာလဲ ကြာနေပြီ၊ ဘာမှ မကျွေးတော့ဘူးလား ! "

"အမြင်ကတ်လို့ မကျွေးဘူး၊ အလကားဟာမတွေ. . . ကိုယ့်သူငယ်ချင်းဘက်က မပါပဲနဲ့"

"ကဲ. . . ကဲ. . . ပါမယ် ပါမယ်၊ တစ်ခုခု ကျွေးဟာ၊ ဗိုက်ဆာတယ်. . . စားပြီးရင် သီချင်းဆိုမယ်"

"အဲဒီအစီအစဉ် ကောင်းတယ်ဟဲ့. . . ခစ်ခစ်ခစ်"

လဝန်းချို မျက်နှာလေး မဲ့ထားသော်လည်း [illegible]က ပြုံးချင်ချင်နှင့်. . . ဧည့်ခန်းထဲ ဦးဆောင်၍ ခေါ်လာခဲ့ပါသည်။





## အခန်း(၅)

ကြွက် စိကြွက်စိအသံများ ဧည့်ခန်းထဲ စီးဝင်လာ၍ မင်းထင်ကျော် အပေါ်ထပ် လှေကားထိပ်မှ. . . အသာအယာ ချောင်းကြည့်လိုက်သည်။

လဝန်းချိုနှင့် အတန်းဖော် သက်တူရွယ်တူတွေ ဖြစ်၍ လဝန်းချို လောက်နီးနီး ကလေးဆန်သောလူတွေဟု. . . မင်းထင်ကျော် တွေးထင်လိုက်မိသည်။ ခုလည်းကြည့်. . . ဧည့်ခန်းနှင့် စားသောက်ခန်းဆီ ဝင်လိုက်ထွက်လိုက်. . . ရယ်လိုက်မောလိုက်နှင့်. . . လဝန်းချို ကျောက်ကျော တစ်ပန်းကန် ကိုင်ပြီးထွက်လာတော့မှ. . . ငါးယောက်စလုံး ဧည့်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စုပြုံသွားသည်။

တီဗီ၏ရှေ့ချထားသော ဆက်တီခုံတွေ. . . ရွှေ့ကြသည်။ ပြောင်ရှင်းသွားသော ညှော့ခန်းကြမ်းပြင်ပေါ်. . . ကျောက်ကျောပန်းကန် ချပြီး ငါးယောက်ဝိုင်းထိုင်လိုက်ကြတော့သည်။

"ဟဲ့. . . သီချင်းဆိုမယ်လေ"

"အေးပါဟဲ့. . . ဒီမှာ စားကြပါဦး"

"နင့်ကျောက်ကျောက ငါးလွှာတောင်နော်"

"အင်းလေ. . . မနေ့က ငါတစ်ယောက်ထဲ ပျင်းလို့ ထွင်ပြီး လုပ်ကြည့်တာ၊ ကောင်းတယ် မဟုတ်လား ! "

"မဆိုးပါဘူး. . . အလယ်က နည်းနည်းချဉ်တယ်"

"အအီပြေအောင်လို့လေ ! "

"နင့်ဟာက ကြံကြံဖန်ဖန်ဟယ်၊ တော်ကြာ နို့နဲ့အချဉ်နဲ့ ဖောက်ပြီး အီးတွေ ပန်းကုန်ဦးမယ်"

"လုပ်မနေနဲ့. . . နင်တို့ အုန်းနို့ခေါက်ဆွဲ စားရင် သံပရာသီးညှစ်စားသေးတယ် မဟုတ်လား ! "

"ဟဲ့. . . ဒါက နွားနို့ဟဲ့"

"တော်ပြီဟာ. . . စားချင်စား မစားချင်နေ၊ စေတနာနဲ့ ကျွေးရင် သေဆေးတောင် စားရသေးတာ"

"အေးပါ. . . စားပါ့မယ်၊ ကဲ. . . လုပ်. . . စက်ဖွင့်တော့၊ ငါ ဆိုချင်လှပြီဟ"

သို့နှင့် လဝန်းချို ကာရာအိုကေစက် ဖွင့်ပေးသည်။ ကောင်မလေးတွေ အခွေဘူး လှမ်းယူပြီး ရွေးကြသည်။

"ဟဲ့. . . အိမ၊ နင့်အသံက တင်ဇာမော်နဲ့ လိုက်တယ်၊ နင်စဆို"

"အိုခေ"

"ငါကတော့ သီချင်းကို အိပ်ပြီးနားထောင်ရမှ နားထောင်ချင်





တာ"

"နင် မဆိုဘူးလား ! "

"ဟော့အေး. . . မဆိုတတ်ဘူး၊ နားပဲ နားထောင်ချင်တာ"

ထိုသို့ပြောပြီး မဆိုတတ်သော ကောင်မလေးက. . . ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ထသွားကာ. . . ဖုန်းခုံ နံဘေးရှိ အဝတ်ထုပ်ကို ဆွဲယူလာကာ. . . ကြမ်းပြင်ပေါ် ဘုန်းခနဲ ပစ်ချ၍. . . ခေါင်းအုံးအိပ်လိုက်ပါတော့သည်။

"ဟိုက်. . . သေပြီ !! "

မင်းထင်ကျော် ကြည့်နေရင်းက. . . မျက်လုံးပြူးသွားသည်။ အထုပ်က. . . ခရမ်း၏အထုပ်၊ မနက်က လျှော်ဖွတ်ဖို့ ပြင်ထားရင်း. . . ဖုန်းလာ၍ ဖုန်းနံဘေးမှာ မေ့ထားခဲ့ခြင်း ဖြစ်သည်။ ပြဿနာ. . . အဲ့ဒီအထဲမှာ ညက ပန်းမိုးရှာထားသော ဘောင်းဘီ. . . ရှိနေမှာ သေချာသည်။ မင်းထင်ကျော် စိတ်ညစ်သွားသလို ခေါင်းကုတ်ပြီး. . . လှေခါးထိပ်မှ ခွာထွက်လာတော့သည်။

မေပျို အိပ်နေရာမှ ခေါင်းကို အနည်းငယ်မပြီး နှာခေါင်းလေး ရှုပွရှုပွလုပ်ရင်း. . .

"လဝန်း. . . ဒီ. . . ဒီနားမှာ အနံ့. . . အနံ့ နံသလိုပဲ၊ နင်တို့အိမ်မှာ ကြောင်ရှိလား"

"မရှိပါဘူးဟယ်. . . ဘာဖြစ်လို့လဲ"

"ငါ့နှာခေါင်းထဲမှာ ချေးစော်ကြီး နံနေတယ်"

မေပျိုစကားကြောင့် အားလုံး အနံ့ဝိုင်းခံကြသည်။ ဟိုနားရှုပွရှုပွ ဒီနား ရှုပွရှုပွ လုပ်ကြသည်။ အိမက. . .

"ငါတော့. . . ကျောက်ကျောထဲက စပျစ်နံ့သင်းသင်းလေးပဲ ရတယ်"

လင်းလင်းသာက ခံစစ်ပသည်။ သူတို့ထိုင်နေရာဘေးဝိုက် လေး



www.burmeseclassic.com

www.burmeseclassic.com

ဘက်ထောက်၍ အနံ့ခံရင်း. . . ပျို့မေနား ကပ်သွားသည်။ ထို့နောက် ဖျို့မေ ခေါင်းအုံးသော အဝတ်ထုပ်အား. . . စနစ်တကျ အနံ့ခံပြီး ရှုံ့မဲ့သွားကာ. . .

"ဟင်း. . . အနံ့က၊ ဒီ. . . ဒီအထုပ်က ဒါဘာထုပ်ကြီးလဲ ! "

အားလုံး အထုပ်နား ဝိုင်းလာကြသည်။ အထုပ်မှာ အဖြူရောင် တီရှပ်တစ်ထည်နှင့်. . . ကျကျနန ထုပ်ထား၍. . . လဝန်းချိုပင် အမျိုးအမည်မခွဲနိုင်ဖြစ်နေစဉ်. . . ခြေသွက်လက်သွက်ရှိလှသော အိမ,က. . . ဖိုးဖိုးဇတ်ဇတ် ကိုင်၍ဖြေတော့၏။

"ဟင်. . . !! "

"အား. . . အီး. . . အီအီးတွေ !! "

"ဝေါ့. . . အော့"






အထုပ်ပြဿနာ. . . နဂိုကမှ ဟိုကောင်တွေ အိမ်မှာ ရှိနေတာ မကြည်ဖြူရတဲ့ကြားထဲ ချေးထုပ်. . . ချေးထုပ်တောင် အဖတ်ထုပ်မဟုတ်ဘူး. . . အရည်ထုပ်။ ဒါကြီးသာ ပြဿနာလုပ်မိရင်. . . ဆိုသော အတွေးနှင့် အောက်ဆင်းပြီး ခပ်တည်တည် ဆွဲယူကာ. . . ရေချိုးခန်းထဲ ပစ်ထည့်ထားလိုက်မည်ဟု ဆုံးဖြတ်၍. . . အခန်းထဲက အထွက် အောက်ထပ်မှ အလန့်တကြား အော်သံများကြောင့်. . . မင်းထင်ကျော် အခန်းထဲ ပြန်ပြေးဝင်ကာ အခန်းတံခါး ပိတ်ထားလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၆)

ရွှေဂုံတိုင်ရှိ ကားဝပ်ရှော့တစ်ခုအတွင်း ခရမ်းရောက်နေခြင်း ဖြစ်သည်။ သူရောက်ရှိချိန် တစ်နာရီကျော်ကျော် ကြာသွားပြီဖြစ်သော်လည်း. . . သူ့မိတ်ဆွေ ဝပ်ရှော့ဆရာ ကိုဇာနည် ပြောစကားအရ. . . သူဌေးမရောက်သေး၊ သူစောင့်ရင်း မကြာခဏဆိုသလို. . . ဟင်းလင်းဖွင့်ထားသော အဝင်တံခါးမကြီးဆီ လှမ်းလှမ်းကြည့်မိသည်။

ကားတစ်စီး ဝင်လာတိုင်း သူဌေးရဲ့ကားများလားဟု တစေ့တစောင်း. . . အကဲခတ်ရသည်မှာ အမော. . .။ တစ်ကယ်တမ်းကျတော့. . . သူဌေးက ဖြူသလား၊ မဲသလား၊ ပုသလား၊ ရှည်သလား သူမသိသဖြင့်. . . အကဲခတ် စောင့်ကြည့်ရသည့်အလုပ်အား ငြီးငွေ့လာပြီး. . . ဝပ်ရှော့ဝင်းအတွင်း ဟိုဟိုဒီဒီ လျှောက်ကြည့်ငေးမောရင်း အချိန်ဖြုန်းနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမြင်ဖူးသမျှ ကားဝပ်ရှော့တွေထဲမှာ ဒီတစ်ခုက အတော် အဆင့်မြင့် သပ်ရပ်သည်ဟု. . . မှတ်ချက်ပေးမိသည်။ မြင်ဖူးသမျှဆိုရာတွင်. . . ရန်ကုန်ဝပ်ရှော့တွေထက် ခရမ်းမြို့ပေါ်က ဝပ်ရှော့တွေကို ဆိုလိုပါသည်။ ဟိုမှာတော့. . . တော်၏ရော်၏ ညစ်တီးညစ်ကျယ်. . . ဖြစ်တယ်ဆိုရုံလောက်. . . ဝပ်ရှော့တွေသာ များသည်။ ဒီမှာတော့. . . ဂျပန်ကားမှ ဂျပန်ကားသက်သက်။

ပေနှစ်ရာဝန်းကျင်ခန့် ရှိသော. . . ခြံဝန်းကြီးထဲ အလုပ်ရုံကြီးနှစ်လုံးအား. . . ယှဉ်လျက် ဆောက်လုပ်ထားပြီး ယာဉ်ပြင်ဆင်မှုအပိုင်းနှင့် ပတ်သက်၍. . . CHASSIS, ENGINE, TRANSMISSION, STEERING, BRAKE, SUSPENSION, BODY စသည်ဖြင့်. . . ဌာနခန်းကြီး ခုနစ်ခန်းဖွဲ့ကာ. . . ပြင်ဆင်ဖို့ ရောက်လာသော ယာဉ်များအား. . . သူ့အပိုင်းနှင့်သူ ပြင်ဆင်နိုင်ရန် စီမံထားသည်။

ယင်းတို့အနက် CAR ELECTRICAL တစ်ခုသာလျှင် အလုပ်ရုံကြီးနှစ်ခုထဲ ရှိမနေပဲ. . . ခြံအရှေ့ပိုင်းရှိ ကားရေဆေးဆီထိုး ဝိုးအလိုင်းမင့်. . . ချိန်သောနေရာကို မျက်နှာမူကာ. . . ခြံစည်းရိုး အုတ်တံတိုင်းအား ကျောပေးလျက်. . . သီးခြားအဆောက်အဦးတစ်ခုနှင့် ထားရှိလေသည်။ သို့သော် ယာဉ်အပိုပစ္စည်း ရောင်းသောအခန်း၊ အုပ်ချုပ်မှုမန်နေဂျာရုံးခန်းနှင့်ကား. . . တစ်ဆက်စပ်တည်း ဖြစ်၏။

ခရမ်းမှာ. . . ဝပ်ရှော့လုပ်ငန်းကြီးကို မြင်ရုံနှင့်ပင် လုပ်ချင်ကိုင်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေရကား. . . သူဌေးက သူ့အား အလုပ်မခန့်မှာကိုပင်. . . စိုးရိမ်လာတော့သည်။

ခရမ်း စိတ်အဝင်စားဆုံးမှာ. . . ဝပ်ရှော့အလုပ်သမားများအားလုံး. . . တူညီဝတ်စုံဖြင့် ဝတ်ဆင်ထားသော. . . စက်ပြင်ဝတ်စုံဖြစ်သည်။ ဘောင်းဘီနှင့်အင်္ကျီ တစ်ဆက်စပ်တည်းရှိပြီး. . . ထည့်စရာအိတ်များ အပေါ်အောက် ပြည့်စုံစွာ ရှိနေကာ. . . ခါးသိုင်းကြိုးပင်





ပါလိုက်သေးသဖြင့်. . . ထိုဝတ်စုံမျိုး အသစ်ချပ်ချွတ် ရာဝယ်ပြီး. . . အလုပ်လုပ်ရင်း ထမီမကြာခဏ ပြင်ဝတ်ရ၍ ငြီးငွေ့တတ်သော အဒေါ်အပျိုကြီးကို. . . လက်ဆောင်ပေးလျှင် ကောင်းလေစွ. . . ဟုလည်း တွေးထားမိတော့သည်။

"ကိုခရမ်း"

ခရမ်း အင်ဂျင်ဌာနခန်းထဲ ဝင်ကြည့်နေခိုက်. . . အပြင်မှ ခေါ်သံကြား၍ လှည့်ကြည့်စဉ် ဝပ်ရှော့ဆရာ ကိုဇာနည်ကို လှမ်းမြင်လိုက်ရ၍. . သူဌေးရောက်ပြီဟု ထင်ကာ လှည့်အထွက်. . . အင်ဂျင်ဝိုင်ခွက်ကြီးတစ်ခုအား တက်နင်းမိလေသည်။

"ဂလုံ"

"ဟာ. . .!! "

"ကိုဇာနည်ရေ. . . ခင်ဗျားညှော်သည်ကတော့ လုပ်ချလိုက်ပြန်ပြီဗျ. . ."

အင်ဂျင်ခန်းမှ လူတစ်ယောက်က. . . ကြမ်းပြင်ပေါ် ဖျစ်ပြွသွားသော အင်ဂျင်ဝိုင်အကွက်ကြီးကို ကြည့်ပြီး. . . စိတ်ပျက်သလို ညည်းတွားသဖြင့် ခရမ်း အားနာသွားကာ. . .

"တောင်းပန်ပါတယ်ဗျာ. . . ကျွန်တော် ဘာလုပ်ပေးရမလဲ ဆိုတာသာ ပြောပါ. . ."

"နေပစေတော့. . . အင်ဂျင်ဝိုင်အဟောင်းတွေ ကိစ္စမရှိဘူး၊ ခင်ဗျားကိုယ်ခင်ဗျားသာ သန့်ရှင်းတော့၊ မောင်တိုးရေ. . . ဒီမှာရှင်းစမ်းကွာ၊ သူဌေးလာရင် ပွမ်နေဦးမယ်"

ခရမ်းလည်း အားနာနာနှင့် အင်ဂျင်အခန်းထဲမှ ထွက်လာသည်။ အင်ဂျင်ဝိုင်တွေ. . . ဒူးခေါင်းနားထိ စိုပြီးနစ်သွား၍ ဖိနပ်တွေ ချော်တုန်ကာ. . . ချွတ်ကိုင်လာခဲ့သည်။ ပြဿနာက. . . စိုရွှဲနေသော အင်ဂျင်ဝိုင်တွေ. . . ခရမ်း သွားလေရာတစ်လျှောက်လုံး. . . ကျသွားသဖြင့် ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်ပြန့်နေသော အလုပ်ရုံထဲ. . . ခရမ်း စွတ်ကြောင်းကြီးက အထင်းသား။

ကိုဇာနည်လည်း ခရမ်းအဖြစ်ကို ကြည့်ပြီး. . . ဘာပြောရမှန်း မသိသဖြင့် ဘာမှမပြောတော့ဘဲ. . . ခရမ်းနှင့်အတူ လျှောက်ခဲ့သည်။ ခရမ်းတို့ အလုပ်ရုံ အပြင်ဘက် ရောက်သွားချိန်မှာ. . . အလုပ်ရုံထဲ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

"ဘိုင်း"

"ဟာ. . . အာ. . အာစိ. . . ဘောစ်ကို လုပ်ကြပါဦးဟ"

သူဌေးက. . . အလုပ်ရုံ အရှေ့ပေါက်မှ မဝင်ဘဲ အနောက်ပေါက်ဘက်မှ လှည့်ဝင်ကာ စစ်ဆေးသဖြင့်. . . ခရမ်းကျခဲ့သော အင်ဂျင်ဝိုင်များ တက်နင်းမိကာ. . . ဖင်ထောင်လဲလေတော့၏။

အခြေအနေက အတော်ဆိုးဆိုးဝါးဝါး ဖြစ်သွားသည်။ အားလုံးက အဖြစ်မှန်ကို. . . ရှင်းပြဖို့ ကြိုးစားကြသော်လည်း. . . သူဌေးက လက်မခံ။ သန့်ရှင်းရေး ညံ့ဖျင်းမှုဟု. . . ခေါင်းစဉ်တပ်ကာ အလုပ်ခန်း အသီးသီးမှ ခေါင်းဆောင်များအား သန့်ရှင်းရေး တာဝန်ကျ အလုပ်သမားနှင့်အတူတူ သူ၏ရုံးခန်း လာခဲ့ဖို့. . . ဆူဆဲပြီး ဆင့်ခေါ်လိုက်လေတော့သည်။

အလုပ်ထဲမှ. . . တန်းစီပြီးထွက်လာသော ပုဂ္ဂိုလ်များအား ကိုဇာနည်နှင့် ခရမ်းတို့က ချောင်ကပ်ပြီး ချောင်းကြည့်ကြသည်။

"ပြဿနာတော့ တက်ပြီ ကိုခရမ်းရာ. . . ကျုပ်လည်း အဖွဲ့ ခေါင်းဆောင်ဆိုတော့ လိုက်ဝင်ရမှာ. . ."

ခရမ်းလည်း သူ့ကိုယ်သူ ကျိန်ဆဲနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်သလို. . . ကိုဇာနည်အား မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ သူ့အတွက် အလုပ်ခန့်ဖို့ထက်. . . အလုပ်ရုံဝင်းထဲက မောင်းထုတ်ခံရဖို့ပဲ ရှိတော့သဖြင့်. . . တစ်စုံတစ်ခုအား အလေးအနက် စဉ်းစားပြီး. . .

"ဒီလိုလုပ်ပါ ကိုဇာနည်. . . ကျွန်တော်ပါ သူဌေးရုံးခန်းထဲ လိုက်





ဝင်မယ်. . ."

"ဟာ. . . ဘယ်ဖြစ်မလဲဗျ၊ သူက ခင်ဗျားကို တွေ့ချင်တယ်ဆိုတော့မှ ဝင်ရမှာ၊ ကျွန်တော်လည်း ခင်ဗျားကို ခေါ်ခဲ့တဲ့အကြောင်း ပြောရဦးမယ်လေဗျာ. . ."

"လာပါဗျာ. . . ကျွန်တော်ပြောသလိုသာ လုပ်ပါ၊ ကျွန်တော့်ကို တစ်ခါတည်း ခေါ်ပြီးဝင်လိုက်၊ လောလောဆယ် ကျွန်တော် အလုပ်ရခြင်း မရခြင်းထက်. . . ကျွန်တော့်ကြောင့် ခင်ဗျားတို့ အဆူအဆဲ ခံရမယ့်ကိစ္စကို ဖြေရှင်းချင်တယ်ဗျာ. . ."

"မထူးပါဘူးဗျာ. . . သူဌေးက စိမ်းစိမ်းကျက်ကျက် လွှတ်ကောတာ. . . ခင်ဗျားဘာသာ လွတ်လွတ်နေခဲ့တော့. . ."

"မနေဘူးဗျာ. . . ကျွန်တော့်ကြောင့် သူတစ်ပါး ထိခိုက်သွားတာမျိုး လုံးဝအဖြစ်မခံနိုင်ဘူး. . ."

ကိုဇာနည်က ခရမ်းကို လူထူးဆန်းသဖွယ် ကြည့်လိုက်သည်။ ခရမ်းပုံစံက ဆုံးဖြတ်ချက်ချပြီး. . . မပြင်စတမ်း ရှေ့တိုးတတ်သော လူစားမျိုးဟုလည်း. . . ထင်မြင်သွားပုံရသည်။ ထို့ကြောင့် သက်ဖိုသက်မ ချ၍. . .

"ကိုင်း. . . လာဗျာ. . . လာ. . ."

လာဗျာဆိုပြီး ကိုဇာနည် ရှေ့ကနေ ခေါင်းငိုက်စိုက်ချပြီး ထွက်နှင့်သဖြင့်. . . ခရမ်းလည်း ခေါင်းမော့၍ အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းကာ. . . နောက်က လိုက်သွားသည်။ အင်ဂျင်ဝိုင်တွေ စိုနေသော ဖိနပ်အား. . . ဘယ်ဘက်လက်ကနေ ယာဘက်လက်သို့ ပြောင်းကိုင်လိုက်သည်။

ရုံးခန်းအပေါက်ဝသို့ မရောက်ခင်ကပင် အခန်းထဲမှ. . . သူဌေး၏ဒေါသသံကို ကြားနေရချေပြီ။

"မီးလို့ စည်းကမ်းဆိုလာ မိသိသရွေ့. . . ဆီးရဲနိုင်ပါ၊ ဝ စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လယ်. . . အားကိုးဆိုးလယ်. . . မီး. . . လို့. . .”

အခန်းပေါက်ဝသို့ ခရမ်းတို့နှစ်ယောက် ရောက်သွားသဖြင့် သူဌေးက စကားဖြတ်ပြီး လှမ်းကြည့်သည်။ ဒီတော့မှပင် ခရမ်းလည်း သူဌေးဆိုသူကို. . . သေချာမြင်တွေ့ရချေပြီ။ သူဌေးမှာ အသက်ငါးဆယ် ဝန်းကျင်ခန့်ရှိပြီး. . . ဝဝပုပု၊ အသားဖြူဖြူ၊ တရုတ်လူမျိုးဖြစ်ကြောင်း. . . စကားသံကို နားထောင်ရုံဖြင့် သိသည်။

သူဌေးပေါက်ဖော်ကြီး လှမ်းကြည့်သဖြင့် အခန်းထဲ မတ်တပ်ရပ်ကာ. . . သြဝါဒ ခံယူနေသော ဝပ်ရှော့ဆရာများ. . . ခေါင်းငဲ့ကြည့်ကြသည်။ ခရမ်းကို မြင်သွား၍. . . အသံတိတ် မေတ္တာပို့ကြ၊ မျက်ထောင့်နီနှင့် ကြည့်သူကြည့်ကြသည်။ တစ်ချို့က. . . ကြည့်ချင်စိတ်ပင် မရှိတော့သလို မြင်ရုံနှင့်. . . ချာကနဲ လှည့်သွားသည်။

မည်သို့ဆိုစေ ခရမ်းက အားလုံးကို မျှတစွာ ပြုံးပြပြီး အခန်းထဲ ရဲဝံ့စွာ ဝင်လာခဲ့ပါသည်။ ခြေလှမ်းတိုင်းမှာ တရှပ်ရှပ်မြည်သောအသံက ခရမ်းအား. . . အရှိန်အဝါတစ်ခုလို ဖြစ်စေသည်။ မာန်ပါလို့တော့ မဟုတ်၊ ဘောင်းဘီအောက်ဖျားပိုင်း. . . . အင်ဂျင်ဝိုင်များ စိုထား၍ လမ်းလျှောက်သောအခါ. . . ဘောင်းဘီစချင်း တိုက်ပြီးမြည်နေခြင်းဖြစ်သည်။ ခရမ်းက အားလုံးကို ကျော်ဖြတ်၍. . . သူဌေးစားပွဲနားမှာ ရင်ကော့ပြီး ရပ်လိုက်စဉ်. . . သူဌေး၏မျက်လုံးမှေးမှေးက ပို၍ကျဉ်းသွားပြီး. . .

“မီးက. . . ဘယ်တူလဲ. . . ဘာကီးစလဲ ! ”

“ကျွန်တော့်နာမည် ခရမ်းပါ၊ သင်္ချာနဲ့ ကျောင်းပြီးထားပါတယ်၊ လာရင်းကိစ္စက သူဌေးရဲ့အလုပ်ရုံမှာ ဝန်ထမ်းလိုတယ် သတင်းကြားလို့ အလုပ်လာလျှောက်တာပါ. . .”

“ဘာ. . . မီးကို. . . ဘယ်တူက တွေ့မယ်ပြောလဲ. . . အီခု ထွက်. . .”

“ဟုတ်ကဲ့. . . ထွက်ပါ့မယ်၊ လောလောဆယ် ကျွန်တော် ဝန်ခံ





စရာ ရှိပါတယ်၊ စောစောက သူဌေးချော်လဲတဲ့ကိစ္စက. . . ကျွန်တော့်ကြောင့်ပါ၊ သူတို့နဲ့ မဆိုင်ပါဘူး၊ ကျွန်တော် သူဌေးနဲ့ တွေ့ဖို့ စောင့်ရင်း အလုပ်ရုံထဲ ဝင်လေ့လာမိပါတယ်၊ အဲဒီမှာ အင်ဂျင်ဝိုင်ခွက်ကို တက်နင်းမိပြီး မှောက်ကုန်တယ်၊ ကျွန်တော်လည်း ရွှဲကုန်တယ်၊ အလုပ်ရုံထဲမှာလည်း ကျွန်တော် လျှောက်လာတဲ့ လမ်းတစ်လျှောက် အင်ဂျင်ဝိုင် ညစ်ပတ်ပြီး ကရိကုန်ပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာပဲ သူဌေးက ရောက်လာပြီး တက်နင်းမိလို့ ချော်လဲတာပါ”

“မီး ပြောချင်လာ ပီးပီလား ! ”

“မပြီးသေးပါဘူး. . . ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းမှာ. . . အပြစ်မကင်းသူ နှစ်ယောက်ရှိပါတယ်၊ တစ်ယောက်က ကျွန်တော်ပါ၊ နောက်တစ်ယောက်က သူဌေးပါပဲ”

ခရမ်း၏စကားက အခန်းတွင်းရှိ လူအားလုံးကို တုန်လှုပ်သွားစေသည်။

သူဌေးပေါက်ဖော်မှာ တုန်လှုပ်သွားရုံတင် မကဘဲ. . . ဒေါသကြောင့် တုန်ခါသွားလေသည်။

“မီး. . . မီးစော်ကားလယ်. . . မီးစကား ဘာစကားလဲ ! ”

“သည်းခံပြီး နားထောင်ပါခင်ဗျာ. . . ပထမ အပြစ်ရှိတဲ့ ကျွန်တော်ဟာ. . . ကိုယ်နဲ့မဆိုင်သေးတဲ့ အလုပ်ခွင်ထဲ. . . ဟိုဟိုဒီဒီ လျှောက်မသွားဘူး၊ စည်းကမ်းရှိရှိ ကိုယ်နဲ့ သင့်တော်တဲ့ တစ်နေရာမှာပဲ ရပ်စောင့်နေမယ်ဆိုရင် ဒီလိုဖြစ်လာမှာ မဟုတ်ပါဘူး. . . အခု ကျွန်တော်ကြောင့် အင်ဂျင်ဝိုင်အဟောင်းတွေ ဆုံးရှုံးတယ်၊ အလုပ်ရုံ ညစ်ပတ်တယ်၊ ဝန်ထမ်းတွေ ခေါ်ပြီးဆူရတဲ့အတွက်. . . အလုပ်ခွင် နှောင့်နှေးကြန့်ကြာမှု ဖြစ်တယ်၊ ဒီအပြစ်ကို ကျွန်တော် ခံယူပါ့မယ်၊ သူဌေး ကြိုက်သလို အရေးယူပါ၊ ဥပဒေနဲ့အညီ ဆောင်ရွက်ချင်လည်း ဖြစ်တယ်. . .”

“မီး. . . မီးတော်လော့. . . မီးသွားလော့. . .”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မသွားနိုင်သေးပါဘူးခင်ဗျာ. . . သည်းခံပြီး နားထောင်ပါ၊ ဒုတိယ အပြစ်ရှိတဲ့ သူဌေးကိုစွ ကျန်ပါသေးတယ်"

"မီး. . . နော်. . ."

ခရမ်း လုံးဝဂရုမစိုက်ဘဲ သူဌေးအော်ဟစ်နေသည့်ကြားကပင် ဆက်ပြောသည်။

"သူဌေးအနေနဲ့ ငါသူဌေးပဲ. . . ငါပိုင်တဲ့အလုပ်ရုံကို လာချင်တဲ့အချိန် လာမယ်ဆိုတဲ့ပုံစံမျိုး လုပ်လို့မရပါဘူး၊ သတ်မှတ်အချိန်နဲ့အညီ လာမှသာ. . . အလုပ်ခွင့်ကို စနစ်တကျ ကွပ်ကဲနိုင်မှာ ဖြစ်ပါတယ်၊ အခု. . . သူဌေး အချိန်ကို မလေးစားတဲ့အတွက်. . . အများကြီး ဆုံးရှုံးသွားပါတယ်၊ သူဌေးသာ အချိန်ကို လေးစားရင်. . . ကျွန်တော်လည်း ဒီအဖြစ်မျိုး ဖြစ်မှာမဟုတ်ပါဘူး၊ အချိန်ကာလ၊ စည်းကမ်း၊ လုပ်အား၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ စီမံကွပ်ကဲမှု. . . စတဲ့ အောင်မြင်မှု အခြေခံမူဝါဒ(၆)ရပ်မှာ. . . သူဌေးရဲ့ပျော့ညံ့မှုဟာ အချိန်ပါ၊ ဒါကြောင့် သူဌေးမှာ အပြစ်ရှိပါတယ်၊ ကျွန်တော့်လိုပဲ အပြစ်ကို ဝန်ခံပြီး. . . ပြန်လျော်ရပါလိမ့်မယ်၊ ကဲ. . . ကျွန်တော် ပြန်လို့ရပြီလားခင်ဗျာ. . ."

သူဌေးပေါက်ဖော်ကြီး ငိုင်ကျသွားသဖြင့် အားလုံး အံ့သြကုန်သည်။ ခဏကြာမှ. . .

"မီး. . . မပြန်လဲ့၊ ကျန်တဲ့လူအားလုံး. . . ပြန်. . . အီလုပ်ဆက်လုပ်ကြ. . ."

ခရမ်းအံ့သြသွားပါသည်။ သူ့အထင် ခွေးပြောဝက်ပြော ပြောပြီး မောင်းထုတ်လိမ့်မည်ပေါ့၊ ထို့ကြောင့်လည်း. . . စိတ်ရှိလက်ရှိ တော်ကီတွေ လွှတ်နေခြင်းဖြစ်သည်။ ယခုမူ အခြားသူတွေအားလုံးအား. . . ရုံးခန်းထဲမှ ပြန်ထွက်ခိုင်းလိုက်သည်။

"ထိုင်ပါ. . ."

ခရမ်း သူဌေးစားပွဲရှေ့ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်စဉ်





သူဌေးလည်း သူ၏ဆုံလည်ခုံတွင် ဝင်ထိုင်ပြီး. . .

"မီးနာမယ်. . . ခီရမ်းနော်. . ."

"ဟုတ်ကဲ့. . ."

"မီးကို ဝကြိုက်လယ်. . ."

"ခင်ဗျာ. . ."

"ဝ သည်လိုလူမျိုး ရှာနေတာ ကြာပြီ၊ အခု. . . ဝနားမှာ ရှိတဲ့လူတွေအားလုံး ဝ ဘာပြောပြော ခေါင်းညိတ်လယ်၊ အဲဒါ မီကြိုက်ဘူး၊ ဝ မှားရင်မှားလယ်၊ သတ္တိစိစိ ထော့ပြနိုင်ရမယ်၊ မီး. . . အဲ. . . ခီရမ်း. . . ခီရမ်း စောစောက ဘာပြောလယ်၊ တင်ချာလဲ့ ကျောင်းပြီးလယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်. . . သင်္ချာနဲ့ ဘွဲ့ရထားတာပါ. . ."

ပေါက်ဖော်ကြီး လက်ဖျောက်တီးပစ်ကာ. . .

"ကြိုက်ပြန်ပြီ. . . စင်ချာနဲ့ ပီးလယ်ဆိုလော့. . . ပေးတီး ပေတီး ကောင်းကောင်းခေါက်တတ်မှာပေ့ါ. . ."

"ဟာ. . . ပေသီးတော့ မခေါက်တတ်ပါဘူးခင်ဗျာ၊ CALCULATE ကောင်းကောင်းလုပ်နိုင်ပါတယ်. . ."

"အိုခေ. . . ဝ ခီရမ်းကို အီလုပ်ခန့်မယ်. . . ကားမီပြင်ရဘူး၊ ဗီရင်း. . . စီရင်းကိုင်ရမယ်. . . မီနက်ဖန် စပြီး. . . အီလုပ်ဆင်း. . ."

"ဟုတ်ကဲ့ခင်ဗျာ. . . ကျေးဇူးတင်ပါတယ်. . . ကျွန်တော့်ကို ခွင့်ပြုပါဦး. . ."

ထိုနောက် ခရမ်း. . . ရုံးခန်းထဲမှ ထွက်လာပြီး. . . အလုပ်ရုံထဲ ပြန်ဝင်ကာ ကိုဇာနည်ကို လိုက်ရှာသည်။

"ဗျို့. . . ကိုဇာနည်. . ."

ကိုဇာနည် လှမ်းကြည့်ပြီး. . . လက်ထဲက ခွက်ကို [illegible]ခနဲ စ်ချကာ အပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ. . . ဘယ်လိုလဲ !"

"ကျွန်တော့်ကို အလုပ်ခန့်လိုက်ပြီဗျ. . ."

ကိုဇာနည် ပက်လက်လန်သွားအောင်ကို အံ့အားသင့်သွားပြီး. .

"ခင်ဗျားကတော့ အာဂလူဗျာ. . . တကယ်ပါပဲ၊ ဒါနဲ့ အလုပ်က. . ."

"ကျွန်တော် ဝပ်ရှော့ထဲ မဝင်ရဘူးဗျ. . . စာရင်းကိုင်ရမယ်လို့ ပြောတယ်. . ."

"အေးဗျာ. . . ဝမ်းသာတယ်၊ နေစမ်းပါဦး. . . ခင်ဗျား ဘယ်လို့ စိတ်ကူးနဲ့ ဒီလိုလုပ်တာလဲ. . ."

"ရှင်းရှင်းလေးပါဗျာ. . . ကျွန်တော်က အလုပ်တောင် အခန့်မခံရဘဲ ပြုတ်တော့မယ့်အတူတူ. . . စိတ်ထဲရှိရာ ပြောပစ်တာ. . . ဒါပေမယ့် အဖြေတစ်ခု တွေ့လိုက်တယ်ဗျ. . ."

"ဘာအဖြေလဲ. . ."

"အမှားကို ထောက်ပြလို့ လက်ခံတဲ့သတ္တိလေ. . . ဒါကြောင့် ပေါက်ဖော်ကြီး သူဋ္ဌေးဖြစ်နေတာ၊ ကျွန်တော်တို့လည်း ချမ်းသာကြီးပွားချင်ရင် ဝန်ခံရဲတဲ့သတ္တိသာမွေး"

ကိုဇာနည်၏ပြောနေကျစကားများ. . ထွက်လာလေမလားဟု ခရမ်း စောင့်ကြည့်သော်လည်း. . . ထွက်မလာ။ တကယ်ပဲ ဘာမှမပြောတတ်သလို. . . ရေငုံနှုတ်ပိတ်လုပ်ပြီး. . . ခေါင်းတဆတ်ဆတ် ညိတ်နေသဖြင့်. . . ခရမ်းက. . .

"ကဲ. . . ကျွန်တော်သွားပြီ၊ မနက်ဖြန်. . . ဆုံနေကျ လက်ဖက်ရည်ဆိုင်က စောင့်မယ်ဗျာနော်. . ."





## အခန်း(၇)

GREEN SOAP COMPANY L.T.D.

အဖြူရောင်အောက်ခံနှင့် အစိမ်းရောင်စာလုံး၊ အစိမ်းရောင် ဆပ်ပြာတုံး ပုံသဏ္ဌာန် ရေးခြယ်ထားသော. . . လမ်းတစ်ဖက်ရှိ. . . မြေစိုက်ပိုစတာကြီးကို ကြည့်ပြီး. . . မိုးညို စိတ်ပျက်ချင်လာသည်။

လက်က နာရီကို မျက်ခုံးရှုံ့၍. . . ငုံ့ကြည့်သည်။ တစ်နာရီ ထိုးသွားပြီ။ နွေနေ့လည်ခင်း၏အပူရှိန်က. . . တစ်လောကလုံးကို အရည် ဖျော်ပစ်ဖို့ ကြိုးစားနေပုံရသည်။ မနက်ခင်းကတည်းက လက်ဖက်ရည် တစ်ခွက်နှင့် ပေါင်မုန့်တစ်လုံးသာ ရှိသော အစာအိမ်ကလည်း. . . ဂူးဂူးဂဲဂဲ အော်မြည်နေချေပြီ။

သူ့အလှည့်ကား မရောက်သေး၊ အနီးအနား ဗိုက်ဖြည့်စရာဆိုင်



www.burmeseclassic.com

www.burmeseclassic.com

လည်း မရှိ။ သူ၏နံပါတ်က နှစ်ဆယ့်နှစ်. . . လောလောဆယ် နံပါတ်ဆယ့်ရှစ် အပေါ်တက်သွားပြီဖြစ်၍. . . ထွက်သွားလို့လည်း စိတ်မချဖြစ်နေကာ. . . အမိုးအကာ မရှိသော မြေညီထပ် လှေခါးရင်း၌ အများနည်းတူ. . . စုပြုံကာ ရပ်စောင့်နေရသည်။

သူ့နောက်မှာပင်. . . ဖြေဆိုဖို့ လူနှစ်ဆယ်ခန့် ကျန်သေးသည်။ မိန်းကလေးတွေလည်း ပါသဖြင့်. . . သူတို့တောင် ဖွဲကောင်းနေသေးတာ. . . ငါက ဘာမို့လို့လဲ. . . ဆိုသော စိတ်အင်အားနှင့်. . . အပေါ်က ဆင်းလာသူကို ငံ့လင့်နေသည်။

လူတွေ့ဖြေရမည့် ကုမ္ပဏီရုံးခန်းက ပထမထပ်ဖြစ်ပြီး တစ်ယောက်ချင်း တက်ကာ. . . အလှည့်ကျ ဖြေရသည်။ ဖြေပြီးပြန်ဆင်းလာသူအား ဘာမေးသလဲဟု. . . ဝိုင်းမေးရသည်မှာ အမော. . .။ promoter အတွက်. . . ကျား(၂၀)ဦး၊ မ(၂၀)ဦးခန့်မှာ ဖြစ်ကာ. . . ဖြေဆိုသူကျားမဦးရေ တစ်ရာခန့် ရှိနေသဖြင့်. . . လူတိုင်း ရင်ခုန်ကြရသည်။ သို့သော်လည်း အလုပ်လျှောက်သူ အချင်းချင်းတော့ ငဲ့ညှာကြပါသည်။ ဖြေဆိုပြီး ပြန်လာသူတိုင်း. . . မေးသမျှ ပြန်ရှင်းပြကြသည်။

နံပါတ်(၁၈) ဆင်းလာသဖြင့်. . . ထုံးစံအတိုင်း လှေခါးထိပ်မှ ဝိုင်းအုံမေးကြသည်။ တစ်ခုတော့ ရှိသည်၊ လူတွေ့ဖြေဆိုရန် စောင့်နေသူများအနက်. . . မိုးညိုတစ်ယောက်သာ ဘယ်သူ့ကိုမှ မမေး၊ ရောက်ကတည်းက. . . ပထမ လှေခါးထစ်ဘေးတွင် ကပ်ထိုင်ပြီး. . . နေရာပင်မရွေ့။ သို့သော် သူ့ရှေ့မှာပင် မေးကြမြန်းကြ၍. . . မိုးညို ကြားနေရပါသည်။ ဒါကိုပင် မိုးညို စိတ်ပျက်နေခဲ့သည်။ နံပါတ်(၁၈)က ယောကျ်ားလေး. . .။

"ဟဲ့. . . ဟဲ့. . . ဘာမေးလဲဟင်"

"မင်းဂျီးဒေါ်နဲ့ ငါ့ဂျီးဒေါ် ပေါင်းမိရင် ဘာဖြစ်မလဲတဲ့"

"ဟောတော့. . . မေးခွန်းကြီးကလည်း၊ အဲဒါ ဘယ်လိုဖြေလိုက်





လဲ. . ."

"အတင်းတုတ်ကြမယ်လို့ ဖြေလိုက်တယ်. . ."

မေးသူတွေ သောခနဲ ရယ်ကြသဖြင့် မိုးညိုလည်း စိတ်ပျက်နေသည့်ကြားက ပြုံးမိသည်။

"ဟဲ့. . . နောက်တော့ရော. . ."

"ခြသေ့်တစ်ကောင်မှာ သွားဘယ်နှစ်ချောင်း ရှိလဲတဲ့. . . ကျွန်တော်လည်း. . . ကျားရဲ့သွားအရေအတွက်နဲ့ အတူတူပဲလို့ ဖြေလိုက်တယ်. . ."

"မှန်လားဟင်. . ."

"ဘယ်သိမလဲ. . . သူလည်း ကျားပါးစပ် ဖြဲမကြည့်ရဲပါဘူး. . ."

"ခိ ခိ ခိ. . ."

ရယ်ကြပြန်သည်၊ မိုးညို စိတ်တွေညစ်ပြီး. . . ခေါင်းတွေချည်းဖိကုတ်သည်။ ညစ်လည်း ညစ်လောက်သည်။ လူတွေ့ဖြေဖို့ သူတစ်ညလုံး ကျက်မှတ်ခဲ့ရသော. . . ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးနယ်ပယ် အကြောင်း၊ နိုင်ငံတကာ သုတအကြောင်း. . . ဖြေဆိုပြီးသူများထံမှ တစ်ခုမျှမကြား။ စိတ်ကျန်းမာရေးဆေးရုံရှိ လူနာဆောင်များ၌သာ. . . ကြားလေ့ကြားထ ရှိသော. . . စကားများသာ ကြားနေရလေသည်။

"ဒုက္ခ. . . ကုမ္ပဏီ အင်တာဗျူး ဖြေနိုင်ဖို့ စိတ်မနှံ့တဲ့သူကိုပဲ ဝိုင်းကျူရှင် သင်ခိုင်းရမလိုလို ဖြစ်နေပါလား. . ."

"ရှင်က. . . နံပါတ် နှစ်ဆယ့်နှစ်နော်. . ."

မိုးညို မော့ကြည့်လိုက်တော့ ချစ်မက်မူးဖွယ်ရာ မျက်ဝန်းအလှလေးနှင့် ဆုံမိသွားကာ. . . ကပျာကယာ ခေါင်းညိတ်လိုက်သည်။

"ကျွန်မက နှစ်ဆယ့်သုံးဆိုတော့ ရှင်ပြီးရင် ကျွန်မအလှည့်ပဲ. ."

မိုးညို ထပ်ပြီးခေါင်းညိတ်ပြန်သည်။ ထို့နောက် သူမ၏ လေသံကို အနည်းငယ် နှိမ့်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့ ဟိုဘက် ခဏလောက် လိုက်ခဲ့ပါလား. . ."

မိုးညို တစ်ချက်ကြောင်အ,သွားပြီးမှ. . . မိန်းကလေးကို အားနာစိတ်နှင့်. . . ထလိုက်လာခဲ့သည်။ အဝေးကြီးတော့ မဟုတ်၊ မြေညီထပ်တစ်ခန်းကျော်လောက်မှာ ရပ်သွားသည်။

မိန်းကလေးက သူ၏အကျီကို စေ့စေ့ကြည့်လျက်. . .

"ရှင်စိတ်မဆိုးနဲ့နော်. . . ဒီအကျီက. . . ဝယ်ဝတ်တာလား၊ ငှားလာတာလားဟင်. . ."

"ဗျာ. . .‼"

မိုးညိုမျက်နှာတစ်ခုလုံး ဖြတ်ရိုက်ခံရသည့်နှယ် ထူပူစပ်ဖျဉ်းသွားပြီး မိန်းကလေး၏မျက်နှာကို. . . မကြည့်ရဲလောက်အောင် ဖြစ်သွားသည်။

"ဒီအကျီက ကိုမင်းထင်ကျော်ကို မွေးနေ့အမှတ်တရအဖြစ် ကျွန်မလက်ဆောင်ပေးထားတာပါ၊ ရှင်မယုံရင်. . . အကျီလက်ဖျားအတွင်းဘက်ကို လှန်ကြည့်လိုက်၊ ဘယ်ညာနှစ်ဖက်စလုံးမှာ. . . အင်္ဂလိပ်အက္ခရာ(M)ကို ရွှေရောင်စာလုံးလေးတွေ ထိုးထားတာ တွေ့ရလိမ့်မယ်"

မိုးညို အရှက်သည်းစွာဖြင့် အဓိပ္ပါယ်မရှိတာ. . . ဘာလို့ ကြည့်ရမှာလဲဟု. . . ငြင်းပစ်ဖို့ စဉ်းစားလိုက်သည်။ သူမ လူကဲခတ် အလွန်တော်ပါသည်။ လှစ်ခနဲ ပြုံးလိုက်ပြီး. . .

"ရှင်အရှက်ကွဲမှာစိုးလို့ ဒီဘက်ခေါ်လာတာနော်. . . ငြင်းရင် ကျွန်မကရှုမစိုက်နိုင်တော့ဘူး. . ."

ဒုက္ခပဲ. . . ဒုက္ခပဲ၊ ငါဘာတွေဖြစ်နေတာလဲ၊ ငါဘာလို့ ဒီလောက်တောင်. . . ကံဆိုးမိုးမှောင် ကျနေရတာလဲကွာ. . . သေချင်တာပဲ၊ တွေးရင်းနှင့် နှလုံးအိမ်ဆီမှ စူးနစ်စွာ ခံစားရမှုကြောင့် အသားတွေပါ ဆတ်ဆတ်တုန်ကာ. . . ချွေးစေးများပင် စို့ပြန်လာသည်။ မိုးညို အံကို တင်းတင်းကြိတ်ပြီး. . . လက်မောင်းပေါ် ရှိ စပို့ရှပ် အကျီလက်ဖျားအား ကတုန်ကယင် လှပ်ကြည့်လိုက်ရ၏။





(M,)ဟု ရေးထိုးထားသော ရွှေရောင်စာလုံးက မိုးညိုအား တစ္ဆေတစ်ကောင်၏မျက်လုံးတစ်လုံးလို လှမ်းကြည့်သဖြင့်. . . မိုးညို လန့်ဖြတ်ကာ ပြန်ဆွဲချထားသည်။ ထို့နောက်. . . သူမကို ရှက်ရွံ့နာကျင်စွာ ကြည့်လျက်. . .

"ခင်ဗျားပြောတဲ့ဒီအတိုင်းပါပဲ. . . ကျွန်တော် အခု. . . ပြန်ချွတ်ပေးရမလား !"

"ဟင့်အင်း. . . အခု. . ရှင် လူတွေ့ဝင်ဖြေမှာဆိုတော့ ပြီးမှပဲ ချွတ်ပေးပါ. . ."

ပြောပြီး သူမလှည့်အထွက်. . . ပြောစရာကျန်နေသလို ရပ်၍ မျက်နှာလေး ပြန်ငဲ့ကြည့်ပြီး. . .

"သြော်. . . ကျွန်မကို အကျီ ပြန်မပေးခင် ရှင့်သူငယ်ချင်းဆီ ဖုန်းနဲ့ အကြောင်းကြားလိုက်ပါဦး၊ မီယာလို့ ခေါ်တဲ့. . . မိန်းကလေး တစ်ယောက်က သူ့အကျီကို ပြန်တောင်းသွားတယ်လို့. . ."

မိုးညို ဇက်ကျိုးသွားပြီး တောင့်တောင့်ကြီး ရပ်ကျန်ရစ်ခဲ့သည်။ ရင်ဘတ်တစ်ခုလုံး တင်းကြပ်ကာ ပျို့တက်လာသဖြင့်. . . ပါးစပ်ကို လက်ဝါးနှင့် ပိတ်ကာပြီး. . . မြေညီထပ်နံရံဆီ ဒယီးဒယိုင် ပြေးကပ်လိုက်ရတော့၏။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ. . . ဒီမှာရှင့်. . . ရှင်ဘာဖြစ်နေတာလဲ. . . "

မိန်းကလေးတစ်ယောက်၏အသံဖြစ်မှန်း မိုးညိုသိသော်လည်း မမြင်ရ၊ တစ်လောကလုံး. . . ပိတ်နေအောင် မှောင်နေသော. . . အမှောင်ထုထဲ သူဘယ်လိုရောက်နေသလဲ. . . ခေါ်နေတာရော ဘယ်သူလဲ၊ မိုးညို တွေးရင်း. . . ရင်ဘတ်ထဲ ဆုတ်ညှစ်ခံရသော ဝေဒနာကြောင့် တစ်ချက်တစ်ချက် မေ့ခနဲ လစ်ခနဲ ခံစားနေရသည်။ ငါ. . . ငါ. . . အသက်ရှူချင်တယ်. . . အား. . .။

"လာ. . . လာကြပါဦးရှင်. . . ဒီမှာ ဘာဖြစ်တာလဲ မသိဘူး. . "

မိယာ အလန့်တကြား အော်ဟစ်လိုက်သဖြင့်. . . အလှည့်ကျ ဖြေဆိုရန် စောင့်နေသူများ ပြေးလာကြသည်။

"ဟာ. . . သူက နံပါတ်နှစ်ဆယ့်နှစ်ပဲ၊ စောစောက သူ့အလှည့် ခေါ်နေတာ. . . ဒီမှာ လဲနေလို့ မကြားတာဖြစ်မယ်. . . "

"လုပ်ပါဦး. . . သူ့ကို ဘယ်လိုလုပ်ကြမလဲ. . . "

"ကုမ္ပဏီက တာဝန်ရှိသူတွေကို. . . ပြောတာကောင်းတယ်၊ ဒီမှာ အလုပ်အတွက် လူတွေ့လာဖြေရင်း မူးလဲသွားတယ်လို့ ပြောလိုက်. . . "



## အခန်း(၇)

ညနေက အလင်းကို အနည်းငယ် ဖျော့ချပစ်လိုက်သည်။ တစ်နေကုန်. . . ပူပြင်းထိန်တောက်နေသော ကောင်းကင်ပြင်ထဲ. . . မိုက်ကန်းကန်း တိမ်တစ်အုပ်ကလွဲလို့. . . ဘာမှမရှိ၊ ညနေတိုင်း ထုပ်ဆီးတိုးနေသော ပျံလွှားလေးတွေပင် မရှိ၊ မင်းထင်ကျော်တစ်ယောက်. . . လင်းပြာနက်ရှိုင်းလွန်းသော. . . ကောင်းကင်ကို မော့ကြည့်ပြီး သက်ပြင်း အခါခါ ချမိနေသည်။

ခုတစ်လော သက်ပြင်းတွေ သက်မတွေချည်း ချနေရ၍ အဆုတ်တောင်. . . ပွချင်ချင်ဖြစ်လာသည်။ ဒီနေရာမှာ ကားသော့ကိုင်ပြီး ရပ်နေတာတောင် အတော်ကြာနေပြီ။

လဝန်းတို့အုပ်စု ဈေးထုပ် ခေါင်းအုံးပြီး. . . တစ်အိမ်လုံး သောင်း



www.burmeseclassic.com

www.burmeseclassic.com

တျန်းကာ အပြင်ထွက်သွားကြသည်။ လိုက်ရှာဖြို့ ချော့မော့ခေါ်ဖို့ တားသော့ည္။ . . ထွက်လာသော်လည်း . . . ဟိုကောင်တွေတစ်ယောက်မှ ပြန်မလာသေး၊ ခြံတံခါး ပိတ်ထားခဲ့၍လည်း မဖြစ်၊ ဒီကောင်တွေ. . . မနက်စာ မစားမဲ့ ထွက်သွားခဲ့ကြသည်။ ပြန်လာလျှင် အူလျားဖားလျား ဆာတော့မည်။

နှမကိုပဲ လိုက်ရှာချော့ရမလား၊ သူငယ်ချင်းတွေကိုပဲ ထမင်းစား စောင့်ကျွေးရမလား။ အိမ်သော့နှင့် ခြံတံခါးသော့ကို မြင်သာတဲ့နေရာမှာ ချိတ်ထားခဲ့ရင်ကော. . . မဖြစ်. . . အလစ်သမားတွေ တွေ့သွားလို့ နည်းတယ်ဆိုပြီး ဆဲဆိုသွားဦးမည်။

မင်းထင်ကျော် ၁၂ကျပြင်းချရင်း လူပါ ထိုင်ချပစ်လိုက်သည်။ ထိုအခိုက် သူ၏လက်ကိုင်ဖုန်းမှ ခေါ်သံမြည်လာသဖြင့် စိတ်မပါသလို. . . ဖုန်းဖွင့်ကြည့်လိုက်သည်။

"ဘုရားရေ. . . မီယာပါလား. . ."

နောက်ဆုံးနှစ် တစ်နှစ်လုံး လုံးဝအဆက်အသွယ် ဖြတ်ထားလိုက်ကြပြီးမှ. . . တစ်နှစ်ကျော်ကျော်ကာလအတွင်း. . . ပထမဦးဆုံး ပြန်ခေါ်သော ဖုန်းဖြစ်၍. . . မင်းထင်ကျော် ရင်ထဲ ဒိန်းခနဲဖြစ်သွားကာ ဖုန်း နားထောင်လိုက်သည်။

"ဟဲလို. . ."

"ကိုမင်းထင်ကျော်လားဟင်. . . !"

"မီယာ. . . မီယာ. . . ဇွန်မီယာ ဟုတ်ပါတယ်နော်. . . !"

"ဟုတ်ပါတယ်. . ကျွန်မပါ. . . ရှင် အခုချက်ချင်း ရွှေဂုံတိုင်က SUPERIOR အထူးကုဆေးခန်းကို လာခဲ့ပါလားရှင်. . . ဒီကိုရောက်မှ ရှင်းပြပါ့မယ်. . . လာခဲ့နော်. . ."

"မီယာ. . . မီယာ. . . ဇွန်မီယာ. . . ဟာ. . . ဖုန်းပိတ်ပစ် လိုက်ပြီ. . ."





မင်းထင်ကျော်. . . ဖုန်းကို ခပ်ကြောင်ကြောင် ငုံ့ကြည့်ပြီး ထုံထုံအအ ဖြစ်သွားသည်။ ဇွန်မီယာ. . . သူ့အသက်လောက် ချစ်ခဲ့ရတဲ့ ကောင်မလေး။ ဘာမဟုတ်တဲ့ အထင်လွဲမှုတစ်ခုနဲ့. . . နှစ်တစ်ပတ်လည် အောင် အဆက်ဖြတ်သွားတဲ့ ကောင်မလေး။ ပြန်ခေါ်မယ့်ခေါ်တော့လည်း ဆေးရုံကို. . . ခက်တာတဲ့။ မင်းထင်ကျော် ဘယ်လိုမှ. . . တွေးမရအောင် ဖြစ်ကာ အသည်းယားလာသည်။

အသည်းယားသည်ဆိုသောစကားက အလွယ်သုံးခြင်းသာ။ အမှန်တော့. . . ကျောယားသလိုလို၊ ရင်ဘတ်ထဲ လက်နှိုက်ကုတ်ရမလိုလို ကသိကအောက်နိုင်စွာ. . . ခံစားလိုက်ရခြင်းဖြစ်သည်။

superior အထူးကုဆေးရုံနဲ့ သူမနဲ့. . . ဘယ်လိုများ ပတ်သက် နေသလဲ။ ကျောင်းပြီးသွားလို့. . . အဲဒီမှာ အလုပ်ဝင်နေတာများလား။ ဒါလည်း မဖြစ်နိုင်၊ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သော. . . သူဌေး သမီးတစ်ယောက်က စိတ်ပညာ အဓိကနှင့် ဘွဲ့ယူပြီး. . . ဆေးရုံဆေးခန်း မှာ ဘာအလုပ်များ လုပ်မှာမို့လို့လဲ။

မဟုတ်မှလွဲရော. . . စိတ်ပညာနဲ့ ကျောင်းပြီးသွားပြီးမှ. . . စိတ်ဖောက်ပြီး ဂေါက်သွားတာများလား၊ ဒါဆိုလျှင်. . . ရွာသာကြီးက စိတ်ကျန်းမာရေးဆေးရုံကိုပဲ. . . ရောက်ရမည်။ ဘာအတွက်လဲ. . . ဘာကြောင့်လဲ။

"ထင်ကျော်. . . အဟုတ်ဟား. . . ငါအလုပ်ရပြီကွ. . ."

မင်းထင်ကျော် အာရုံနောက်ပြီး ဗျာများနေတုန်း ခရမ်း အသံပြဲ ကြီးနှင့် ခြံထဲ ဝင်လာ၍ လန့်ဖြတ်ကာ ထရပ်သည်။

"ဟော့ကောင်. . . ငါ. . . အလုပ်ရသွားပြီ. . . အလုပ်. . ."

ခရမ်း လျှာတန်းလန်းနှင့် စကားပြတ်သွားပြီး မင်းထင်ကျော်၏ မှုန်အိုနေသောမျက်နှာအား သတိထားမိသွားကာ. . . စေ့စေ့ကြည့် လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာဖြစ်နေတာလဲ ထင်ကျော်. . ."

ဒီတော့မှ မင်းထင်ကျော် သတိဝင်လာကာ. . .

"ငါ. . ငါလား. . . ဘာမှမဖြစ်ပါဘူး၊ ဟို. . . မိုးညိုရော. . . မိုးညို. . ."

"မသိဘူးလေ. . . ဒီကောင် မရောက်သေးဘူးလား ! "

"အေး. . . ဘယ်မှာ ဘာတွေ သွားဖြေနေလို့ ဒီလောက် ကြာနေတာလဲ မသိပါဘူးကွာ၊ မင်းကရော. . ."

"ငါလား. . . ပျော်လွန်းလို့ ဆူးလေ တစ်ပတ်ပတ်ပြီး. . . က,ပစ်တာ၊ အားမရလို့ ပန်းခြံပတ်ပြီး သီချင်းအော်ဆိုပစ်လိုက်တယ်၊ ဒါလည်း အားမရသေးတာနဲ့ ကန်တော်ကြီးထပ်. . ."

"တော်ပြီ. . . အဲဒါမှ မကျေနပ်သေးရင်. . . ခြံထဲ ပတ်ပြီး ဂျမ်းထိုးနေလိုက်. . . လောလောဆယ် မင်းပြဿနာကို အရင်သွားရှင်း. . မင်းတို့ အိမ်ပေါ်ကနေ ခေါင်းနဲ့ ဆင်းရတော့မယ်. . ."

"ဟေ. . . ဘာဖြစ်လို့လဲ !! "

"ဘာဖြစ်ရမလဲကွ. . . ချေးထုပ်ကို ဖုန်းခုံဘေးနား ချထားလို့ လဝန်း သူငယ်ချင်း ယူပြီး ခေါင်းအုံးအိပ်တာ ပြဿနာတက်ကုန်ရောလေ"

"ဟင်. . ."

"ဟင်မနေနဲ့. . . အခု လဝန်း စိတ်ကောက်ပြီး ထွက်သွားလို့ ငါ လိုက်ရှာရမယ်. . . မိုးညိုပြန်လာရင် အခြေအနေကို ကြည့်ပြီး သေသေဝပ်ဝပ် နေကြ. . ."





ယခုမှပင် မင်းထင်ကျော်လက်ထဲ ခြေကားယား'လက်ကားယား ဖြစ်နေသော. . . သော့တွဲလေး အလုပ်ရသွားသည်။ ကားကို ခြံထဲက. . . မောင်းထွက်လာခဲ့ပြီးမှ စိတ်နှစ်ခွဖြစ်လာရပြန်သည်။ နာရီကြည့်တော့ ညနေလေးနာရီခွဲတော့မည်။ လဝန်း ပြန်မလာသေး။ လဝန်းကို အရင်လိုက် ခေါ်ရရင်. . . ကောင်းမလား ! ။ ဟုတ်ပြီ ! လဝန်းဆီမှာ ဖုန်းပါသွားနိုင်သည်. . . ချော့ထားလိုက်ဦးမှ. . .။

မင်းထင်ကျော် ကားကို အရှိန်လျှော့ပစ်လိုက်ပြီး. . . လဝန်းဖုန်းကို လှမ်းခေါ်လိုက်သည်။ တော်ပါသေးရဲ့. . . ဖုန်းဖွင့်ထားသေးလို့။ သို့သော် တော်တော်နှင့် ဖုန်းမကိုင်သေးပဲ ဖြစ်နေကာ အတန်ကြာမှ. . .

"ဟဲလို. . ."

"အေး. . . ညီမလေး. . . ဟာကွာ စိတ်ပူလိုက်ရတာ၊ ဘာလို့ ဖုန်းမကိုင်တာလဲ !၊ ဘာလဲ. . . ကိုကို ခေါ်မှန်းသိလို့ စိတ်ကောက်နေတာလား၊ မကောက်ပါနဲ့ကွာ၊ ဟိုကောင် ခရမ်းကို. . . ပြန်ရောက်ရောက်ချင်း စည်းမှ ကမ်းမဲ့နိုင်လွန်းလို့ နားရင်းနှစ်ချက်လောက် အုပ်ပစ်လိုက်တယ်. . . ကျေနပ်တော့နော်. . အခု ညီမလေး ဘယ်မှာလဲ !. . . ကိုကို လာခေါ်မယ်

www.burmeseclassic.com



လေ. . ."

"ဟော့ကောင် ထင်ကျော်. . . ငပေါ၊ အခု မင်းညီမဖုန်းကို ကိုင်နေတာ. . . ငါကွ. . . ခရမ်းကွ"

"ဘာ. . . မင်း. . မင်းက ဘယ်လိုဖြစ်ပြီး"

"ဘာဖြစ်ရမလဲ. . . မင်းညီမ ဖုန်းယူမသွားဘူး၊ တီဗွီစင်ပေါ်မှာ ဒီအတိုင်း တင်သွားတာ. . . အံမာ. . . မင်းကများ ငါ့ကို နားရင်းအုပ်သလေးဘာသလေးနဲ့၊ ဟဲလိုလို့ ထူးကတည်းက အလုံးလား အပြားလား မခွဲတတ်ဘူးလား ! "

"သေချင်တယ်"

"ထင်ကျော်. . . ငါ့အထုတ် ပျောက်နေလို့ ဘယ်မှာလဲ. . . ! "

"အဲ. . . ဟော့ကောင် !! ရေချိုးခန်းထဲမှာဟေ့. . . ရေချိုးခန်းထဲမှာ. . . "

မင်းထင်ကျော် ဖုန်းပိတ်ပြီး. . . အရှူးဖင် သရဲကုတ်သွားသလို ဘယ်သူ့အော်ဆဲလို့ဆဲမှန်းမသိ ဆဲဆိုပြီး. . . ကားကို စက်ရှိန်မြှင့်ပစ်လိုက်တော့သည်။ စတီယာရင်ခွေကိုလည်း နှစ်ချက်သုံးချက် ထုနှက်ပစ်လိုက်ပါသည်။





## အခန်း(၉)

လဝန်းတစ်ယောက်. . . သူငယ်ချင်းမလေးတွေနှင့် တစ်နေကုန် လည်ပစ်လိုက်သည်။ မနက်စာကို. . . ရန်ကင်းမှာ စားကြပြီး သမ္မတမှာ ရုပ်ရှင်ကြည့်ကြသည်။ ကားငှားပြီး OCEAN SUPER CENTRE သွားကြသည်။ အပြန် မျှော်စင်ကျွန်းသို့ ခဏဝင်၍. . . အဖွဲ့ခွဲကြပြီး လဝန်း အိမ်မပြန်ချင်သေးဟု ဆိုကာ. . . မေပျို၏အိမ်သို့ လိုက်လာခဲ့ပါသည်။

မေပျိုက တစ်ဦးတည်းသောသမီး။ လဝန်းတို့လောက် ဥစ္စာခြံမကြွယ်ဝသော်လည်း. . . အတန်အသင့် ပြည့်စုံသည်။ မေပျို၏မိဘနှစ်ပါးစလုံး. . . အိမ်ခြံမြေပွဲစားလုပ်ငန်း လုပ်ကြ၍. . . အိမ်မှာ ကားမရှိသော်လည်း ဖုန်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လဝန်းတစ်ယောက်တည်း ခြံထဲ ဆင်းထိုင်နေတုန်း မေပျို့ ရောက်လာသည်။

"လဝန်း. . . ညည်းအစ်ကိုများ စိတ်ပူနေမလားဟင်. . . !"

"ပူပူ. . . ငါဂရုမစိုက်ဘူး၊ ငါ. . . ဒီည နင်နဲ့အိပ်မယ်"

"နင်အိပ်မယ်ဆို. . . ငါပျော်တာပေ့ါဟ. . . ငါ့မှာ တစ်ယောက်တည်း အိပ်ရတာ. . . ဖေဖေနဲ့မေမေကိုလည်း နင်ရောက်နေတဲ့အကြောင်း၊ ညအိပ်ချင်အိပ်မယ့်အကြောင်း. . . ဖုန်းနဲ့ ပြောလိုက်တယ်၊ မေမေက မအိပ်နဲ့ဦးတဲ့၊ အပြန်မုန့်ဝယ်လာတဲ့. . . သိလား. . ."

မေပျို့က လဝန်း စိတ်ရှုပ်နေမှန်းသိ၍ တမင် စကားကို ရွှန်းရွှန်းဝေအောင်. . . ပြောပေးနေသော်လည်း လဝန်း၏အလိုမကျမှု မျက်လုံးတွေက အရောင်လျော့မသွား။

"ကဲ. . . လာ. . . သူငယ်ချင်း စိတ်ပြေလက်ပျောက် ချာလီ ချက်ပရင်. . . ကြည့်ကြမယ်. . ."

လဝန်း စိတ်မပါ။ သို့သော် အရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ထလိုက်လာခဲ့သည်။

ဧည့်ခန်းထဲ ရောက်မှ. . .

"အိမ်ကို ဖုန်းဆက်ပေးပါဟာ. . . ငါဒီမှာပဲ အိပ်မယ်လို့"

မေပျို့ သွက်လက်စွာ. . . ခေါင်းညိတ်ပြပြီး ဖုန်းရှိရာ. . . အခန်းထောင့်သို့ ဆက်လျှောက်သွားသည်။

"အိမ်ဖုန်းပဲ. . . ခေါ်လိုက်မယ်နော်. . . !"

လဝန်း ခေါင်းဆတ်ပြ၍ ဆက်တီခုံပေါ် အရုပ်ကြီးပြတ် ထိုင်ချပစ်လိုက်၏။


၅ ၅ ၅ ၅







မင်းဟာ ငှက်ပစ်မှတ်မဟုတ်ဘူး
မင်းဟာမင်း
ငှက်များလမ်းကြောင်းပေါ် လာတက်အိပ်တာ၊
ငါလည်း မတတ်နိုင်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းထဲက ဖုန်းမြည်သံကြောင့် ခရမ်း ထမင်းချက်နေရင်းတန်းလန်း ပြေးထွက်လာသည်။

"ဒုက္ခပဲကွာ. . . ထမင်းအိုးက ဆူနေပြီ"

ဒီတစ်ခါ အိမ်ဖုန်းခေါ်တာဖြစ်၍. . . ပြည်ပဖုန်းများ ဖြစ်နေမလားဟု တွေးကာ လက်တွန့်သွားသည်။ ပြီးမှ. . . ဖြစ်ချင်ရာဖြစ်ဟု သဘောပိုက်လျက်. . . ဖုန်းခွက်လှမ်းဆွဲတော့၏။

"ဟဲလို. . . အမိန့်ရှိပါခင်ဗျာ. . ."

"ကိုမင်းထင်ကျော်လားရှင်. . . !"

"ခင်ဗျာ. . . မဟုတ်ဘူးခင်ဗျ. . . အခုပြောနေတာ ဘယ်သူပါလဲ. . . !"

"မေပျို. . . မေပျိုပါ. . ."

"ဘာ. . . မြေမြို့တာ. . . ဘယ်မှာမြို့တာလဲ. . . !"

"ကျွတ်. . . ဒုက္ခပဲ. . . မေပျို. . . မေပျို. . ."

"သြော်. . . မြေမြို့တာလား !၊ မြို့မှာပေ့ါဗျာ. . . ဆူနာမိကတည်း





က တည်းတည်းကလေး ကျန်ခဲ့ပြီး. . . အခုမှ. . . မြို့ကျရရှာတာ. . . မြို့ပါစေဗျာ၊ ဘယ်သူမှ ဘာမှမဖြစ်ကြဘူး မဟုတ်လား. . . !"

"မဖြစ်ကြပါဘူး. . . သြော်. . . ဒုက္ခပဲ၊ ဘာတွေပြောနေလဲ မသိဘူး ! အခုပြောနေတာ. . . ဘယ်သူလဲရှင့်. . ."

"ကျွန်တော်လား. . . ခရမ်းပါခင်ဗျာ. . . ခရမ်းသား စစ်လွန်းလို့ အသားတောင် ခရမ်းရောင်သမ်းပြီး လှနေတဲ့ ခရမ်းပါ"

"ဘာ. . . ချီးထုပ်. . . မသာကြီး. . ."

"ဟင်. . . မင်း. . . မင်းက ဘယ်သူလဲကွဟေ့. . . ငါ့အတွင်းရေးတွေ အကုန်သိနေပါလား. . . !!"

"ဟုတ်တယ်. . . ရှင့်အတွင်းရေး မဟုတ်ဘူး. . . အတွင်းရေး အပုပ်အစပ်တွေ. . . ကျွန်မခေါင်းမှာ ပေကုန်လို့ ရိုက်သတ်ချင်နေတာ. . . သိရဲ့လား. . . !!"

"ဟား. . . စွာလှချည်လား၊ ပေမှာကြောက်ရင်. . . ခေါင်းက ခေါင်းနေရာမှာနေလေ. . . ဘာလို့ သူများ"

တစ်ဖက်က ဖုန်းကို. . . ဂွပ်ခနဲ ချသွားသဖြင့် ခရမ်း တွန့်သွားပြီး သူလည်း. . . ဒေါသဖြစ်ဖြစ်နှင့် ဂွပ်ခနဲ ချဖို့ရည်ရွယ်သည်။ သို့သော်. . . ကိုယ့်ပစ္စည်းမဟုတ်၍ အားနာစွာ အသာအယာ ချလိုက်ပါသည်။

"တောက်. . . ငါ့ကိုများ ချီးထုပ်တဲ့၊ ဧကန္တ. . . ထင်ကျော် ပြောတဲ့. . . လဝန်းသူငယ်ချင်းဆိုတာ ဖြစ်ရမယ်. . . သူ့ဘာသာသူ နေတဲ့ အထုပ်ကို ယူဖွပြီး ငါ့ကို ပြဿနာ လာရှာနေသေးတယ်. . ."

"ဟိုက်. . . ထမင်းအိုး. . ."

ခရမ်း မီးဖိုခန်းကို သတိရသွားပြီး ဝရန်းသုန်းကား ပြေးဝင်လာသည်။ အငွေ့တထောင်းထောင်း ထနေသော. . . ထမင်းပေါင်းအိုးကို ဖွင့်ကြည့်ပြီး မျက်လုံးပြူးသွားသည်။

"ရေတောင် ခန်းကုန်ပြီဟ"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်. . . ရေတာစ်ခွက် ပြေးခပ်ကာ ပေါင်းအိုးထဲ လောင်းထည့်ပစ်လိုက်သည်။ ပြီးမှ. . . လက်ခု ရှာကာ ပေါင်းအိုးကို မ,ထုတ်၍. . . အဖုံးပြန်ဖုံးပြီး လက်ဆေးကန်ထဲ ထမင်းရည် ငှဲ့ချသည်။

"ထွက်ဘူးဟ. . . ကိုင်ရတာလည်း ကိုးလိုးကန့်လန့်နဲ့. . . ဒါနဲ့များ ထမင်းပေါင်းအိုးကို ဈေးကြီးပေးပြီး ဝယ်သုံးတာ အံ့ပါရဲ့ကွာ. . ."





# အခန်း(၁၀)

မင်းထင်ကျော် ဆေးရုံဝင်းရှေ့. . . ကားရပ်ကွင်းထဲ ကားပါကင် လုပ်ပြီး. . . ဆေးရုံအဆောက်အဦ မြေညီထပ် အဝင်ပေါက်သို့ လျှောက်လာရင်း အိမ်ကို ဖုန်းပြန်ဆက်ကြည့်သည်။

"ခရမ်းလား. . . ! "

". . . . . . . . . ."

"ဘယ်သူမှ မရောက်သေးဘူးလား. . . ! "

". . . . . . . . . ."

"မေပျို့ပါကွာ. . . မြေပြို့တာ မဟုတ်ပါဘူး၊ အေး. . . အေး ငါသဘောပေါက်ပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"..........."

"ဘာ. . . ပေါင်းအိုးနဲ့ ချက်တာ ပျော့ရသလား. . . အစောကြီး မီးတက်သွားလို့လား. . . !"

"..........."

"မာတောင်ရ. . . ပေါင်းအိုးနဲ့ ချက်ပါတယ်ဆိုမှ. . . ထမင်းရည် ငှဲ့ရမလားကွ. . . ခွီးမှပဲ. . . ပြန်ချက်. . . မီးပလပ်ထိုးပြီး ဒီတိုင်း ပစ်ထား လိုက်ကွာ၊ မင်းရန်ကုန်မှာ မနေပါနဲ့တော့ကွာ၊ ခရမ်းသာ ပြန်ပါတော့. . ."

"..........."

"မင်းကျီးဒေါ်လား. . . မြေအိုးနဲ့ ငါဘာလုပ်ရမှာလဲ. . . !!"

မင်းထင်ကျော် စိတ်ညစ်ပြီး ဖုန်းပိတ်လိုက်ကာ အဝင်ဝ မှန် တံခါးချပ်ကို တွန်းဝင်ခဲ့ပါသည်။

"ကိုမင်းထင်ကျော်. . ."

ညွှိသည်နားနေခုံဆီမှ လှမ်းခေါ်ပြီး. . . အပြေးကလေး လျှောက်လာသော ဖွန်မီယာကြောင့်. . . မင်းထင်ကျော် အံ့သြရပြန်သည်။ ဒီမှာလည်း အလတ်ကြီး၊ အလန်းကြီး။

ဒါဖြင့်. . . ဘယ်သူ ဘာဖြစ်။

"ရှင့်သူငယ်ချင်း. . . ကုမ္ပဏီရှေ့မှာ. . . သတိလစ်သွားလို့"

"ဘာ. . . ဘယ်. . . ဘယ်သူ. . . မီယာ. . . !"

"ဟို. . . သူ. . . သူ့နိုင်ငံသားကတ်ထဲမှာ နိုင်ဦးမောင်လို့ ရေး ထားတယ်. . . ရှင်သိလား. . . !"

"ဟာ. . . မိုးညို. . . မိုးညို. . . အခု ဘယ်လိုနေသေးလဲ !"

ဆွေမျိုးအရင်းအခြာဖြစ်လို့ ပူပန်သလိုမျိုး စိုးရိမ်သောကကြီးစွာ ပြာယာခတ်သွားသော မင်းထင်ကျော်ကို ကြည့်ပြီး ဖွန်မီယာ မချိတင်ကဲ ပြုံးလိုက်သည်။

"ရှင်ဟာ. . . သူငယ်ချင်းအပေါ်မှာ တကယ်အလေးထားတာပဲ





နော်. . . အင်းလေ. . . သူငယ်ချင်းအတွက် ချစ်သူတစ်ယောက်လုံးကို တောင် စွန့်လွှတ်ခဲ့သေးတာပဲ. . . ထားလိုက်ပါတော့. . . ဒါတွေပြီးခဲ့ပါပြီ လာ. . . ကျွန်မနဲ့ လိုက်ခဲ့. . ."

ဒီလိုအခြေအနေမျိုးမှာတောင် စကားနာထိုးနိုင်သေးသော ဖွန်မီယာ၏နာကျည်းမှုကို. . . သူသတိထားမိသော်လည်း မဖြေရှင်းနိုင်ပဲ မိုးညိုအတွက်. . . စိုးရိမ်စိတ်နှင့် သူမဘေးကနေ တိတ်ဆိတ်စွာ လိုက်ပါ လာခဲ့သည်။ မိုးညိုကို စတုတ္ထထပ်မှာ တင်ထားရသည်ဟု သူမပြောပြ၍ သိလိုက်ပြီး. . . လျှပ်စစ်လှေခါးအိမ်လေးနှင့် တက်ခဲ့ကြပါသည်။

"သူ့မှာ ဘယ်လိုရောဂါမျိုးရှိလဲ. . . ကိုမင်းထင်ကျော်"

ပထမထပ်ကို ကျော်လွန်ပြီးမှ သူမထံမှ. . . မေးခွန်းတစ်ခု ထွက်ပေါ်လာသည်။

"ကိုယ်တို့ လေးနှစ်နီးပါး အတူနေလာခဲ့ကြတာပဲ. . . ရောဂါဖြစ် တာမျိုးတော့ တစ်ခါမှ မတွေ့မိ မကြားမိဘူး. . ."

"ဆရာဝန်ကြီး ပြောပြချက်အရ. . . Heart ထိထားပြီလို့ ပြောနေ တယ်၊ သူ့မှာ ဒီလိုအခြေအနေရှိမှန်းသိရင်. . ."

သူမထံမှ စကားပြတ်သွား၍. . . မင်းထင်ကျော် ငုံ့ထားသော ခေါင်းကို ဖော်ကြည့်သည်။ သူမ တစ်စုံတစ်ရာအတွက် ယူကျုံးမရ ဖြစ်နေပုံ ရသည်။ သေချာသည်. . . ဖွန်မီယာက မာကျောသောအသည်းနှင့်. . . နူးညံ့သော အသည်းနှလုံးမျိုးကို. . . တစ်ခြမ်းစီ ပိုင်ဆိုင်သူဆိုတာ. . . သူသိနှင့်ခဲ့ပြီးသား။

"ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြနိုင်မလား. . . မီယာ"

"ကျွန်မ. . . သူဝတ်ထားတဲ့အကျီကို ပြန်တောင်းလိုက်မိတယ်"

မင်းထင်ကျော် မျက်မှောင်ကြုံ့သွားပြီးမှ. . . ဟာခနဲ ဖြစ်သွား သည်။ သွားပြီ. . . မွေးနေ့အမှတ်တရအကျီ။ ဒီအတွက် သူ့အပေါ် မီယာ ဘယ်လိုထင်ထင်. . . ပြဿနာမရှိ။ မိုးညို ဘယ်လို ရက်စွဲ့နာကျင်မှုမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပုံလဲသွားသလဲဆိုသောအဖြစ်ကို တွေးကာ. . . ဒူးတွေ ညွတ်ခနဲဖြစ်အောင် ခံစားလိုက်ရသည်။

(ကံဆိုးလိုက်တာ မိုးညိုရာ. . .)





သူတို့နှစ်ယောက် မိုးညိုရှိရာ. . . လူနာဆောင်(တစ်ဦးချင်း သီးသန့်ဆောင်)ထဲ ဝင်ရောက်သွားချိန်မှာ. . . မိုးညို ကောင်းစွာသတိရနေချေပြီ။

ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်ပြီး သူတို့ ဝင်လာတာကို. . . လှမ်းကြည့်နေသည်။ ကြည့်ရင်းက မျက်နှာကို ငုံ့ချပစ်သဖြင့် မင်းထင်ကျော်နှင့် ဇွန်မီယာတို့. . . အဓိပ္ပါယ်တစ်ခုနှင့် အပြန်အလှန် ကြည့်မိကြသည်။

မင်းထင်ကျော်တို့ လူနာခုတင်ဘေးရှိ ခုံတွင် ဝင်ထိုင်လိုက်ကြပြီး မင်းထင်ကျော်က. . .

"သက်သာရဲ့လား မိုးညို. . . !"

မိုးညို ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်. . . ဇွန်မီယာအား တစ်ချက်လှမ်းကြည့်ပြီး အကြည့်လွှဲရင်း. . .

"ကျွန်တော့်ကို ဆေးရုံပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"အို. . . ရပါတယ်. . . မိုးညို. . . ကျွန်မကသာ. . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးညို လက်ကာပြပြီး. . .

"ကိစ္စမရှိဘူး. . . အားလုံး ကျွန်တော့်ကံတရားပါ၊ ထင်ကျော် ကျွန်တော့်အခက်အခဲကို ကူညီလိုက်တာလည်း ကြိုတင်ကြံစည်တာမျိုး မရှိဘူး၊ ခင်ဗျားအနေနဲ့လည်း ကိုယ့်ရဲ့တန်ဖိုးထားမှုကို. . . ဒီလိုသတ်မှတ်လိုက်သလားဆိုတဲ့ မချိတင်ကဲစိတ်မျိုး ဖြစ်မှာပါပဲ၊ ကျွန်တော်. . . နားလည်နိုင်ပါတယ်. . . လောလောဆယ်. . . ငါ ဒီမှာမနေချင်ဘူး ထင်ကျော်. . . ငါ့ကို အိမ်ပြန်ခေါ်သွားပါ"

"ဟာ. . . မင်းကျန်းမာရေးအတွက် လုပ်ရမယ်လေ. . . မိုးညို၊ အိမ်မှာ ဆရာဝန်မှ မရှိတာ. . ."

"ငါ အခု. . . ဘာမှမဖြစ်တော့ပါဘူး၊ ကောင်းနေပါပြီ"

မင်းထင်ကျော် ခေါင်းကုတ်သဖြင့် ဇွန်မီယာက. . .

"ဆရာဝန်ကြီးကို. . . မေးကြည့်ပါလား ! ၊ သူဆုံးဖြတ်ပေးတာ. . . ပိုကောင်းတာပေါ့. . ."

"ကဲ. . . ဒါဆိုလည်း ခဏစောင့်၊ ငါမေးပေးမယ်. . ဟုတ်ပြီလား"

မင်းထင်တော့် အခန်းထဲကနေ သွက်လက်စွာ ထွက်ခွာသွား၍ တိတ်ဆိတ်ပြီး သန့်ရှင်းသော လူနာခန်းထဲ မိုးညိုနှင့် ဇွန်မီယာတို့ နှစ်ယောက်တည်း ကျန်ခဲ့ကြသည်။

"ရှင် လူတွေ့မဖြေလိုက်ရတဲ့အတွက် ကျွန်မစိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ်. . . ကျွန်မနေနဲ့ ကိုမင်းထင်ကျော်နဲ့ပဲ ရှင်းသင့်တယ်. . ."

"ဘယ်တတ်နိုင်မလဲ. . . ကျွန်တော်တို့ မရည်ရွယ်ခဲ့ကြဘူး မဟုတ်လား. . . !"

"ဒါပေမယ့်. . . ရှင်အလုပ်ရမှာပါ၊ အဲဒီမှာ အလုပ်ဝင်နိုင်ဖို့ ကျွန်မတာဝန်ယူတယ်. . ."

မိုးညို နားမလည်နိုင်သလို လှည့်ကြည့်မိသဖြင့်. . . . အကြည့်ချင်း ဆုံသွားသည်။ အကြည့်တန်းနှစ်ခု ပေါင်းဆုံမှုထဲ မမြင်နိုင်သော





ညို့ငင်မှုတွေ. . . အပြန်အလှန် သက်ရောက်ကာ နှစ်ယောက်စလုံး တဒင်္ဂမျှ အကြည့်မခွာဘဲ. . . အရာရာကို မေ့နေသည်။

အခန်းအဝင်ဝဆီမှ တံခါးဖွင့်သံ စကားပြောသံတွေကြောင့် သတိဝင်ကာ. . . ယောင်နန အကြည့်လွှဲကုန်ကြသည်။

မင်းထင်ကျော်နှင့် ဆရာဝန်ကြီးတို့ လူနာခန်းထဲ ဝင်လာခဲ့ကြသည်။

ဆရာဝန်ကြီးက မိုးညိုအား. . . ပြန်လည်စစ်ဆေးသည်။

"ခေါ်ချင်ရင် ခေါ်သွားလို့ရပါပြီ. . . အားလုံး ပုံမှန်ပြန်ဖြစ်နေပြီပဲ၊ လူနာအတွက် လိုအပ်ချက်ကို. . . ကျွန်တော် မှာလိုက်တဲ့အတိုင်း ဂရုစိုက်ရင် ရပါပြီ. . . သောက်ဆေးတစ်ပတ်စာ. . . ထည့်ပေးလိုက်မယ်"

"ဟုတ်ကဲ့ခင်ဗျာ. . ."

ဆေးကုသစရိတ် ဘီ(လ်)ရှင်းဖို့ မင်းထင်ကျော် ရှင်းတာကို ဇွန်မီယာက လက်မခံပါ။ သူမကိုယ်တိုင် ရှင်းပြီး ဆေးနှင့် လူနာမှတ်တမ်းကိုသာ. . . မင်းထင်ကျော်လက်ထဲ လွှဲပေးလျက်. . .


"ကျွန်မအကြိုကို. . . ရှင်ကိုယ်တိုင် ပြန်ပေးတာ လိုချင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

ဇွန်မိယာ၏ကားလေး ကားရပ်ကွင်းထဲကနေ မောင်းထွက်သွားသည်အထိ. . . မင်းထင်ကျော် လှမ်းကြည့်နေပြီးမှ. . . ပင့်သက်ခိုးရှိုက်ကာ သူ၏ကားလေးကို. . . စတင် ဘီးလှိမ့်ထွက်လိုက်သည်။ မိုးညိုက. . . အနည်းငယ် စိတ်ရှုပ်ထွေးနေသော လေသံမျိုးနှင့်. . .

"ငါ့တော့ နားမလည်နိုင်တော့ဘူး ထင်ကျော်. . ."

"ဘာကိုလဲ. . . !"

"သူက. . . ကိုယ်ပိုင်ကားတောင် စီးနိုင်တာ၊ ငါတို့လိုပဲ သာမန်လခစားအလုပ် လျှောက်တာ ဘယ်လိုသဘောလဲ မသိဘူး"

"ဇွန်မိယာရဲ့စိတ်ကို နားလည်ဖို့ခက်တယ် မိုးညို၊ သူနဲ့ငါ ပထမနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ် နှစ်နှစ်လုံးလုံး ချစ်သူတွေ ဖြစ်ခဲ့ကြဖူးတယ်"

"ဟင်. . . ငါတို့လည်း မသိလိုက်ရပါလား. . . !"

"ဟုတ်တယ်. . . နားလည်ဖို့ခက်တယ်ဆိုတာ အဲဒီကနေ စပြော ရမှာ၊ ဒီလိုကွာ. . . သူနဲ့ငါ ဆုံခဲ့ကြရတာက မေမေ့ကြောင့်ပဲ၊ မေမေ တစ်ရက်. . . ငါတို့မောင်နှမနှစ်ယောက်ကို ခေါ်သွားတယ်ကွ၊ ဟိုကျတော့ မွေးနေ့ရှင်က ဒွန်မီယာဖြစ်နေတယ်၊ မင်းအမြင်ပဲလေ. . . ဒွန်မီယာရဲ့ အလှတရားက မြင်ရတွေ့ရခဲတဲ့ အလှမျိုး၊ အမှတ်တမဲ့ ကြည့်ရင်တော့ သာမန်ပဲ. . . ဒါပေမယ့်. . . သူနဲ့ကိုယ် အကြည့်ချင်း ဆုံလိုက်ရတဲ့ တစ်ချက် ပစ္စက္ခ အခြေအနေတစ်ခုလုံးကို ရုတ်တရက် မေ့သွားလောက်အောင်. . . ဆွဲဆောင်မှုရှိတယ်ကွာ၊ ညို့အားပြင်းတယ်လို့ ပြောမလားပဲ"

မိုးညိုခမျာ နားထောင်ရင်းက. . . လူနာခန်းထဲ အကြည့်ချင်း ဆုံရတဲ့အဖြစ်ကို ပြန်တွေးမိကာ. . . ရင်ထဲ. . . ဖိုခနဲ ဖြစ်သွားသည်။ မိုးညို ဘာသာ မလုံမလဲဖြစ်ပြီး ချက်ချင်းပြင်ဆင်လိုက်ရသည်။

မင်းထင်ကျော်. . . မီးပွိုင့်ဟစ်ခုအား ရပ်စောင့်ရင်း ဆက်ပြော သည်။

"အဲဒါနဲ့. . . ငါအရူးအမူး စွဲလန်းသွားတာပေါ့ကွာ၊ ငါ့အတွက်. . ပထမဦးဆုံး ရင်ခုန်သံဆိုတော့. . . မင်းတို့ကို အသိပေးရမှာလည်း ရှက် တယ်၊ မင်းတို့နဲ့ ရှိနေတုန်း စာကြည့်တိုက်ဖက် ခဏ. . . ဆိုပြီး ထွက် ထွက်သွားတာ မှတ်မိလား. . ."

မိုးညို. . . အူတူတူ ခေါင်းညိတ်ပြသည်။

"အဲ့ဒါ. . . ဒွန်မီယာတို့ အတန်းဖက် လစ်တာလေ၊ အဲဒီ နောက် ပိုင်း ငါ့ဘက်က. . . တွန်းတွန်းတိုက်တိုက် တောင်းဆိုမှု လုပ်လာတော့. . . သူလက်ခံပေးလိုက်တယ်၊ ဒါပေမယ့် ငါ့ကိုပေးတဲ့အဖြေက သူနဲ့ငါ ချစ်သူ တွေဖြစ်နေကြတာကို ဘယ်သူမှ မသိအောင်. . . နေပြနိုင်မှ ငါ့အချစ် ကို. . . ဘဝတစ်သက်လုံးအတွက်. . . လက်ခံမယ်တဲ့ကွာ. . ."





"တစ်မျိုးပဲနော်. . ."

မင်းထင်ကျော် မီးပွိုင့်ကို လှမ်းကြည့်ပြီး. . . ဆက်၍မောင်းထွက် လာခဲ့သည်။

"မင်းစဉ်းစားကြည့်စမ်း. . . မိုးညို၊ ကျောင်းမှာ ချစ်သူစုံတွဲ မင်း အများကြီး တွေ့ခဲ့မှာပါ. . . ဘယ်လောက် ပျော်စရာကောင်းသလဲ၊ ခေတ် အဆက်ဆက် ရေးဖွဲ့လို့ကို မကုန်နိုင်ဘူး မဟုတ်လား၊ ဝမ်းနည်းစရာ ကောင်းတာက. . . တက္ကသိုလ်ပုံပြင်တွေထဲမှာ မင်းထင်ကျော်တို့ အတွဲရဲ့ ပုံပြင်ဟာ ဘယ်သူမှ မသိလိုက်ဘဲ ပြီးဆုံးသွားခဲ့တယ်. . ."

"ဘယ်လိုကြောင့်လဲ. . . !"

"မင်းတို့နှစ်ကောင်ကြောင့်လေ. . . အဲဒီနေ့က ရှားရှားပါးပါး ဒွန်မီယာ. . . အတန်းဖျက်ပြီး ဈေးပတ်ဖို့. . . ငါ့ကို လာခေါ်တယ်၊ ဖြစ်ချင်တော့. . . သူချိန်းထားတဲ့အချိန်မှာပဲ. . . မင်းတို့နှစ်ယောက်က ရဲစခန်းကနေ ငါ့ကို လှမ်းခေါ်တယ်၊ အဲဒါကွာ. . . မှတ်မိလား. . . !"

"မှတ်မိတယ်. . . ကားပေါ်မှာ မဖွယ်မရာ လုပ်နေတာကို မြင်လို့ ဝင်ဆုံးမရင်း. . . ရဲစခန်း ရောက်သွားတာ. . ."

"အေး. . . အဲဒီမှာ မင်းတို့ကိစ္စ ဖြေရှင်းရင်း. . . ဒွန်မီယာနဲ့ ချိန်းထားတဲ့ကိစ္စ လွဲသွားတယ်၊ နောက်တစ်နေ့ကျမှ လွဲတဲ့ကိစ္စ ငါဖြေရှင်း ပြတော့. . . သူ့ထက် သူငယ်ချင်းတွေကို အလေးပေးတယ်ဆိုပြီး အဆက် ဖြတ်လိုက်တယ်ကွာ. . . ဘယ်လိုမှကို ပြန်ဆက်သွယ်လို့ မရတော့တာ၊ ဒီနေ့မှ. . . မင်းနဲ့ ပတ်သက်ပြီး တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရတာပဲလေ"

မင်းထင်ကျော်က ကားကို မိန်းလမ်းမကြီးပေါ်ကနေ လမ်းသွယ် တစ်ခုထဲ ချိုးကာ. . . ဆိတ်ငြိမ်ရပ်ကွက်ထဲ ဖြတ်မောင်းလာခဲ့သည်။ မိုးညို အထင် ဖြတ်လမ်းသုံးပြီး မောင်းတာပေါ့။

မင်းထင်ကျော် ခြံကြီးတစ်ခြံရှေ့ ကားရပ်၍ စက်သတ်လိုက်ပြီး. .

"ငါ့ဒုက္ခလည်း မသေးဘူး မိုးညိုရေ. . . မင်းမရှိတုန်း ဖုန်းခုံနား



www.burmeseclassic.com

www.burmeseclassic.com



မှာ ခရမ်းချထားခဲ့တဲ့ ချေးထုပ်ကြောင့်. . . လဝန်း. . . စိတ်ကောက်သွားတယ်၊ အခု. . . ဒီအိမ်မှာလေ၊ အဲဒါ သွားချော့ပြီး. . . ခေါ်ရဦးမယ်၊ မင်း နောက်ခန်းပြောင်းထိုင်လိုက်ကွာ"

မိုးညို နားလည်စွာ ခေါင်းညိတ်ပြ၍ ကားထဲက ထွက်လိုက်ပါသည်။ ထို့နောက်. . . နောက်ခန်းတံခါး ဆွဲဖွင့်ရင်း သူငယ်ချင်းတွေအပေါ် အနွံအတာ ခံနေရရှာသော. . . မင်းထင်းကျော်အား စိတ်မကောင်းဖြစ်စွာ လှမ်းကြည့်မိပါတော့သည်။





# အခန်း(၁၂)

လဝန်းချို့ ညက စိတ်ရှိလက်ရှိ ငိုပြီး အိပ်ပျော်သွား၍လား မသိနိုင်။ မနက်ခင်း. . . အိပ်ယာက နိုးထလာတော့ ခေါင်းထဲ အုံ့ပြာပြာကြီး ဖြစ်နေသည်။ မျက်နှာသစ်. . . ကိုယ်လက်သန့်စင်ပြီးတာတောင် မလန်းဆန်း၍. . . ခြံထဲ ဆင်းထိုင်နေမိသည်။ ထိုင်မိတော့လည်း နှင်းဆီပင်တွေနားက. . . ဒါန်းလွဲခုံပေါ်မှာ။

အဝါရောင်၊ အနက်ရောင်၊ ကြက်သွေးရောင်၊ အနီရောင်တွေက နံနက်ခင်း နေခြည်နွေးနွေးအောက်မှာ. . . တရွရွ စိုလက်နေကာ တစ်ချို့က တစ်ချို့ပွင့်စနှင့်. . . လှချင်တိုင်းလှနေသော နှင်းဆီတွေဆီ. . . လဝန်း အမှတ်တမဲ့ ကြည့်ဖြစ်သည်။ အုံ့ပြာနေသောစိတ်က. . . ရှေ့ပိုင်စုံနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲ နစ်ဝင်ကာ. . . သက်သာရာရသလို ရှိလာ၍. . . ကိုယ့်စိတ်ကိုယ်ပင် နားမလည်နိုင်အောင်ဖြစ်သွားသည်။

သူမ. . . ပန်းတွေကိုမကြိုက်ပါ။ သူမ ကိုယ်တိုင် ပျို့ရွယ်သော မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း. . . ပန်းတစ်ပွင့်၏နူးညံ့မှုမျိုးကို မုန်းပါသည်။ တစ်ခါတစ်ရံ သူငယ်ချင်းတွေက. . . ပန်းတွေကို နင်ဘာကြောင့် မုန်းတာလဲဟု. . . မေးဖူးသည်။ ထိုအခါ မုန်းလို့ကို မုန်းတာဟု. . . မရေမရာ ဖြေတတ်ပြီး. . . ထပ်မမေးနိုင်အောင်လည်း စကားလမ်းလွှဲပစ်တာမျိုး ပြုလုပ်လေ့ရှိသည်။

တကယ်တမ်းကျ သူမ. . . ပန်းတွေကို မနှစ်သက်တဲ့အကြောင်း ခြေခြေမြစ်မြစ် ရှင်းပြနိုင်စရာ မရှိခဲ့ပါ။ တစ်ခုပဲ ရှိသည်။ သူမ. . . ပန်းကို မုန်းသည်ဟု ခံစားမိသောစိတ်အား ရုပ်ပြကာတွန်းစာအုပ်တစ်အုပ်မှ. . . စတင်ခဲ့သည်ဟု ထင်ပါသည်။ စာအုပ်ထဲမှာ. . . ဇာတ်လမ်းအရ လူရမ်းကားတစ်ယောက်က မင်းသမီးလေးအား အဓမ္မကျင့်ခဲ့သည်။ ထိုအခန်းကို သရုပ်ဖော်ပန်းချီဆရာက. . . ပန်းအိုးကို ကျကွဲစေခဲ့သည်။ လူရမ်းကား၏စက်ဆုတ်ဖွယ်ရာ ခြေဖဝါးအောက်မှာ. . . လှပသော ပန်းပွင့်လေးတစ်ပွင့်ကို. . . မွမွစင်အောင် နင်းချေစေခဲ့သည်။

ဒါဟာ ယဉ်ကျေးမှုနှင့် လျော်ညီသော နိမိတ်ပုံပြခြင်းဟု အသိရင့်သောအချိန်မှာ နားလည်ခဲ့သော်လည်း. . . အသိနုသောအရွယ်တုန်းက စက်ဆုတ်ဖွယ်ရာ နိမိတ်ပုံဆိုသည်မှာ. . . ကြေမွသွားသောပန်းဖြစ်သည်ဟု စွဲမှတ်သွားမိသည်။ ထိုအသိ ထိုအစွဲက. . . မြန်မာရုပ်ရှင် ဒရာမာ ဇာတ်ကားတစ်ကားကို ကြည့်ပြီး. . . ပို၍ခိုင်မာသွားခဲ့သည်။ ထိုဇာတ်ကားတွင်လည်း အဓမ္မပြုခြင်း၏စက်ဆုပ်ဖွယ်ရာအခန်းအား ပန်းကို. . . နင်းချေပြခြင်း. . . ပွင့်ဖတ်တွေ ခြွေကြဲထားခြင်းဖြင့်. . . နိမိတ်ပုံပြခဲ့သည်။

ထိုအချိန်မှစ၍. . . လဝန်း ပန်းကို မုန်းတော့သည်။ ပန်းကို ရွံမိ





သည်။ ဘယ်လောက် မွှေးပျံ့လှပတဲ့. . . ပန်းတစ်ပွင့် ဖြစ်နေပစေ သူ့စိတ်ကို. . . ဘယ်တော့မှ လွှမ်းမိုးဖြားယောင်းနိုင်စရာ မရှိဘူး. . . ဟူသောစကားကို ပြောခွင့်ရတိုင်း. . . ဂုဏ်ယူစရာ စကားတစ်ခွန်း ဖြစ်ခဲ့ပါသည်။

(ဘုရားရေ. . ဟောဒီ နှင်းဆီပန်းကလေးတွေကို. . ငါ သဘောကျနေပါလား. . . )

လဝန်း ဒါန်းလွဲပေါ်ကနေ ထိုင်ကြည့်ရင်းက. . . စိတ်ထဲ မရိုးမရွ ဖြစ်လာပြီး ဒန်းလွဲပေါ်က ဆင်းကာ. . . ကြက်သွေးရောင် အိစိုနေသော နှင်းဆီပွင့်လေးရှိရာ. . . ပန်းအိုးနား ရောက်သွားသည်။ ပွင့်ဖတ်အငုံလေးတွေ. . . အဖျားဆွတ် ပွင့်အာစလေးဖြစ်၍. . . ပျိုဖော်ဝင်စ ရှက်သွေးဖြာကာ မပွံ့မရဲလေးဖြစ်နေသော. . . အပျိုဖျန်းမလေးသဖွယ်။

လဝန်း. . . ကြည့်ရင်းက အသည်းယားလာပြီး. . . အသာအယာ တို့ထိနမ်းမွှေးပစ်လိုက်သည်။

"မင်းပြောတော့ ပန်းတွေကို မုန်းတယ်ဆို. . . !"

သူမ လန့်ပြီးမော့ကြည့်သည်။ မိုးညိုက မျက်နှာသုတ်ပုဝါကို ပခုံးပေါ် ပစ်တင်ပြီး. . . ချထားသော ရေပန်းခရားအား ဆွဲမ,ကာ ပန်းပင်တွေပေါ်. . . ဖွဖွလေး လောင်းနေလိုက်ပါသည်။ ခရားထဲ ရေကုန်သွားမှ. . . ကြောင်တောင်ရပ်ငေးနေသော. . လဝန်းဘက် လှည့်ကြည့်ပြီး. . .

"မင်းလိုချင်တဲ့အပွင့်ရှိရင် ပြောလေ. . . !"

လဝန်း မဖြေဘဲ ကြက်သွေးရောင် နှင်းဆီပွင့်လေးကိုသာ ငေးစိုက်ကြည့်နေသည်။

မိုးညိုလက်ထဲက ရေပန်းခရားကို ချပြီး ခါးကြားထဲ ခွထိုးထားသော. . . ပန်းညှပ်ကတ်ကြေးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ကြက်သွေးရောင် နှင်းဆီပွင့်အား. . . ရိုးတံရှည်ရှည်ထား၍ ကိုက်ဖြတ်ကာ လဝန်းထံ ကမ်းပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လဝန်း. . . အိပ်မက်ယောင်နေသူ တစ်ယောက်လို. . . နောက်ကို တွန့်ဆုတ်သွားသည်။ မိုးညိုက. . . အရိုးတံတစ်လျှောက်ရှိ ဆူးများအား ကတ်ကြေးဖြင့်. . . စိတ်ရှည်လက်ရှည် ကိုက်ဖြတ် တုံးတိပြီး လဝန်းချို့ လက်ကို လှမ်းဆွဲယူကာ ထည့်ပေးလိုက်တော့၏။

အဖြစ်အပျက်အားလုံး လျင်မြန်စွာ ပြီးဆုံးသွားခဲ့သည်။ ကြက်သွေးရောင် နှင်းဆီပွင့်လေးက. . . စက်ဆုတ်ဖွယ်ရာ နိမိတ်ပုံပြသလို ကြွေမွမနေပဲ. . . သူမလက်ထဲမှာ တည်ငြိမ်စွာ လှပနေသည်။ လဝန်း ရင်ခုန်သွားပါသည်။ မိုးညိုကတော့. . . ဘာမှမဖြစ်သလို ပေါ့ပါးစွာ ပြုံးလျက်. . .

"ပန်းဆိုတာ သဘာဝအတိုင်း သူ့အရိုးအရွက်နဲ့ အပင်ပေါ်မှာ. . ပွင့်နေတာက ပိုပြီးတင့်တယ်တယ်လို့ ဆိုပေမယ့် ပန်သူမဲ့ဘဝနဲ့ အထီးကျန်ကျန် ကြွေမွသွားရတာမျိုးကျတော့ သနားစရာ ကောင်းပြန်ရော. . ညီမလေးရဲ့ မင်းက ပန်းမကြိုက်ဘူးဆိုလို့သာ၊ မင်းနှစ်သက်ရင် ကြိုက်တာခူး. . . ဟုတ်ပြီလား. . . !"

ပြောပြီး. . . မိုးညို ခရားပုံး ဆွဲကာ ထွက်ခွာသွားလေသည်။ မိုးညိုထွက်သွားမှ လဝန်း. . . ကတုန်ကယင်ကြီး ဖြစ်လာပြီး ခြေဖျား လက်ဖျားများပင် အေးချင်လာတော့သည်။





"မနက်ခင်း သောက်ရမယ့်ဆေးတွေ သောက်ပြီးပြီလား !"

ညှော်ခန်းထဲ ဝင်လာသော မိုးညိုအား မင်းထင်ကျော် လှမ်းမေးသဖြင့်. . . မိုးညို ခေါင်းညိတ်ပြပြီး မင်းထင်ကျော်နှင့် ကပ်လျက်. . . ဆက်တီခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

ပြီးမှ လေသံကို နှိမ့်လျက်. . .

"ညက. . လဝန်းကို မင်းတအားဆူပစ်တာ မကောင်းဘူးကွာ. . ."

"ငါလည်း ဘယ်ဆူချင်မလဲကွာ၊ အခုဟာက အားနည်းချက်ကို အခွင့်ကောင်းယူပြီး အစ်ကိုတစ်ယောက်လုံးကို မလေးမခန့် လုပ်တာမျိုး. . . ဖြစ်လာလို့ကွ. . . ပြီးတော့ မနေ့က မင်းကို ငါ့အဝတ်အစားတွေကိစ္စနဲ့ ပြဿနာရှာတာမျိုး မလုပ်သင့်ဘူး၊ အစ်ကိုမျက်နှာကို လုံးဝ မကြည့်ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ. . . ငါတို့သာ မင်းဆီမှာ လာမနေရင်. . . ဒီပြဿနာမျိုး မင်းတို့မောင်နှမကြားမှာ ဖြစ်လာမှာ မဟုတ်ဘူး၊ ဘယ်လိုပဲ တွေးတွေး သူ့မှာ အပြစ်မရှိဘူး. . . အခု. . မင်းဆူလို့ သူ့စိတ်တွေ ဘယ်လောက် ကစဉ့်ကလျား ဖြစ်သွားတယ်မှတ်လဲ. . . !"

"ဘာဖြစ်လို့လဲ. . . သူအခုဘယ်မှာလဲ !"



www.burmeseclassic.com

www.burmeseclassic.com



"ဒါန်းလွဲခုံနားမှာ ရှိတယ်၊ ငါပန်းတစ်ပွင့် ချူပေးထားခဲ့တယ်. . ."

"ဘာကွ. . . သူမှ ပန်းမကြိုက်တာ. . . မင်းကို. . . ရိုက်မလွှတ်လိုက်ဘူးလား !"

"အဲ့ဒါပဲကွ. . . သူ့စိတ်တွေ ကစဉ့်ကလျား ဖြစ်ကုန်တယ်ဆိုတာ၊ အခု ငါပေးတဲ့ပန်းလေးနဲ့ ငိုင်ပြီးကျန်ခဲ့တယ်. . . သွားချော့လိုက်ကွာ၊ မင်းတို့မောင်နှမ. . . မသင့်မြတ်တော့. . . ငါတို့လည်း နေရတာ စိတ်ကျဉ်းကြပ်တယ်. . . ခရမ်းရော. . ."

"သွားပြီလေ. . . ဒီကောင် ဒီနေ့ စပြီးအလုပ်ဆင်းပြီ. . ."

"ဟုတ်လား. . . ဒီကောင်အလုပ်ရသွားတာ ဝမ်းသာတယ်ကွာ၊ ငါကတော့. . ."

"ဖြည်းဖြည်းပေါ့ မိုးညိုရာ. . . အလုပ်ကိစ္စ ခေါင်းထဲက ထုတ်ပြီး. . ကျန်းမာအောင် နားလိုက်ပါဦး"

"ရပါတယ်. . . ငါဘာမှမဖြစ်တော့ပါဘူး. . ဒီနေ့. . ခရမ်းမရှိဘူးဆိုတော့. . . ငါပဲ ထမင်းချက်ပါ့မယ်. . ."

"နေပါကွာ. . . ငါ. . . လဝန်းကိုပဲ ချော့မော့ပြီး ချက်ခိုင်းပါ့မယ်. . . မနေ့က ခရမ်း မီးဖိုချောင်ဝင်ပြီး. . . ထမင်းပေါင်းအိုးကို. . . ထမင်းရည် ငှဲ့ပြီးချက်နေလို့ ငါ့မှာ စိတ်ညစ်ရသေးတယ်. . ."

"ဟာ. . . ဒီရွာသားတွေ ဘာသိမှာလဲ !"

"မင်းကရော. . . !"

"ငါက တောသားကွ. . . တို့တောမှာ. . . လျှပ်စစ်မီးရတော့. . . ပေါင်းအိုးနဲ့ ချက်တာလောက်တော့ စာမဖွဲ့ဘူး. . ."

"အင်း. . . လာပြန်ပြီဟ. . . တစ်ယောက်. . . ဝက်စာအိုးထဲ ဘာတွေ သွန်ပေးရမလဲတော့ မသိဘူး"





အခန်း(၁၃)

ရွှန်း စိုသော မျက်ဝန်းအစုံထဲ. . . မျက်ရည်ကြည်တစ်ချို့ လဲ့ဝေ့ကာ တောက်ပနိုင်လွန်းသည်။ တဖျတ်ဖျတ် ပုတ်ခတ်ချလိုက်သော မျက်တောင်ကော့ကော့နက်နက်ရှည်ကြီးတွေ အနားသပ်ရှုပ်ထွေးလှုပ်ခါ သွားခြင်းကိုက. .. ရင်ခုန်ချင်စရာ ကောင်းလှသည်။

ဦးထက်ခေါင် တစိမ့်စိမ့်ကြည့်ပြီး တသိမ့်သိမ့် ခံစားပစ်ချင်သည်။ သို့သော် ထိုစိတ်ကူးမျှော်လင့်ချက်များက. . . မာကျောသော သူမနှလုံးသားကို. . . ထိုးဖောက်ဖြစ်တည်ဖို့. . ခက်ခဲလွန်းလှသည်။ စီးပွားရေးသမားအများစု. . . ပြားပြားမှောက် ကြောက်ဝပ်တုတ်ကွခဲ့ရသော ဦးဇေယျာလိုလူမျိုးကို ကျကျနန လှဲသိပ်နိုင်ခဲ့သမျှ. . . ဦးဇေယျာ၏ တစ်ဦးတည်းသောသမီး ငွန်မီယာကို သူအရှုံးကြီးရှုံးနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်မှန်း သိသိကြီးနှင့် အကြိမ်ကြိမ်ဖြစ်. . . အကြိမ်ကြိမ် ကျရှုံးခဲ့သည်။ သူမ. . . ဖခင်ပိုင်ဆိုင်သော စီးပွားရေးနယ်ပယ်အားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ သူမ၏နှလုံးသားတောင်ကုန်းလေးတစ်ခုကို. . . သိမ်းနိုင်ဖို့ကား ခက်လှ၏။

ဦးထက်ခေါင် ပင့်သက်ချပြီး. . .

"မင်းကို. . . ရှုံးရတာ များနေပြီ ဇွန်မိယာ. . . ဒီတစ်ခါတော့ ကိုယ်လျှော့မပေးနိုင်တော့ဘူး. . . တစ်ခုတော့ရှိတယ်. . . အဲဒီချာတိတ်ကို. . အစစ်အဆေး. . . အမေးအမြန်းမရှိ. . . အလုပ်ခန့်ပေးမယ်၊ မင်းက ကိုယ့်ရဲ့. . . Secretary အတွင်းရေးမှူး လုပ်ရမယ်. . . ဘယ့်နှယ့်လဲ"

"ရှင့်မှာ ရှိပြီးသားပဲ. . . မဟုတ်လား. . ."

"မှန်တယ်. . . မင်းရောက်လာရင် သူတို့ကို Site ပြောင်းလိုက်မယ်"

"ဒါဆိုလည်း Manager ကို ပြောင်းလိုက်လေ. . . ရှင် ကျွန်မကို အဆင့်မြင့်ရာထူး ပေးချင်နေတာပဲ. . . ကျွန်မလည်း အားနာနာနဲ့. . . Manager ရာထူးလောက် လက်ခံပေးလိုက်ပါမယ်. . ."

သူမစကားက ဦးထက်ခေါင်၏မျက်နှာအား ငရုတ်ရည်နှင့် ပက်ချလိုက်သည့်နှယ်။ အသားဖြူလွန်းသော ဦးထက်ခေါင်တစ်ယောက် ဖုံးဖိမရနိုင်အောင် ဖြစ်သွားသည်။ ဖြစ်လည်း ဖြစ်ရမည်။ Manager က. . . ဦးထက်ခေါင်ကို အညာကိုင်၍ ကောင်းကောင်း မောင်းနှင်နိုင်စွမ်း ရှိသော တရားမဝင်ဇနီး။ တစ်နည်းအားဖြင့် သူမဖခင်အပေါ် သစ္စာဖောက်ခဲ့သော. . . ဦးထက်ခေါင်၏သူလျှိုလည်းဖြစ်သည်။ ဒီမိန်းမ က. . . ဦးထက်ခေါင်အတွက် စနက်တံ အသင့်ရှိသော ဗုံးတစ်လုံးလည်း ဖြစ်နေပါသည်။

ဇွန်မိယာအဖို့ ဖခင်လက်လွှတ်ဆုံးရှုံးခဲ့သော Green ကို ရရာဘဝ နှင့် ဝင်ရောက်လာခြင်းမှာ. . . Company ကို ပြန်လည်ရယူခြင်း





ထက်. . . သစ္စာဖောက်များအား လက်တုန့်ပြန်ခြင်းသက်သက်သာ ဖြစ်လေသည်။

"ကောင်းပြီလေ. . . မင်းစိတ်ချမ်းသာအောင် ချာတိတ်ကို. . . အလုပ်ခန့်လိုက်မယ်. . . Promotor အလုပ်က ပင်ပန်းတယ် ဇွန်မိယာ. . မင်းမတတ်နိုင်တော့ရင် ကိုယ့်ဆီ အချိန်မရွေး လာခဲ့ပါ၊ ကိုယ်သင့်တော်သလို စီစဉ်ပေးမယ်. . . ဟုတ်ပြီလား ! "

ဇွန်မိယာ ပြုံးလိုက်၏။

ဇွန်မိယာအဖို့ ကုမ္ပဏီကို ရရာဘဝနှင့် ပြန်လည်ဝင်ရောက်ဖို့ ကြိုးစားခြင်းက. . . ဦးထက်ခေါင်အတွက် အဖျက်အားပြင်းသော အရာတစ်ခုကို လက်ခံထားရာကျကြောင်း. . . ဦးထက်ခေါင်သည်လည်းပဲ သိသင့်သလောက် သိပါသည်။

ခက်တော့ခက်နေပြီ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com

"မင်း မနက်ဖြန်ကစပြီး GREEN SOAP COMPANY မှာ အလုပ်ဆင်းခွင့်ရပြီ မိုးညို"

မင်းထင်ကျော် အခန်းထဲ ဝင်လာရင်း ပြောလိုက်သော စကားသံကြောင့်. . . မိုးညို အလန့်တကြား လှည့်ကြည့်သည်။ ထို့နောက် ခုတင်ပေါ်မှ ခုန်ဆင်းလာကာ. . .

"မင်း. . . ဘာပြောလိုက်တယ် ထင်ကျော် ! "

မင်းထင်ကျော်က မိုးညို၏လက်မောင်းနှစ်ဖက်ကို ဆုပ်ညှစ်ကိုင်ကာ. . . ခုတင်ပေါ် ပြန်ထိုင်ခိုင်းလိုက်သည်။ သူကိုယ်တိုင်လည်း ခရမ်း၏ ခုတင်တွင်. . . ဝင်ထိုင်ရာမှ ပက်လက်လှန်ချလိုက်ပြီး. . .

"ငါ့ဆီကို. . . ဇွန်မိယာ ဖုန်းဆက်တယ်. . . မနက်ဖြန် မင်းကို အလုပ်ဆင်းခိုင်းလိုက်ပါတဲ့"

"ဟင်. . . ငါမှ. . . ဘာမှ. . . "

"ယုံလိုက်ပါကွာ. . . ဇွန်မိယာ မင်းအတွက် သီးခြားကြိုးစားပေးလိုက်တာ ဖြစ်မှာပါ. . . Green က သူ့အဖေ ဦးဇေယျာ ပိုင်တဲ့ Company လေ၊ တစ်ခြားတစ်ယောက်ဆီ လက်လွှဲရောင်းလိုက်ရတယ်လို့ ကြားတာပဲ. . . ဘာပဲဖြစ်ဖြစ်. . . ဦးဇေယျာရဲ့သမီးတစ်ယောက်အနေနဲ့ လူတစ်ယောက်ကို. . . အလုပ်သွင်းပေးတာလောက်ကတော့ အပန်းမကြီးပါဘူး"

"အေးကွာ. . . မင်းပြောသလိုဆို. . . ဒီအမျိုးသမီးက. . . အတော်စိတ်ဝင်စားစရာကောင်းနေပြီ"

မိုးညို တခြားဘာကိုမှ ရည်ရွယ်ခြင်း မရှိသော်လည်း ထိုစကားအတွက် မင်းထင်ကျော်. . . သတိထားမိသလို ခေါင်းငဲ့ကြည့်သည်။ မိုးညို ပျော်နေပုံရသည်။ သို့သော်. . . သူ၏ပျော်ရွှင်မှုများအားလုံး မင်းထင်ကျော်၏စိုးရိမ်ပူပန်မှုများနှင့် ကင်းကွာနေကာ. . . ဖြူဖြူစင်စင် ပျော်ရွှင်မှုဖြစ်ကြောင်း. . . မိုးညို၏မျက်နှာပေါ် ဖတ်ရှုကြည့်ပြီးမှ ပင့်သက်ခိုးရှိုက်ရတော့၏။

"ကိုကို. . . ထမင်းစားကြမယ်"

မင်းထင်ကျော်နှင့် မိုးညိုတို့ အခန်းဝဆီ ပြိုင်တူလှမ်းကြည့်လိုက်သည်။ လူမတွေ့ဘဲ အသံသာ ကြားရသဖြင့် မင်းထင်ကျော် ထထိုင်ရင်း. .

"လဝန်း ဘယ်လိုဖြစ်သွားတယ် မသိဘူးကွာ ! "

"ဘာဖြစ်လို့လဲ ! "

"ငါသတိထားမိသလောက် ဟိုရက်က ငါသူ့ကို ဆူပြီးနောက်ပိုင်း ပြောင်းလဲသွားတယ်. . . မင်းတို့ကိုတောင် မပြုံးစုတော့တာ. . . အံ့စရာပဲ"

"အဲဒီတော့ မင်းစိတ်မချမ်းသာဘူးလား ! "

"ပြဿနာမလုပ်တော့ စိတ်သက်သာတာပေါ့ကွာ. . . ဒါပေမယ့် ငါတစ်သက်လုံး ရင်းနှီးလာခဲ့တဲ့ သူ့စရိုက်တွေ ရုတ်တရက်ကြီး ပျောက်ကုန်တော့. . . တစ်မျိုးကြီးပေါ့ကွာ. . . ကိုယ့်နှမ အတင်းပြောတာတော့ မဟုတ်ဘူး. . . လဝန်းက အိမ်မှုကိစ္စကို လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး၊ ငါတို့ကို ချက်ကျွေးတာတောင် မလွန်ဆန်နိုင်လွန်းလို့. . . အဒေါ်မင်းကြည့်







www.burmeseclassic.com

www.burmeseclassic.com



လေ"

မင်းထင်ကျော်. . . အံ့ဩမယ်ဆိုလည်း အံ့ဩစရာ။ ကျောင်းသွားချိန်တစ်ချိန်ကလွဲလို့. . . အိမ်ပြန်ရောက်သည်နှင့်. . . အိမ်ရှင်း၊ လျှော်ဖွတ်၊ ချက်ပြုတ်၊ ဗိုင်းကောင်းကျောက်ဖိ အိမ်ရှင်မတစ်ယောက်၏လုပ်ကိုင်မှုမျိုးနှင့်. . . ထောင့်စေ့အောင် လုပ်ကိုင်ကာ. . . အနေအထိုင် အပြောအဆိုကအစ ယဉ်ကျေးသိမ်မွေ့လာပြီး. . . တကယ့်ကို မိန်းမကြီးစရိုက်မျိုး။

ခါတိုင်း ကျောင်းပိတ်ရက်ဆို. . . သူငယ်ချင်းတွေနှင့် ချိန်းပြီး တစ်နေကုန် လည်ပတ်တတ်သော အမူအကျင့်တွေပါ ပျောက်ကုန်ကာ. . . အိမ်မြဲနေတော့သည်။

ညနေစာ စားသောက်ပြီး မိုးညိုနှင့် မင်းထင်ကျော်တို့ ခြံထဲ ခြေခင်းလက်ခင်း ဆင်းလျှောက်ခဲ့ကြသည်။ မင်းထင်ကျော်က. . .

"မင်းမနက်ဖြန် အလုပ်ဆင်းဖို့ ဘာလိုအပ်သလဲ ! "

"ဘာမှမလိုပါဘူးကွ. . . ပြည့်စုံပါတယ်"

"မင်းလုပ်ရမှာ Promotor လေ၊ အပြင်ထွက်နေမှာ. . ရုံးထဲမှာ မဟုတ်ဘူး. . . ထမင်းချိုင့်တို့ဘာတို့တော့ လိုမှာပေါ့"

"ဟာ. . . ဖြစ်ပါတယ်ကွာ၊ ကြုံတဲ့နေရာပေါ့"

"မဖြစ်လို့ မေးတာပေါ့ မိုးညိုရာ. . . ခရမ်းလိုကောင်မျိုးတောင် မဖြစ်လို့. . . ထမင်းချိုင့်ကိစ္စ ငါပဲ စီစဉ်ပေးလိုက်တယ်၊ အဲဒီတုန်းက မင်းအတွက် သတိရပါတယ်၊ ဒါပေမယ့် မင်းအလုပ်ကိစ္စက ခုလောက် မြန်မြန်ကြီး ဖြစ်လာလိမ့်မယ်လို့ ထင်မထားလို့ မဝယ်ဖြစ်တာ"

"ကဲ. . . လာ၊ စီးတီးမတ်မှာ သွားဝယ်ကြမယ်. . . "

"မသွားတော့ဘူး ထင်ကျော်. . . ငါ့အတွက် အပိုအကုန်ခံမနေနဲ့"

"ဟကောင်ရ. . . ထမင်းစားတဲ့အလုပ်က. . . အပိုလားကွ ! "

လဝန်း ခြံထဲ ဆင်းလာသဖြင့် သူတို့နှစ်ယောက် စကားစပြတ်သွား ကြသည်။ သူမက. . .





"ကိုမိုးညို ထမင်းချိုင့်ကိစ္စက ပြဿနာမရှိပါဘူး၊ ညီမလေးအတွက် ပြင်ဆင်ရင်း နှစ်ယောက်စာ ထည့်ချက်လိုက်လို့ ရတာပဲ"

မင်းထင်ကျော် မျက်မှောင်ကြုံ့သွားပြီးမှ. . .

"မဟုတ်ဘူး. . . ဒီကောင်ထည့်သွားဖို့ ချိုင့်ကို ပြောနေတာ"

"အဲဒါလည်း အဆင်ပြေပါတယ်. . . မနှစ်က ညီမလေး သုံးတဲ့ စတီးချိုင့် ရှိတာပဲ. . . အဲဒါနဲ့ ထည့်ယူသွားပေါ့. . . အစားကြီးရင်တော့ ဝမှာမဟုတ်ဘူး. . . အဟင့်ဟင့်"

"ရ. . . ရတယ် လဝန်း၊ အဲသလောက်ဆိုရင်ပဲ အဆင်ပြေပါတယ်၊ ဒါပေမယ့် ညီမလေးအတွက် အလုပ်ပိုတွေ ဖြစ်နေပါ့မယ်"

"မပိုပါဘူး. . . လဝန်း ကျောင်းထမင်းချိုင့်အတွက် စီစဉ်ရင်းနဲ့ ထည့်တာပဲဥစ္စာ"

နေ့ရှိသ၍ မိုးအုံ့နေတတ်သော သူတို့အိမ်ကလေးအတွင်း. . . ရာသီဥတုကြည်လင်လာခဲ့၍ ထင်ကျော်အနည်းငယ် စိတ်သက်သာယာ ရခဲ့သည်။ ခက်နေတာက လဝန်းချို. . . . ။

မင်းထင်ကျော်တစ်ယောက် အံ့ဩစရာကောင်းသော ညီမဖြစ်သူကို လှမ်းလှမ်းကြည့်ရင်း. . . လဝန်း၏မျက်လုံးအကြည့်တွေအား သတိထားမိသွားလေတော့သည်။

(ဘုရားသခင်. . . မဟုတ်မှလွဲရော. . . ဒီကောင်မလေး. . . )

မင်းထင်ကျော် ကြက်သီးထလာသဖြင့် ဆက်မတွေးရဲတော့. . . ။

ပုံမှန်အတိုင်းတော့ မနက်(၇)နာရီထိုးသည်နှင့် ခရမ်း အိမ်မှ စထွက်သည်။ ဘယ်ချိန်အလုပ်တက်ပြီး ဘယ်ချိန် အလုပ်ဆင်းသည်တော့ မသိ။ ခရမ်း မနက်(၇)နာရီ ထွက်သွားပြီး. . . ည(၇)နာရီကျော်မှ အိမ်ပြန် ရောက်လာသည်။

မိုးညိုကတော့ ထိုသို့မဟုတ်။ အိမ်က (၉)နာရီလောက်မှ ထွက်ပြီး ညနေဆို. . . (၅)နာရီကျော်လျှင် မိုးညိုပြန်ရောက်ပြီး မင်းထင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအကျင့်အတိုင်း. . . အမည်မဖော်သော အကြောင်းအရာတစ်ခုအတွက် အိမ်ကနေ ညနေတိုင်း ကားနှင့် ထွက်ပြီး. . . ပုံမှန်မဟုတ်သော အချိန်များဖြင့်. . . မိုးချုပ်မှ ပြန်ရောက်လာတတ်သည်။ ကားဆီထုတ်ရက်များတွင်တော့. . . တစ်နေကုန်နီးပါး သွားတတ်သည်။ သို့သော် ထိုရက်မျိုးတွင် ခါတိုင်းလို မိုးချုပ်တာမျိုး မဟုတ်ပဲ. . . ညနေစောင်းလောက် ပြန်ရောက်တတ်ပါသည်။

မည်သို့ဆိုစေ ည(၇)နာရီ မြဝတီမှ. . . ကိုရီးယားဇာတ်လမ်းတွဲများ ပြသသောအချိန်သည် သူတို့လေးယောက်. . . လူစုံသောအချိန်ပင်ဖြစ်လေသည်။ ကိုရီးယားဇာတ်လမ်းကို သူတို့အားလုံး ကြိုက်ကြသည်။ ဇာတ်လမ်းတစ်ပိုင်းပြီး၍. . . ကြော်ငြာဝင်တိုင်း ဇာတ်လမ်းအကြောင်း ထောင်းလမောင်းကြေအောင် ပြောကြဆိုကြ ဝေဖန်ကြသေးသည်။

"မင်း ဒီကားမှာ ဘယ်သူ့ကို အကြိုက်ဆုံးလဲ ! "

"နာယောင်းတို့အမေကြီးကို"

"ဘာ. . . မုဆိုးမကြီးကို ကြိုက်တယ် ! "

"ကွတ်. . . မုဆိုးမကြီး ကြိုက်မလားကွ. . . ကြိုက်မယ့်ကြိုက်. . ဒါယောင်းဖြစ်ဖြစ် နာယောင်းဖြစ်ဖြစ် ကြိုက်မှာပေါ့. . . ငါပြောတာ. . . မုဆိုးမအဖြစ် သရုပ်ဆောင်နေတာကို ပြောတာ"

ခရမ်းက. . မင်းထင်ကျော်ကို ပြန်ရှင်းပြရင်း မိုးညိုကို လှမ်းကြည့်သည်။ မိုးညို လက်သည်းထိပ်ကို သွားနှင့် ကိုက်ရင်း ငြိမ်နေသဖြင့်. . .

"မင်းလည်း နာယောင်းကို သဘောကျနေပြီမဟုတ်လား မိုးညို"

မိုးညို ခေါင်းခါပြပြီး. . .

"မဖြစ်ဘူးကွ. . . ငါမှ ဟင်းရည်နဲ့ကျိဂံ မလုပ်တတ်တာ"

လဝန်းချို တခိခိ ရယ်လေသည်၊ လဝန်း ရယ်တာကို မင်းထင်ကျော် သဘောမကျ၊ သူ့စိတ်ထဲ တစ်မျိုးကြီးခံစားနေရပြီး အလိုမကျဟန်နှင့်. . .





ခရမ်းစကားကြောင့် ကိုဇာနည် အီကြာကွေးကို လက်ဖက်ရည်ပန်းကန်ထဲ မနှစ်ဘဲ. . . ရေနွေးပန်းကန်ထဲ နှစ်မိသဖြင့်. . . စိတ်ညစ်သွားကာ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ခရမ်းက. . .

"စားလိုက်ပါဗျာ. . . နောက်တစ်ခါကျမှ လက်ဖက်ရည်ပန်းကန်ထဲ သေချာချိန်ပြီး ထည့်နှစ်"

ကိုဇာနည်လည်း ဗျစ်ခနဲ နေအောင် ကိုက်ဝါးလိုက်ပြီး လက်ထဲကျန်နေသော အီကြာကွေးကို. . . လက်ဖက်ရည်ပန်းကန်ထဲ ကဗျာကသီထိုးနှစ်လိုက်သည်။ ဒါကိုကြည့်ပြီး ခရမ်းက. . .

"ဖြည်းဖြည်းနှစ်လည်း ချိုပါတယ်"

"ခင်ဗျာ"

ကိုဇာနည် ကြောင်အမ်းအမ်းဖြစ်သွား၍ ခရမ်း ရယ်တော့သည်။ ပြီးမှ. . .

"ဘာမှမဟုတ်ဘူး. . . ကိုယ့်ဘာသာ စိတ်ကြိုက်ဆွဲ"

ထိုအခါမှပင် ကိုဇာနည်လည်း စိတ်ပေါ့လူပေါ့ စားနိုင်လေတော့သည်။ လက်ဖက်ရည်ပန်းကန်ထဲ. . . တည့်မတ်စွာ နှစ်နိုင်လာ၍ အချိုတော့ မပေါ့ချေ။

စားသောက်ပြီးမှ ကိုဇာနည်က စီးကရက်တစ်လိပ် မီးညှိဖို့ ဘူးထဲက ဆွဲထုတ်ရင်း. . .

"ခင်ဗျားပြောတဲ့ လူတွေအကြောင်းဆိုတာ ပြီးသွားပြီလား ! "

"ရပ်လိုက်တာ. . . ဆက်ပြောရင်. . . အီကြာကွေးတွေ အချိုပေါ့ကုန်မှာစိုးလို့. . . "

ကိုဇာနည် သူ့အဖြစ်သူ ပြန်တွေးပြီး ပြုံးသည်။ ခရမ်း ဆက်ပြောခဲ၏။

"လူတွေအကြောင်း မပြောတာ ကောင်းပါတယ်ဗျာ မနေ့ကသည်း ကျွန်တော်ပြန်လာတော့. . . ကားပေါ်မှာ သံဃာခုံမှာ လူတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောတ် ထိုင်လာတယ်၊ ပုံစံကတော့ လူရည်သန့်ပဲဗျ၊ ပိုက်ဆံအိတ်တစ်အိတ်တင် တစ်ပေပတ်လည်လောက် ရှိမယ် ထင်တယ်. . . ကျွန်တော်က သူ့ဘေးမှာ မတ်တပ်ရပ်ပြီး လိုက်လာတာ၊ မှတ်တိုင်တစ်တိုင် ရောက်တော့. . . အမျိုးသမီး ခပ်ချောချောတစ်ယောက် ကျွန်တော့်ဘေးကို ရောက်လာတယ်၊ သံယာခုံပေါ်က ပုဂ္ဂိုလ်ကြည့်တာမှ မျက်လုံးပါ ထွက်ကျမတတ်ပဲ၊ အဲ့. . . နောက်ထပ်မှတ်တိုင်တစ်တိုင် ရောက်တော့ ဦးပဇင်းတစ်ပါးကြွလာတယ်ဗျ. . . စပါယ်ယာက ခရီးသွားရင်း ကုသိုလ်ယူပါ. . . သံယာခုံလေး ရှင်းပေးပါလို့လည်း အော်ရော. . . အဲဒီလူရဲ့မျက်လုံးတွေ ချက်ချင်းမှိတ်ကျပြီး ငိုက်လိုက်တာဗျာ၊ အံ့ရော. . . အံ့ရော. . . အဲဒါနဲ့ ကျွန်တော်လည်း သူကြားအောင် နားနားကပ်ပြီး ဘုန်းကြီးကြွလာပြီလို့ ပြောလိုက်တော့. . . သူက ကျွန်တော်ကြားအောင် ခလူးခလောနဲ့ ပြန်ဟောက်ပြတယ်လေ၊ ကျွန်တော်လည်း ဒေါသထွက်ပြီး နားရင်းပိတ်အုပ်ပစ်လိုက်တယ်. . ."

"ဟာ. . . ဒါဆို ပြဿနာတက်ကုန်တာပေါ့ ! "

"ကျွန်တော်ပြဿနာတက်တာ မနေ့ကတည်းက ပြီးသွားပြီဗျ၊ အခုခင်ဗျားပြဿနာက ဆေးလိပ်ကို ပြောင်းပြန်မီးညှိထားတယ်"

"ဟမ်. . ."

"ကျွန်တော် အဲ့ဒါကြောင့် လူတွေအကြောင်း မပြောချင်တာ"

စိတ်ညစ်သွားပြီး. . . ဆေးလိပ်လွှင့်ပစ်လိုက်ပါသည်။

ထို့နောက်. . .

"ကဲ. . . ကျွန်တော်တို့ သွားကြမလား ! "

"ကိုဇာနည် သွားနှင့်ဗျာ၊ ဒီနေ့ ကျွန်တော်နောက်ကျမယ်. . . သူငယ်ချင်းတစ်ယောက်ကို စောင့်စရာရှိလို့. . ."

ကိုဇာနည် ခေါင်းတစ်ချက်နှစ်ချက် ဆတ်ညိတ်ကာ ပိုက်ဆံငါးရာတန်တစ်ရွက် ခုံပေါ် တင်ထားပြီး ထရပ်လိုက်သည်။ ခရမ်းက. . .





"အစ်ကို ထမင်းဆိုင် ဝင်မှာမဟုတ်လား ! "

"အင်း. . ."

"ရော့. . . ကျေးဇူးပြုပြီး ကျွန်တော့်ချိုင့်လေး ယူသွားပေးပါဗျာ၊ ပုံတော်သလို ကျူပျော်ဟင်းလေးနဲ့ပဲဖြစ်ဖြစ် ထည့်ထားပေးပါလို့"

"ဩော်. . . အင်း. . . ရပါတယ်"

ကိုဇာနည်ထွက်သွားမှ ခရမ်း စီးကရက်တစ်လိပ် ထပ်ညှိပြီး မြို့ဝင်ဂိတ်ဘက် လှမ်းကြည့်လိုက်သည်။ ဂိတ်ထဲမှ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်လာသော. . . မိုးညိုကို မြင်ရသဖြင့် ခုံမှ ထကာ လက်ခုပ်တီး၍ လှမ်းခေါ်လိုက်လေသည်။

မိုးညိုလျှောက်လာပြီး စောစောက ကိုဇာနည် ထိုင်သွားသော ခုံမှာ ဝင်ထိုင်ရင်း လက်ထဲက ထမင်းချိုင့်ကို စားပွဲပေါ်မှာ သေချာတင်လိုက်သည်။

"အိမ်သူသက်ထားက ဘာဟင်းတွေများ ထည့်ပေးလိုက်လဲ ! "

"ဘာ. . . !! "

ခရမ်း၏စကားက မိုးညို၏မျက်ခုံးညို့ညို့ကြီးတွေကို မြင့်တက်သွားစေသည်။

"မင်းဘာစကားပြောတာလဲ ခရမ်း"

"လူစကားလေကွာ. . . ဘာလဲ မင်းနားမလည်ဘူးလား ! "

"မင်းကွာ. . . နောက်စရာ မဟုတ်တာ မနောက်စမ်းပါနဲ့"

"ငါနောက်နေတာ မဟုတ်ဘူး မိုးညို၊ လဝန်း ဘယ်လိုခါတ်ပျက်ပြီး မင်းကို ခါတ်တည့်သွားမှန်း မသိလို့ ပြောနေတာ၊ ကြည့်လေကွာ. . . မနက်ခင်း ထမင်းချိုင့်ကိစ္စ ငါ့ကျတော့ လုပ်ကိုင်ပေးဖို့ နေနေသာသာ. . . မေးဖော်တောင် မရဘူး၊ မင်းကျမှ. . ."

"ဒါတော့ မင်းက အစောကြီး သွားတာကိုးကွ"

"ဟကောင်ရဲ့. . . အစောကြီး သွားရတာက ထမင်းချိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်မှာ စားစားသွားပေးပြီး ထည့်ခိုင်းရတာ၊ ဆိုင်ကလည်း ချိုင့်မြင်မှ ပို့ချက်တာ... မဟုတ်ရင် သူ့ဖောက်သည်အတွက် ကွက်တိပဲ လုပ်တယ်"

မိုးညို အူတိအူကြောင် ဖြစ်သွားပြီး လက်ဖက်ရည် လှမ်းမှာလိုက်သည်။

ထို့နောက် ပင့်သက်တစ်ချက် ရှိုက်သွင်း၍...

"မင်းပြောမှပဲ... ငါသတိထားမိတယ် ခရမ်း၊ မင်းပြောသလို လဝန်း စိတ်ပြောင်းသွားတာတော့ အမှန်ပဲကွ... ဒါပေမယ့် မင်းထင်သလို ပြောင်းတာမျိုးတော့ မဖြစ်နိုင်ဘူး ထင်တယ်ကွာ"

"အေးလေ... ဒါက... မင်းစိတ်နဲ့မင်းကိုး... သူ့စိတ်နဲ့သူ တတော့... ငါခန့်မှန်းမိသလောက် ထင်ကျော်ကို ယောက်ဖတော်စေချင်ပုံ ပဲကွ၊ ပြီးတော့ ကောင်မလေးက ကိုရီးယားကား ကြိုက်တယ်လေ... လောလောဆယ်မင်းက အိုပ္ပါဖြစ်နေပြီ"

"မဟုတ်တာကွာ... ငါ့စိတ်ထဲမှာ ဘာမှမရှိဘူး၊ လောလော ဆယ် ရှိတာ ငါအလုပ်ကြိုးစားမယ်... ပိုက်ဆံရရင် မင်းနဲ့ငါ တိုင်ပင်ထား သလို အခန်းငှားမယ်၊ ပြီးရင် ငွေစုမယ်၊ ဒါပဲ သိတယ်"

"အေးလေ... ငါသတိပေးတာပါ၊ အချစ်ဆိုတာ ဘူဒိုဇာကား ကြီးနဲ့ တူတယ်ကွ... ဘယ်လောက် အမြစ်စွဲတဲ့ သစ်ငုတ်ကြီးပဲဖြစ်ဖြစ်... အသာလေး ကော်ထုတ်ပစ်နိုင်တယ်"

"ဘယ်... ဘယ်လိုကွ !"

"ကွျတ်... တောသားအချင်းချင်း ဒုံးဝေးတယ်လို့ မပြောချင်ဘူး၊ မင်းဖြည်းဖြည်းစဉ်းစားကြည့်... သဘောပေါက်လာလိမ့်မယ်၊ ကဲ... လစ်ကြမယ်"

လစ်ကြမယ်ဆိုမှ... မိုးညို လက်ဖက်ရည်ကို တဂွပ်ဂွပ်နှင့် မော့သောက်ချပစ်သည်။





"ဒါပေမယ့်... ငါ ကိုရီးယားကားတွေ သိပ်မကြိုက်ချင်တော့ ဘူးကွ"

"ဟေ... ဘာဖြစ်လို့လဲ !"

ခရမ်း မေးရင်း လှည့်ကြည့်သည်။

"သူတို့ဆီမှာ မေတ္တာရေးကိစ္စကို... မိန်းကလေး စကြိုက်တဲ့ ယဉ်ကျေးမှုကို အတော်အလေးပေးကြတယ်ကွ... ငါမကြိုက်တာ... အဲဒါပဲ... မြန်မာမဆန်ဘူးကွာ"

"သြော်... ကိုရီးယားပါဆိုမှ မြန်မာဆန်ပါ့မလား၊ ခွတော့ ကျ နေပြီ"

"ခွမကျနဲ့ ခရမ်း... အခု ငါတို့ဆီက ကောင်မလေးတွေ ကိုရီး ယားကားတွေ ကြည့်ကြည့်ပြီး မိန်းကလေးကစတဲ့ စရိုက်တွေ တွေ့နေရပြီ"

"ဟုတ်လား... ဘယ်နားမှာ တွေ့ရလဲ !"

မင်းထင်ကျော်က သူ့စကားကို ဝင်ဝင်ဖောက်နေသော ခရမ်း အား မှုန်တေတေ လှမ်းကြည့်လျက်...

"မင်းက ဘာလုပ်မလို့လဲ !"

"သြော်... ကောင်မလေးက စကြိုက်တဲ့နေရာမျိုးတွေ သိထား ရင်... အဲဒီရှေ့က ဖြတ်လျှောက်မလားလို့ပါကွာ... နောက်ကနေ အိုပ္ပါ... အိုပ္ပါနဲ့ လိုက်ခေါ်ရင်.. ငါကတော့... ကိုရီးယားမင်းသားတွေ လို မူမနေတော့ဘူး... အဟတ်ဟတ်"

"သိပါတယ်... မင်းက... ဘူးချင်တဲ့ကောင်"

"ဟ... ဘူးချင်တာ မဟုတ်ဘူးကွ... သူတို့ရဲ့... ကာယ အိန္ဒြေကို... ကာကွယ်ပေးတာ... မိန်းကလေးတန်မဲ့ ကိုယ့်သိက္ခာ ကိုယ် မငဲ့.. လိုက်စရတာ ဘယ်လောက်သနားဖို့ကောင်းလဲ၊ ဒါကို ငါတို့ ယောက်ျားရင့်မကြီးတွေက ငဲ့ညှာပေးရမယ်ကွ"

ကြော်ငြာပြီးသွား၍ ဇာတ်လမ်းပိုင်း ပြန်စသဖြင့် သူတို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အသံတိတ်ပြီး. . . တိဗ္ဗိဖန်သားပြင်ပေါ် အကြည့်ရောက်သွားကြသည်။ မင်းထင်ကျော်၏အကြည့်ကတော့. . . မှုပျက်နေသော ညီမဖြစ်သူ လဝန်းဆီ. . . မကြာဏာ ရောက်ဖြစ်နေတော့သည်။





## အခန်း(၁၄)

မနက်ခင်း၏အလင်းကို ကြည့်ပြီး ခရမ်း အိမ်က ထွက်လာခဲ့သည်။ တောမှာ. . . နာရီကို မကြည့်. . . နေကိုပဲ ကြည့်သည်၊ နေမရှိလျှင် လကို ကြည့်သည်၊ လမရှိလျှင်. . . ကြယ်ကြည့်သည်။ ဘာမှမရှိလျှင်တော့. . . အလင်းနှင့်အမှောင်ကို ကြည့်ပြီး. . . အချိန်ကာလကို ခွဲခြားပါသည်။ ဒါကို တောသူတောင်သားတိုင်း၏ မွေးရာပါ ကာလဗေဒပညာရပ်ဟု ပြောရမည်။

ခရမ်းလည်း တောသားပေမို့. . . မွေးရာပါ ကာလဗေဒနှင့်သွားလာလှုပ်ရှားပုံရသည်။ သူ အိမ်က ထွက်လျှင်. . . (၇)နာရီ။ လက်ထဲက ထမင်းဟင်းမပါသော. . . ထမင်းချိုင့်ကို ပေါ့ပေါ့ပါးပါး ဆွဲယူလာပြီးဆိတ်ငြိမ်ဇိမ်ကျနေသော ခြံကွက်ကြီးများကို အစဉ်လိုက်. . . ကျော်ဖြတ်လာခဲ့သည်။ ထို့နောက်. . . မြို့ဝင်ဂိတ်ကို ကျော်သည်။ အိမ်က ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက တိတ်ဆိတ်ခြောက်ကပ်လာခဲ့သမျှ. . . မြို့ဝင်ဂိတ်ကို ကျော်မှ လှုပ်လှုပ်ရှားရှား သုတ်သီးသုတ်ပြာ သွားလာနေကြသော. . . လူသူလေးပါးကို မြင်ရတော့သည်။

ခရမ်းက ထုံးစံအတိုင်း ကားမှတ်တိုင်ဆီ မသွားသေးပဲ ကားလမ်းဘေးရှိ. . . လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်သည်။ ခရမ်းထိုင်နေကျဆိုင်ဖြစ်၍. . . စားပွဲထိုးလေးက ချိုပေါ့ကျ ကြိုမှာထားပြီး. . . ရှူဘီတစ်ပွဲ ယူလာကာ ခရမ်းထိုင်သောဝိုင်း၌ ချပေးလိုက်၏။

ထို့နောက် လက်ဖက်ရည် ရောက်လာသဖြင့် လက်ဖက်ရည်တစ်ငုံချင်း စုတ်သောက်ရင်း. . . စီးကရက်ဖွာရင်းနှင့် သူတည်းခိုနေထိုင်ရာ ရွှေမြို့တော်ကြီးဘက် မျက်နှာမူ၍. . . အတွေးစုံနှင့် ငေးမှိုင်နေတော့သည်။

စီးကရက် တစ်ပွဲစာခန့် ကြာသောအခါ. . . ဝပ်ရှော့ဆရာ ကိုဇာနည် ရောက်လာသည်။ စားပွဲထိုးလေးက ချိုဆိမ့်လှမ်းအော်ပြီး အီကြာကွေးတစ်ပွဲနှင့် ရှူဘီနောက်တစ်ပွဲ ယူလာကာ. . . ခရမ်းတို့ဝိုင်းမှာ ချပေးလိုက်သည်။

"ဘာတွေ တွေးနေတာလဲဗျ ! "

"လူတွေအကြောင်းပါ"

"ဟုတ်လား. . . ပြောစမ်းပါဦး ! "

"ကျွန်တော်တို့ရွာမှာ နွားတွေ အကောင်ရာနဲ့ချီပြီး မွေးတဲ့လူရှိတယ်. . . သူ့နွားတွေကို ခြံကြီးအကြီးကြီးခတ်ပြီး မွေးတယ်၊ အဲ့ဒီခြံကို နွားခြံလို့ ခေါ်တယ်"

"အင်း"

"အခုဗျာ. . . ဒီအထဲမှာ လူတွေအများကြီး နေကြတယ်. . . ခြံကြီးအကြီးကြီး ခတ်ထားတယ်. . . အဲဒါကို ရွှေမြို့တော်တဲ့ဗျာ၊ လူခြံလို့ ဘာလို့ မခေါ်ကြတာလဲ"

"ဟမ်. . . "





ခရမ်းက စားပွဲထိုးလေး လှမ်းခေါ်၍ ကျသင့်ငွေ ရှင်းပေးကာ နှစ်ယောက်သား ဆိုင်ထဲက ထွက်လာခဲ့ကြသည်။ ဆိုင်အပြင်ရောက်မှ ခရမ်းက. . .

"မင်းသွားနှင့်တော့ သူငယ်ချင်း. . . ငါ ထမင်းဆိုင်မှာ ချိုင့်သွားယူရဦးမယ်"

"နေဦး. . . မင်းထမင်းချိုင့်က ဘယ်လိုယူရတာလဲ၊ နေ့ရှင်းလား လရှင်းလား ! "

"လကုန်မှ ရှင်းရမှာ၊ ကိုဇာနည်ရဲ့ဖောက်သည်ဆိုင်မို့လို့ သူ့အာမခံပေးလို့ ရတာ"

"ငါ့ကိုလည်း ပြောပေးကွာ. . . လကုန်ရင် ငါလည်း မင်းလို ရှင်းပေးမှာပေါ့"

"ဟ. . . မင်းအတွက် လဝန်း လုပ်ပေးနေတယ်မဟုတ်လား ! "

"ငါ သားရေပေါ်အိပ် သားရေးနားစားလို့ အပြောမခံနိုင်ဘူး ခရမ်း၊ ရှင်းလို့ရတာ စောစောစီးစီး ရှင်းချင်တယ်"

"မင်းရတဲ့လစာနဲ့ရော အဆင်ပြေပါ့မလား. . . တစ်လစာကို တစ်သောင်းခွဲ ကျတယ်နော်"

"ဖြစ်တယ်ကွာ. . . ပြောပေး"

"အေးလေ. . . ငါ ကိုဇာနည်ကို ပြောခိုင်းလိုက်ပါ့မယ်. . . ကဲ. . . ကဲ. . . သွားတော့"

မိုးညို လှူချင်းခွဲပြီး ကားမှတ်တိုင်ဖက် လျှောက်လာခဲ့ပါသည်။ ခရမ်းပြောမှပဲ လဝန်းချို၏ ပြောင်းလဲမှုများအား. . . သူသတိထားမိလာသည်။

"မဖြစ်ဘူးကွာ. . . ဘယ်လိုမှမဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





**သစ်ပင်...**

အမြစ်ရှိသည်မို့ ဖွင့်ရှက်ဖြာခြင်း

**လူ...**

အချစ်ရှိသည်မို့ ပွင့်ထွက်လာခြင်း





## အခန်း(၁၅)

မိုးညို လုပ်ကိုင်ရသောလုပ်ငန်းက အရောင်းမြှင့်တင်ရေးဖြစ်၍ ကုမ္ပဏီမှ ထုတ်လုပ်သော အစိမ်းရောင်ဆပ်ပြာအား. . . တခြားနာမည်ရ ဆပ်ပြာအမျိုးအစားများနှင့်. . . ဈေးကွက်အတွင်း ရင်ဘောင်တန်း ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက်. . . သုံးစွဲသူများ လက်သို့တိုက်ရိုက် ရောက်ရှိနိုင်အောင်. . . ဖြန့်ချိကြော်ငြာပေးရခြင်း ဖြစ်သည်။

လုပ်ငန်းလိုအပ်ချက်အရ. . . Promotor အဖွဲ့(၁၀)ဖွဲ့ ဖွဲ့ပေးထားပြီး. . . တစ်ဖွဲ့လျှင် ကားတစ်စီးနှင့် ဝန်ထမ်း(၁၀)ယောက် ပါဝင်သည်။ မိုးညိုတို့အဖွဲ့. . . အဖွဲ့(၂) ဖြစ်ပြီး တာဝန်ခံ အဖွဲ့ခေါင်းဆောင်က နှင်းမိစ္ဆာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ လုပ်ငန်းတာဝန်အရ. . . နံနက်(၉)နာရီခွဲတွင် Green Soap စက်ရုံဝင်းအတွင်းရှိ ကားဂိုဒေါင်ရှေ့တွင် လူစစ်တန်းစီရပြီး. . . အဖွဲ့စုံ လူစုံသည်နှင့် Promotor Manager က လိုအပ်သည်များ မှာကြားပြီး. . . မြို့နယ်ခွဲပေးသည်။ ထို့နောက် အဖွဲ့တာဝန်ခံနှင့်အတူ. . . ဂိုဒေါင်မှ ပစ္စည်းထုတ်ယူကာ. . . ကားပေါ် တင်ကြသည်။ ပြီးသည်နှင့် ဂိုဒေါင်ဝင်းမှ. . . ကားများ စီတန်းထွက်လာကြကာ မိန်းလမ်းမကြီးပေါ် ရောက်မှ. . . ကိုယ်တာဝန်ကျရာ မြို့နယ်များဆီသို့ ခွဲထွက်ပြီး သွားကြရပါသည်။

Promotor များအတွက် အခြေခံလစာအားဖြင့် တစ်လသုံးသောင်းပေးထားသော်လည်း. . . နေ့စဉ်ထုတ်ယူနိုင်သော အပိုဆုကြေးတော့ ရှိသည်။ မိမိအဖွဲ့အနေနှင့်. . . ဆပ်ပြာအတုံးတစ်ရာပါသော ပါကင်ကို ရောင်းချဖြန့်ချိပေးနိုင်လျှင်. . . ထိုအဖွဲ့အတွက် ကုမ္ပဏီမှ ငါးထောင်ချီးမြှင့်သည်။ ထို့ကြောင့်. . . ကိုယ့်အဖွဲ့နှင့်ကိုယ် နေ့စဉ်ဆုကြေးများများထုတ်နိုင်ရေးအတွက်. . . ကြိုးစားဖြန့်ချိကြသည်။ အဖွဲ့အချင်းချင်းလည်း. . . အပြိုင်အဆိုင်လေးတွေ ရှိကြသည်။ မိုးညိုအတွက် အစပိုင်းမှာ အခက်အခဲ ရှိသော်လည်း. . . နောက်ပိုင်းတော့ လူနှင့်အလုပ် အသားကျလာကာ ပျော်လာပါသည်။

အထူးသဖြင့် သူ့အပေါ် အစစအရာရာ နားလည်ပေးသော အဖွဲ့ခေါင်းဆောင် ဇွန်မီယာကြောင့်. . . ပို၍ပျော်စရာကောင်းနေသည်။ ဇွန်မီယာနှင့် ရင်းနှီးမှုမှာလည်း. . . အချိန်ကာလတိုတိုကလေးအတွင်း မယုံကြည်နိုင်စရာ ဖြစ်ထွန်းလာခဲ့သည်။

ဒီနေ့ သူတို့အဖွဲ့. . . ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ဖက် တာဝန်ကျသဖြင့်. . . အတော်ပင်ပန်းကြသည်၊ မြို့သစ်ဖြစ်၍ အခြားသောမြို့နယ်တွေလို. . . ဈေးများ၊ စတိုးဆိုင်ကြီးများ ကျဲပါးလှသဖြင့် ရပ်ကွက်တွေထဲဆင်းကာ တစ်လမ်းဝင်တစ်လမ်းထွက် တစ်အိမ်တက် တစ်အိမ်ဆင်း[illegible].





ရောင်းချဖြန့်ချိကြသည်။

အဖွဲ့သားငါးဦး ပင်ပန်းမှန်းသိ၍. . . ဇွန်မီယာ ခါတိုင်းလို ကားပေါ်မှာ ကျန်မနေခဲ့ဘဲ. . . အဖွဲ့သားများနှင့်အတူ အရောင်းလိုက်ဆင်းသည်။ မိုးညိုနှင့် တစ်တွဲတွဲကာ. . . ဝင်ရောင်းပေးသည်။

"မေမေရေ. . . အိမ်ရှေ့မှာ ဧည့်သည်"

မိုးညိုက ဘောင်းဘီအိတ်ထဲက သကြားလုံးထုပ်ကို နှိုက်ယူပြီး ကလေးတွေလက်ထဲ ထည့်ပေး၍ ဝေနေခိုက်. . . အိမ်ရှင်အမျိုးသမီးကြီး ထွက်လာသည်။ ထိုအခါ ကလေးတစ်ယောက်က. . .

"မေမေ. . . ဒီဦးဦးက သမီးတို့ကို သကြားလုံးတွေ ဝေပေးတယ်"

ထို့နောက် မိုးညိုက ရိုသေစွာ ဦးညွှတ်နှုတ်ဆက်ပြီး. . .

"ဒါ အစ်မကြီးရဲ့ကလေးတွေလားဟင် ! "

"ဟုတ်ကဲ့. . . ဟိုတစ်ယောက်က အနောက်အိမ်ကလေး၊ ကျန်တာ ကျွန်မကလေးတွေ"

"ကလေးတွေက လိမ္မာလိုက်ကြတာ. . . ရည်ရည်မွန်မွန်လေးတွေ၊ ကြီးလာရင် ပညာတတ်ကြီးတွေ ဖြစ်မှာဗျ. . . သိလား၊ ဉာဏ်ရည်ထက်မယ့်ပုံပဲ"

မိုးညိုစကားက အမျိုးသမီးကြီးအား ပီတိဖြစ်သွားစေပါသည်။ ထို့နောက်မှ. . .

"ဒီလိုပါ. . . ကျွန်တော်တို့က Green Soap Company ကပါ"

ထိုသို့ မိတ်ဆက်ပြီး ဆွဲခြင်းထဲက ဆပ်ပြာပိုင်းလေးနှင့် ခါးကို ယူကာ အနည်းငယ် လှီးလိုက်ပြီး. . . အမျိုးသမီးကြီး၏လက်ထဲ ထည့်ပေးလိုက်သည်။

"အစ်မကြီးအနေနဲ့ အပန်းမကြီးဘူးဆိုရင် ရေကလေးနဲ့ သုံးကြည့်ပါခင်ဗျာ. . . အမြုပ်ထွက်တာ နူးညံ့တာ အနံ့ယဉ်တာကအစ [illegible]ကြိုက်[illegible]တွေ့သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးကြီးက အသာအယာ နမ်းမွှေးကြည့်ပြီး. . .

"အင်း. . . အနံ့လေးက ချစ်စရာလေး"

"ဟုတ်ကဲ့. . . မနက်အိပ်ယာထ မျက်နှာသစ်တဲ့အခါ တောဒ် Green နဲ့သာ သစ်လိုက်ပါ. . . မနက်ခင်းရဲ့အလှတရားကို ခါတိုင်း တွေ့ဖူးတာထက် မတူတဲ့. . . အလှသစ် အမြင်သစ်ကို လင်းခနဲ တွေ့လိုက်ရပြီး စိတ်ကို ကြည်လင်သွားစေရမယ်လို့ အာမခံတယ် အစ်မရဲ့၊ ပြီးတော့. . . ဒီဆပ်ပြာတစ်ခဲ အိမ်မှာ ရှိရင် ရေမွှေးသုံးစရာ မလိုတော့ဘူး၊ ခေါင်းလျှော်ရည် ဝယ်စရာ မလိုတော့ဘူး၊ ရေမသန့်လို့ ရာသီဥတုနဲ့ ပတ်ဝန်းကျင် သန့်ရှင်းမှုအားနည်းလို့. . . အရေပြားနဲ့ ပတ်သက်တဲ့ရောဂါ ဖြစ်လာမှာ မပူရတော့ဘူး၊ အဲဒါတွေအားလုံးကို. . . ဒီဆပ်ပြာမှာ ပါဝင်တဲ့ ဗီတာမင် (၆)မျိုးက ကာကွယ်ပေးမှာ. . . အသေအချာပါပဲ အစ်မကြီး"

"ဟုတ်ပါပြီ. . . ကျွန်မလည်း ဆပ်ပြာကို သဘောကျနေပါပြီ၊ တစ်တုံးကို ဘယ်လောက်ပေးရမလဲ၊ လိုအပ်လို့ ထပ်ဝယ်ချင်ရင်ကော"

"အမြို့မြို့အဆိုင်ဆိုင်တိုင်းမှာ ရနိုင်ပါတယ်ခင်ဗျာ၊ တန်ဖိုးက ဆယ်တုံးတစ်ပါကင်ကို သုံးထောင်ပါ၊ ဒါပေမယ့်. . . အထူးဖြန့်ချိရေး ကာလဖြစ်တဲ့အတွက် နှစ်ထောင့်ငါးရာပဲ ကျပါတယ်"

"တစ်ဝက်ယူရင်ကော ! "

"ရပါတယ်ခင်ဗျာ"

မွန်းလွဲ(၂)နာရီကျော်ပြီဖြစ်၍. . . သူတို့အားလုံး အရောင်းဆင်းမှုများ ခေတ္တရပ်တန့်ကာ. . . ရပ်ကွက်ထိပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထမင်းစားကြသည်။ ခုံနှစ်ပိုင်း ဆက်၍. . . ပါလာသော ထမင်းချိုင့်များ ဖွင့်ပြီး. . . ဟင်းခွက်များ စုပေါင်းလိုက်ကြသည်။ ထို့နောက်. . . သူ့ဟင်းငါ့ဟင်း ခွဲမနေဘဲ လက်ဆုံစားကြသည်မှာ ပျော်စရာပင်။ စားသောက်ပြီးမှ ကော်ဖီကြိုက်သူ ကော်ဖီမှာ၍. . . လက်ဖက်ရည်ကြိုက်သူ လက်ဖက်ရည် မှာသောက်ကြသည်။ ဖွန်မီယာက. . .





"မိုးညိုကို ကျွန်မ လျှော့တွက်မိတာ မှားသွားတယ်"

"ခင်ဗျာ"

"ဒီလိုလေ. . . ကိုမိုးညိုက အရယ်အပြုံးနည်းတယ်၊ အနေအေးတယ်ဆိုတော့. . . အရောင်းဆင်းတဲ့အခါ အခက်အခဲ ရှိမယ်လို့ ထင်ထားတာ. . . အမလေး. . . သစ်ငုတ်တောင် ဆွဲဆွဲခုန်အောင် ပြောနိုင်တာ အံ့ပါရဲ့"

ထိုအခါ သူတို့အဖွဲ့ဝင် ခင်မြမြက. . .

"အစ်မက ကျွန်မပြောတာ မယုံပဲကိုး၊ ဟိုတစ်ရက် သက်နှင်းကျွန်းဘက် ဆင်းတုန်းက. . . မိန်းမကြီးတစ်ယောက်က သီချင်းဆိုပြီး ကပြရင် ဆယ်တုံးပါကင် ယူမယ်ဆိုလို့. . . ကိုမိုးညိုလေ"

"ဟေး. . . ခင်မြမြ"

မိုးညို အချိန်မီ လှမ်းတားသော်လည်း ခင်မြမြက. . .

"ရှာပုံတော်မင်းသားကြီး သီချင်းတစ်ပုဒ်လုံး ဆုံးအောင် ဆိုပြီး ကပြတာ ခွေးထွက်ဆွဲလို့ ဆပ်ပြာတုံးနဲ့ ပေါက်ပြီး မောင်းယူရတယ်. . . အခိခိခိ"

တစ်ဖွဲ့လုံး ဝါးခနဲ ရယ်ကြသဖြင့် မိုးညိုရှက်ပြီး ထပြေးတော့သည်။

"အဲဒါ နင်ဘာလို့ စောစောက မပြောတာလဲ ! "

"သူက မပြောရင် နေ့တိုင်းမုန့်ဟင်းခါးကျွေးမယ်လို့ ပြောပြီး ပိတ်ထားတာလေ. . . ဒီနေ့ မကျွေးလို့ပြောတာ"

ရယ်ကြပြန်တော့သည်။ ထို့နောက် ဖွန်မီယာက. . .

"ဘာပဲဖြစ်ဖြစ်. . . ဒါဟာ. . . Promotor တစ်ယောက်ရဲ့ စွမ်းဆောင်ရည်အဖြစ်. . . အသိအမှတ်ပြုရမှာပဲ၊ အခုလည်း ကိုယ့်အမြင်နဲ့ အထင် လွဲအောင်ကို. . . ကိုမိုးညို စွမ်းဆောင်နိုင်ခဲ့တယ်၊ သူ့ကိုဂုဏ်ပြုရမယ်၊ ကဲ. . . ကိုမိုးညိုကို ဂုဏ်ပြုတဲ့အနေနဲ့ အားလုံး လက်ခုပ်တီးကြပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဝေး. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

အဖွဲ့သားများ လက်ခုပ်တီးရင်း မိုးညိုကို လှည့်ကြည့်ကြသည်။

"ဟာ. . . ဘယ်ရောက်သွားပါလိမ့်"

"ဩော်. . . ဟိုမှာ. . . ဟ"

ခင်မြမြ လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်ကြသည်။ မိုးညိုက ဆပ်ပြာဆွဲခြင်းနှင့် သူတို့ထိုင်သော လက်ဖက်ရည်ဆိုင်ရှင်ကို ကြော်ငြာဝင်နေလေ၏။

နွေရက်ကလေးများ တရွေ့ရွေ့ ကုန်လွန်လာခဲ့သည်။ မိုးညိုတို့ လစာရသည်နှင့်. . . နှစ်ယောက်စုပြီး အပြင်မှာ အခန်းငှားနေကြမည်ဆိုသော စိတ်ကူးလေးများလည်း. . . နွေရက်များအတွင်း ကြွေသက်ကြသော ရွက်ခြောက်တွေနှင့်အတူ ဟိုဟိုဒီဒီ လွင့်ပါးသွားပုံရပါသည်. . . မငှားဖြစ်။

သူတို့နှစ်ယောက်ပေါင်း လစာက. . . နှစ်ယောက်ပေါင်း စားစရိတ် ခရီးစရိတ် နုတ်ပြီး. . . နှစ်သောင်းလောက်သာ ပိုလျှံသည်။ ထိုငွေလောက်နှင့်. . . ဆင်ခြေဖုံးဘက်တွင် အခန်းတွဲလေးတစ်ခန်း ငှားရမ်းနေနိုင်သော်လည်း. . . (၆)လအပြတ်၊ တစ်နှစ်ပြတ်၊ သို့မဟုတ် စပေါ်နှင့် လစဉ်ပေးများသာ ရှိပြီး. . . လချင်း ပေးရသောအခန်းကား ရှာမရအောင်ကို ရှားလှသည်။

မင်းထင်ကျော်က စပေါ်တင်ပေးမည်ဟု ပြောပါသည်။ သို့သော် ပိုလျှံငွေနှစ်သောင်းကို. . . အိမ်လခအဖြစ် ပေးရလျှင်. . . တစ်လလုံး အလုပ်ဆင်း အလုပ်တက် ဗာဟီရ အသုံးစရိတ်၊ ကျန်းမာရေး၊ လူမှုရေး စရိတ် ခက်ကြမည်ဖြစ်၍. . . မင်းထင်ကျော်က သူ့အိမ်မှာ နေခွင့်ရသလောက်အထိနေပြီး ငွေစုကြ. . . ဟု အကြံဉာဏ်ပေးသဖြင့် ထိုအစီအစဉ်အတိုင်းပင် နေလိုက်ကြရသည်။

သည်ကာလအတွင်း. . . ခရမ်း သတိပေး၍ မိုးညို သတိထားပြီး





နေထိုင်သဖြင့်. . . မင်းထင်ကျော် စိတ်သက်သာရာရသော်လည်း အမြဲတစေ မှိုင်တွေနေသော. . . ညီမဖြစ်သူကို ကြည့်ပြီး စိတ်မကောင်း ဖြစ်ရပြန်လေသည်။ သကြန်ရက်အတွက်. . . ကျောင်းတွေ ပိတ်လိုက်ပြီဖြစ်၍ လဝန်းကို စိတ်ပြေလက်ပျောက်. . . စင်္ကာပူလွှတ်ရန် စိတ်ကူးမိသည်။

လဝန်းက ကျောင်းပိတ်ရက်အတွင်း. . . မေမျိုတို့အိမ်မှာ နေချင်သည်ဟု တောင်းဆိုလာသည်။ ထို့ကြောင့် မင်းထင်ကျော် စိတ်မချသော်လည်း. . . လဝန်း စိတ်ချမ်းသာမှုအတွက် ခွင့်ပြုပေးလိုက်သည်။ သူကိုယ်တိုင်. . . လဝန်း၏လိုအပ်သောပစ္စည်းနှင့် ငွေကြေးအလုံအလောက် ထည့်ပေးကာ. . . မေမျိုတို့အိမ်အရောက် ကားနှင့် လိုက်ပို့ပြီး. . . မေမျို၏မိဘများနှင့် တွေ့ဆုံကာ အပ်နှံခဲ့လေသည်။

မင်းထင်ကျော် လဝန်းကို လိုက်ပို့ပြီးအပြန်. . . မြို့အဝင်ဂိတ်ရှေ့ လမ်းပေါ်မှာ. . . မိုးညိုနှင့် ဆုံကြသည်။ မင်းထင်ကျော်က ကားကို ကျော်ရပ်ပြီး ကားထဲက ထွက်စောင့်နေလိုက်သည်။

"ဟာ. . . ထင်ကျော်"

"အေး. . . ငါမင်းကို မြင်လို့ ရပ်စောင့်နေတာ"

"သွားကြမယ်လေ !"

"ငါအိမ်မပြန်ချင်သေးဘူးကွာ. . . စိတ်အေးလက်အေး ရှိမယ့်ဆိုင်တစ်ဆိုင် သွားကြရအောင်၊ လာကွာ. . . တက်"

မင်းထင်ကျော်က လှိုင်မြစ်ကမ်းနဖူးဘေးရှိ "ဟင်းလင်းပြင်ကဖီး" သို့ ခေါ်လာခဲ့သည်။ ဒီဆိုင်လေးက နာမည်လိုက်အောင်. . . တကယ့်ကို ဟင်းလင်းပြင်၊ အမိုးအကာဆို၍. . . စည်ပင်ထီးတောင် မိုးမထားပဲ မြစ်ကမ်းတစ်လျှောက်. . . ကော်ခုံအပုကလေးတွေနှင့် ထိုင်သော စားပွဲဝိုင်းလေးများ ခင်းထားသည်။

ဆိုင်ဖွင့်ချိန်မှာ နံနက်(၆)နာရီမှ နံနက်(၁၀)နာရီအထိ ဖြစ်ပြီး နေ့ခင်းတစ်လျှောက်လုံး ပိတ်နားထားကာ. . . ညနေ(၆)နာရီ ပြန်ဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com



ည(၁၀)နာရီမှာ ဆိုင်သိမ်းသည်။ ညပိုင်းအတွက်. . . တဖြောင့်တည်း ခင်းထားသော. . . စားပွဲဝိုင်းလေးများအတိုင်း လျှပ်စစ်မီးရောင်စုံလေးများ. . . သွယ်တန်း ထွန်းညှိပေးထားလေသည်။

ဒီဆိုင်လေးကို အဆောင်ကနေ မင်းထင်ကျော်တို့အိမ်သို့ ပြောင်းရွှေ့လာသည့်နေ့က. . . တစ်ကြိမ်ထိုင်ဖူးပြီး လက်ဖက်ရည် အရသာလည်း ကောင်းလှသဖြင့်. . . မိုးညိုသဘောကျပါသည်။ သူတို့နှစ်ယောက် ထိပ်ဆုံးကျသောဝိုင်းမှာ ထိုင်ကြသည်။ စားပွဲထိုးလေး ရောက်လာသဖြင့်. . . မင်းထင်ကျော်က လက်ဖက်ရည်နှစ်ခွက် မှာလိုက်၏။

နေညိုချိန် အပူငွေ့ကို သုတ်သင်သောလေပြည်နှင့် မြစ်ပြင်ကို လွတ်လပ်စွာ ငေးကြည့်ရသော အရသာနှင့်ပင် တန်နေပြီ။

"မိုးညို"

မင်းထင်ကျော် ခေါ်သံကြောင့် မိုးညို မြစ်ပြင်ဆီမှ အကြည့်ရွှေ့ယူသည်။

"ပြော. . . သူငယ်ချင်း"

"ငါ့ညီမလေး မင်းကို ကြိုက်နေပြီလား မသိဘူးကွာ"

"ဘာ !! "

မိုးညိုတစ်ကိုယ်လုံး တုန်ခါသွားမတတ် ဖိန်းရှိန်းသွားကာ မင်းထင်ကျော်ကို မကြည့်ရဲတော့သလို အကြည့်လွှဲပစ်ရင်း ထစ်ထစ်အအ အသံနှင့်

"မဖြစ်. . . မဖြစ်နိုင်တာ. . . ထင်ကျော်ရာ"

မင်းထင်ကျော်က ရိုးရာမပျက် သက်ပြင်းရှိုက်ရင်း. . .

"ဟုတ်တယ် မိုးညို၊ ပထမတော့ ငါဆူလိုက်လို့ ကိုယ်ရှိန်သတ်သွားတာလို့ အောက်မေ့တာ၊ နောက်မှ သူ မင်းကို စိတ်ဝင်စားနေတယ်ဆိုတာ ငါရိပ်မိလာတယ်"

"မဟုတ်သေးဘူးကွာ. . . ဒီအရွယ်ဟာ စိတ်ကူးယဉ် စိတ်ကစားတဲ့အရွယ်ကွ၊ ဒါကို မင်းအတည်ယူရင် မှားမယ်. . . သူငယ်ချင်း၊ ပြီးတော့





ငါ့အနေနဲ့. . ."

"ငါသိပါတယ်. . သူငယ်ချင်းနှမ. . မစားကောင်းတဲ့အသီးလို့ မင်းပြောချင်တာပါ"

"မဟုတ်ဘူး. . . ကျေးဇူးဆပ်စရာ ရှားသလားဆိုပြီး မင်းငါ့ကို သတ်ပစ်ချင်လောက်အောင် ရွံမုန်းသွားမှာကို မလိုလားတာ၊ နောက်တစ်ခုက ငါ အဲ့သလောက် မည့ံဖျင်းချင်ဘူးကွာ"

"ဒါဆို မင်းလည်း ရိပ်မိနေတယ်ပေါ့"

မိုးညို ချောင်ပိတ်မိသွားသဖြင့်. . . မရဲမဝံ့. . . ခေါင်းညိတ်ပြလိုက်သည်။ နှုတ်မှလည်း. . .

"ဒီကလေးမ. . . ကိုရီးယားကားကြည့်ပြီး စိတ်ကူးယဉ်တာ နေမှာပါ ထင်ကျော်ရာ"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ငါတို့မိသားစုအတွက် ဗုံးတစ်လုံးပဲ မိုးညို. . . လဝန်းမှာ လူကြီးချင်း သဘောတူထားတဲ့သူ ရှိတယ်၊ ကောင်လေးက စက်ပူမှာ ကျောင်းတက်နေတယ်၊ အဲ့ဒီမှာပဲ အလုပ်ဝင်မယ်၊ လဝန်း ကျောင်းပြီးရင်. . . ဒီကိုပြန်လာပြီး လက်ထပ်မယ်၊ လက်ထပ်ပြီးတာနဲ့ သူ့ကို ခေါ်သွားမယ်၊ ဖေဖေကလည်း. . . ဟိုမှာ နောက်ထပ်(၅)နှစ်လောက် ကြာဦးမှာဆိုတော့. . . ဒီအစီအစဉ်က တစ်ချက်မှ လွဲလို့မရတဲ့ အစီအစဉ်"

မင်းထင်ကျော် စကားဖြတ်ပြီး မြစ်ပြင်ဖက် ပြန်ငေးသွားသည်။ စားပွဲထိုးလေး လက်ဖက်ရည် လာချပေးပြီး ပြန်ထွက်သွားမှ မိုးညိုက. . .

"အဲ့ဒီတော့ ငါ ဘာလုပ်ပေးရမလဲ သူငယ်ချင်း"

မင်းထင်ကျော် ချက်ချင်းပြန်မဖြေ၊ မြစ်ပြင်ကို ငေးရင်း လက်ဖက်ရည်ပန်းကန် လှမ်းယူသဖြင့်. . . ပန်းကန်က လက်နှင့် တိုက်မိပြီး မှောက်သွားသည်။ မိုးညိုက သူ့ပန်းကန်နှင့် ချက်ချင်းလဲပေးလိုက်သော်လည်း မင်းထင်ကျော်က ပြန်ရွှေ့ပေးကာ. . .



www.burmeseclassic.com

www.burmeseclassic.com

## 1 DECEMBER, 2007
### Saturday



မေပျိုကို...ကျွန်မ...ရင်ဖွင့်မိခဲ့သည်၊ သူ့ကို ကျွန်မ ချစ်သည်၊အကြိုက်တောင်းကြည့်တော့ မေပျိုက ပြောပါသည်၊

"နင်...အခုနေတဲ့ Style က ကောင်းတယ်တဲ့၊ အချစ်နဲ့... သံလိုက် စွမ်းအင်ဟာ 95% တူညီတယ်လို့...ဒဿနစာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်တဲ့၊ သံလိုက်တွေဟာ တူညီတဲ့ဝင်ရိုးစွန်းချင်း တွန်းကန်၊ ဆန့်ကျင်ဖက်ချင်း အပြန်အလှန် ညှို့ယူဆွဲငင်ကြတယ်တဲ့၊ ဆိုလိုတဲ့သဘောက စိတ်ထက်တဲ့သူနဲ့ စိတ်ပျော့သူ၊ ကြမ်းတမ်းသူနဲ့ နူးညံ့သူ၊ ရုပ်ဆိုးသူနဲ့ ရုပ်ချောသူ၊ ပုသူနဲ့ ရှည်သူ၊ ပိန်သူနဲ့ ဝသူ၊ ဖြူသူနဲ့ မည်းသူ၊ အခြေခံသဘာ့သဘာဝကတော့ ယောကျ်ားနဲ့ မိန်းမ...တဲ့၊ အခု နင်က သွက်တယ်၊ ထက်တယ်၊ သူက...အေးဆေးတယ် တည်ငြိမ်တယ်၊ နင်က ပုတယ်၊ သူက ရှည်တယ်၊ ဒီအတိုင်း နေ...သေချာပေါက်... သူစိတ်ဝင်စားလာလိမ့်မယ်" တဲ့...။

ကျေးဇူးပဲ မေပျို...နင့်ကို...ဟိုခရမ်းသီး...အဲ...ကိုခရမ်းကြီးနဲ့ မိတ်ဆက်ပေးရမယ်၊

## 10 DECEMBER, 2007
### Monday



ကိုကို့သူငယ်ချင်းနှစ်ယောက်ထဲက... "ခရမ်း" ဆိုတဲ့ လူမည်းကြီး အမုန်းဆုံးပဲ၊ ကြည့်လို့ကို မရဘူး။ မလွှတ်ရှုတ်တောက်၊ မရမ်းမတာ.. ကိုမိုးညိုနဲ့များ ကွာလိုက်တာ...။

ဒီလူကြီးကိုများ...မေပျိုက...မဆိုးပါဘူးတဲ့၊ ဟွန်း... ရှုံစရာကြီး၊





## 15 DECEMBER, 2007
### Saturday



ဘုရားသခင်...ကျွန်မ ရင်တွေ ခုန်လိုက်တာ... သူ... ကျွန်မ အခန်းထဲ ရောက်လာပြီ...ကျွန်မကို လာနှိုးတယ်...ထင်ကျော်...ထင်ကျော်နဲ့...ကိုကို့ အခန်းနဲ့မှားပြီးများ ဝင်တာလားလို့...

ကျွန်မ လန့်ပြီး အော်မလို့ပါ၊ မျက်လုံးဖွင့်ပြီး လမ်းလျှောက်နေတာမြင်မှ...ကျွန်မ သူ ယောင်နေမှန်း သိသွားတယ်၊ ဖေဖေလည်း အဲ့သလိုပဲ ယောင်တတ်တယ်။ ဖေဖေဆို ယောင်ပြီး ထမင်းတောင် ထိုင်စားနေလိုက်သေး။

ကျွန်မ...ကြောက်လဲကြောက်၊ ရယ်လဲရယ်ချင်၊ သူကိုယ်တိုင်ဖြစ်နေတော့...ရင်တွေခုန်...ပေါ့၊ တော်ပါသေးရဲ့...သူပြန်ထွက် သွားမှ ကိုကို...ရောက်လာလို့...မဟုတ်ရင် ရှင်းမရအောင် ရှုပ်ကုန်မှာ။

## 16 DECEMBER, 2007
### Sunday



ဒီနေ့ညတော့...သူ...အိပ်ယောင်ထပြီး ရောက်မလာတော့ပါဘူး။ ဘယ်တော့မှလဲ ရောက်မလာနိုင်တော့ပါဘူး...

ဘာကြောင့်လဲဆိုတော့...ကိုကိုက...ညတိုင်း အပြင်ကနေ တံခါးချက်ချထားပြီး...မနက်လင်းမှ ဖွင့်ပေးတော့တယ်လေ၊

ကိုကို သိဝ်ဆိုးတာပဲ...



www.burmeseclassic.com

www.burmeseclassic.com



18 DECEMBER, 2007



မေပျိုက...ဒီ style ကောင်းတယ်ဆိုလို့...
ဟန်ဆောင်ဒေါသ ဖြစ်ပြနေရတာလဲ မောနေပြီ၊

ဟိုရေခဲတုံးကြီးကတော့ ငုတ်တုတ် အရည်ပျော်ဖို့လောက်
စဉ်းစားနေတော့တာပဲ...စိတ်ဝင်စားဖို့ နေနေသာသာ လူကို မြင်တာ
နဲ့ သူ့အခန်းထဲ ဝင်ပြေးတော့တာပဲ...

စိတ်ညစ်လိုက်တာ...၊

မိုးညို စာအုပ်ပိတ်ပြီး မော့ကြည့်သည်။ မင်းထင်ကျော် ဘယ်အချိန်ကတည်းက သူ့ကို စိုက်ကြည့်နေမှန်းမသိ၊ အကြည့်ချင်း ဆုံမှ. . . မင်းထင်ကျော် အကြည့်လွှဲသည်။ မိုးညိုစာဖတ်ခြင်း ခံစားမှုကို အကဲဖမ်းတာလည်းဖြစ်နိုင်ပါသည်။

"ဖတ်ပြီးပြီလား မိုးညို ! "

"အကုန်လုံးတော့ မဟုတ်ပါဘူး. . . ဒါပေမယ့်. . . "

မင်းထင်ကျော် သက်မမောကို ချပစ်၏။ ပြီးမှ. . .

"အချစ်ဆိုတာ. . . ကင်ဆာ. . . ရောဂါနဲ့များ တူနေမလား မိုးညိုရာ၊ ငါ တကယ်မထင်မိဘူး၊ သူ သင်္ကြန်ရက်တွေမှာ မေပျိုနဲ့ သွားနေမယ်ဆိုလို့. . . ငါ သူ့ပစ္စည်းတွေ ဝိုင်းသိမ်းပြီး ကားနဲ့ လိုက်ပို့ပေးလိုက်တယ်. . . ဒီစာအုပ်ကို အမှတ်တမဲ့ ဖတ်ကြည့်မိပြီး ယူထားလိုက်တယ်၊ ဒါကို ဖတ်ကြည့်မှ. . . လဝန်း ရုတ်တရက် စိတ်ပြောင်းတာ မဟုတ်ပဲ. . .





ကင်ဆာရောဂါသည်လို အမြစ်တွေ ကုတ်သပ်တွယ်ငင်ပြီးမှ. . ရောဂါလက္ခဏာ ပေါ်လာတဲ့သဘောမျိုးကွ. . . လဝန်းရဲ့ရင်ထဲမှာ မင်းကို တိတ်တခိုး နှောင်ဖွဲ့မိတဲ့ သမုဒယအမြစ်တွေ ဘယ်လောက် ကုတ်တွယ်ထားပြီလဲဆိုတာ ဒီ DIARY တွေ့ရမှပဲ. . . ငါသိတော့တယ်. . . စိုးရိမ်တယ်ကွာ. . . ကင်ဆာရောဂါသည်လိုပဲ. . . ကုမရရင် သွားပြီ"

ဒီတစ်ခါ ဟင်းခနဲ ပင့်သက်ရှိုက်ပစ်တာ မိုးညိုဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၆)

ဒီည. . . အရင့်အရင်ညတွေထက် ပိုပြီးတိတ်ဆိတ်နိုင်လွန်းသလားဟု. . . မိုးညိုထင်မိသည်။ မီးပျက်တဲ့ညဖြစ်၍ အဲကွန်းဖွင့်မထားဘဲ. . . ပြတင်းပေါက် ဖွင့်ထားရသည်၊ အင်ဗက်တာမီးတော့ ရှိပါသည်၊ ထိုမီးနှင့် ခရမ်းတစ်ယောက်. . . လဝန်း၏ဒိုင်ယာရီလေးကို ဖတ်ပြီး တခိခိ. . . ရယ်ရင်း ပြုံးတူးပြံတဲ ငို့ဖတ်နေသည်။ သူကတော့ မရယ်နိုင်ပါ။

သူ့အပေါ်မှာရော. . . ခရမ်းအပေါ်မှာပါ ဆွေမျိုးအရင်းအချာတစ်ယောက်ထက်. . . ပိုပြီးကောင်းခဲ့သော မင်းထင်ကျော် စိတ်ဆင်းရဲနေရသည့် ပြဿနာဖြစ်၍. . . ထိုပြဿနာအား အကောင်းဆုံး ဖြေရှင်းနိုင်သော နည်းလမ်းအား. . . စဉ်းစားနေရသည်။

အိမ်မှာ လဝန်းချို မရှိသဖြင့် အခန်းတံခါးကိုလည်း သော့ခတ်



www.burmeseclassic.com

www.burmeseclassic.com



မထား။ ထို့ကြောင့်. . . မိုးညို့အပြင်ထွက်ကာ ခြံထဲ ဆင်းထိုင်နေလိုက်သည်။

အချစ်နှင့်ကင်ဆာ. . . မင်းထင်ကျော် ခိုင်းနှိုင်း ပုံပြသွားသော ဥပမာဟာ. . . အတော့်ကို သေချာထိမိလွန်းလှပါသည်။ ကင်ဆာရောဂါ မည်မျှကြောက်စရာကောင်းကြောင်း၊ သူ့ကိုယ်တွေ့ဟု ပြောနိုင်သည်။ သူဖြစ်တာတော့မဟုတ်. . . သူ့အမေ၏မောင်. . . ဦးလေးကျော်. . . အစာအိမ်ကင်ဆာ ဖြစ်ဖူးသည်၊ မချိမဆန့် ခံစားရသည့်ဝေဒနာ. . . အား. . . ပြန်တွေးကြည့်တာတောင် အသည်းယားစရာ ကောင်းလှသည်။ ကင်ဆာဆို. . . ငွေကုန်လူပန်း. . . သေလမ်းဦးတည်ခဲ့ကြသူ များပါသည်။ ဦးလေးကတော့ ကံကောင်းထောက်မစွာ မသေမကြွင်းပဲ ကျန်ရစ်နေဆဲ။

အကြောင်းက ဦးလေး ကင်ဆာဖြစ်ပြီဆိုတာ သိသိချင်း ဆေးရုံမတက်ပဲ. . . မြန်မာသမားတော်ကြီးတစ်ယောက်နှင့် ပြပြီး ကုသသည်။ သူ၏ကုထုံးက အထဲမှာ ကုတ်သပ်ထားတဲ့အမြစ်တွေကို လင်ဇီးဆေး ကျွေးပြီး ဖွပ်စ်သည်. . . တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်ပေါ်မှာ. . . အနာပြည် စုတ်သလို စုတ်ယူနိုင်သော ဆေးတစ်မျိုးအား. . . ဝမ်းဗိုက်နှင့်ကျောဖက်. . . ညှပ်ပြီးစည်းနှောင်ထားသည်။ ထိုအခါ ဆေးဖွ၍ကြွတက်လာသော အမြစ်တွေက. . . စုတ်အားရှိသောဖက် ပြန်ကုတ်သပ်ပြီး တွယ်ကြသည်။ ဒီတော့မှ ဆရာက ခန္ဓာကိုယ်အပြင်ဖက် အနာသဖွယ် ဖောက်ထွက်လာသော အမြစ်တွေကို ဆွဲနှုတ်ပြီး. . . အမြစ်သတ်ဆေးနှင့် သတ်ပစ်သည်။

ဒါက ကုထုံးအနေအထားကို တွေးပြီး. . . သူ့အတွေးနှင့် ဆက်စပ်ယူခြင်းဖြစ်သည်။ တကယ့်ကုထုံးဖြစ်စဉ်က. . . ဒီလိုဖြစ်ချင်မှလည်း ဖြစ်မည်၊ ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ မည်သို့ဆိုစေ ထိုကုထုံးဖြင့် ဦးလေးကျော်. . . ကင်ဆာတောင်ကို ကျော်ခဲ့သည်။

ယခုလည်း လဝန်း၏အချစ်ဝေဒနာက ကင်ဆာဝေဒနာနှင့်





အတော့်ကို တူနေသည်။ သူ့ကိုရော. . . ဦးလေးကျော် ပျောက်ကင်းခဲ့တဲ့ ကုထုံးမျိုးနှင့် ကုရင်ကော။

ထိုအတွေးတစ်ချက်က မိုးညို့၏မှုန်မှိုင်းနေသော အာရုံခံစားမှုတို့ကို လင်းလက်သွားစေပါသည်။ ထို့ကြောင့်. . . လက်ဖျောက်တစ်ချက်တီးကာ ခရမ်း ရှိရာအခန်းသို့. . . ပြန်ဝင်လာခဲ့သည်၊ မင်းထင်ကျော်. . . ဒီကောင် အိပ်နေလောက်ပြီ၊ အိပ်ပါစေ. . . သူ့ခမျာ ငါတို့ကြောင့် စိတ်ရောလူပါ. . . ပင်ပန်းရရှာတာ. . . ။

သူဝင်လာသည်နှင့် ခရမ်းက. . .

"ကျေးဇူးပဲကွာ. . . ဒီ DIARY လေး ဖတ်လိုက်ရတာ ငါ့အတွက် ပစ်မှတ်ရှာပေးသလိုပဲ. . . အဟတ်ဟတ်"

"ဘာတုန်းကွ. . . ဘာပစ်မှတ်လဲ !"

"မြေပြိုလေ. . . အဲ. . . မေ. . . မေပျိုလေ. . . တောက်. . . နာမည်ကြီးကလဲကွာ၊ မေပျိုဆိုတဲ့ကောင်မလေးက ငါ့ကို စိတ်ဝင်စားသတဲ့ အဟတ်ဟတ်. . . ငါထင်တယ်. . . ငါ့ရဲ့ရွှက်ပုံးလေးကို ခေါင်းအုံးအိပ်တယ်ဆိုကတည်းက ပုဗ္ဗနိမိတ်ပြနေတာ"

"ဘယ်. . . ဘယ်လိုကွ !"

"ဟာ. . . ဟိုတစ်ခါ ငါဝမ်းတွေ ထွက်ကျထားတဲ့ အတွင်းခံကို ပြောတာ၊ အဲဒီထဲမှာတော့ အတွင်းခံရော အပြင်ခံရော ပေသမျှဟာ အားလုံးစုထုတ်ထားတာပေါ့"

မိုးညို့ စိတ်ညစ်ပြီး ခေါင်းကုတ်ကာ. . .

"အဲဒါအသာထားပါဦးကွာ၊ ငါ့ကိစ္စ ဝိုင်းစဉ်းစားပေးစမ်းပါဦး"

"အင်း. . . အဲဒါတော့"

ခရမ်းအသံက ထိုမျှနှင့် ပြတ်ကျသွားပြီး မိုးညို့ကို အူတူတူ မော့ကြည့်သည်။ မိုးညို့က သူ့ခုတင်မှာ ဝင်ထိုင်ရင်း. . . ခေါင်းအုံးတစ်လုံးကို လှမ်းဆွဲ၍ ပိုက်ထားကာ. . . စောစောက သူတွေးမိသော ကင်ဆာ



www.burmeseclassic.com

www.burmeseclassic.com

"ငါမသောက်ချင်တော့ဘူးကွာ. . . မင်းသောက်လိုက်တော့"

ထို့နောက် မင်းထင်ကျော် ဘောင်းဘီနောက်အိတ်ထဲမှ အိတ်ဆောင် DIARY စာအုပ်လေး ဆွဲထုတ်ကာ. . . မိုးညိုကို လှမ်းပေးလိုက်သည်။

"ဘာလဲ. . . ထင်ကျော် ! "

"ဖတ်ကြည့်ကွာ. . . လဝန်းရဲ့ခေါင်းအုံးအောက်က ရခဲ့တာ"

မိုးညို နားမလည်နိုင်သလို ကြည့်ပြီးမှ လက်တစ်ဝါးစာခန့်ရှိပြီး အနီရောင် လယ်သာဖုံး DIARY စာအုပ်လေးအား လှမ်းယူလိုက်ပါသည်။ ထို့နောက် ခုံကို မီးရောင်အောက်ဖက် အနည်းငယ် ရွှေ့ထိုင်၍ ဖွင့်ဖတ်ကြည့်လိုက်သည်။

15 NOVEMBER, 2007

Thursday



ဒီနေ့ ကိုကို...သူ့သူငယ်ချင်းနှစ်ယောက် အိမ်ခေါ်လာခဲ့သည်၊ အိမ်မှာ လာနေပြီး အလုပ်ရှာရန်ဖြစ်၍ ကျွန်မ သဘောမကျပါ။

တစိမ်းယောကျ်ားလေးတွေနှင့် တစ်အိမ်တည်း နေရသည်မှာ မိန်းမသားဖြစ်တဲ့ ကျွန်မ...အတွက် အနေကြပ်လှသည်၊

ကျွန်မ...ဒီကိစ္စ...သဘောမတူဘူးဟု...ကန့်ကွက်နေသည့်ကြားက...ကိုကို...လုပ်ချလာပါသည်၊

ကျွန်မ..အကြီးအကျယ် ပေါက်ကွဲကာ...စက်ဘီးပူကို ဖုန်းဆက်တိုင်ဖို့ ဆုံးဖြတ်ပစ်လိုက်တယ်။





16 NOVEMBER, 2007

Friday



ဖုန်းမဆက်ဖြစ်တော့ပါ။

ကိုကို လာချော့လို့လည်း မဟုတ်ပါ။

ကျွန်မကိုယ်ကျွန်မ တိုးတိုးလေး ဝန်ခံပါသည်...မဆက်ရက်တော့၍ ဖြစ်မည်၊

ကျွန်မ ကိုကို့သူငယ်ချင်းတစ်ယောက်ကို (..... , .....)

တော်ပြီ...ရက်တယ်၊

20 NOVEMBER, 2007

Tuesday



ကျွန်မ တကယ်ကံကောင်းပါသည်၊ ကျွန်မလိုအပ်တာ မှန်သမျှ စိတ်က တောင့်တမိတိုင်း ဖြစ်လာသည်၊

အခုလည်းကြည့်...ကျွန်မစိတ်ထဲမှာ တကွသိလ်တက်ရင် ရည်းစားထားဖို့...စိတ်ကူးကြည့်မိသည်၊ စိတ်ကူးထဲမှာ ချစ်သူ၏ ဥပမိရုပ်နှင့် လူမှုဘဝပုံစံကို...ပုံဖော်ကြည့်သည်၊ ဖြူဖြူသန့်သန့် အနေသန့်၊ လူရည်သန့်၊ စိတ်နှလုံးလည်းသန့်၊ အနေအေးအေး၊ စကားပြောလည်း အေးအေးလေး။

အနီးစပ်ဆုံး ဥပမာပေးရရင်..."ထယ်ဇောက်" လောက်ချောရ ခန့်ရမယ်ပေါ့၊ ပညာက ဘွဲ့တစ်ခုရ၊ ဒါမှမဟုတ် ကျွန်မနဲ့ အရည်အချင်းတူ၊ ဥစ္စာပစ္စည်းကတော့ သူမှာ မရှိလည်း ကျွန်မမှာ လုံလောက်နေတာ၊ မရှိလည်းဖြစ်တယ်၊

ကြည့်စမ်းကွယ်...ကိုမိုးညိုက..ထယ်ဇောက်မှ...ထယ်ဇောက်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မတော်မတရား ဒုက္ခပေးတာကို. . . မင်းထင်ကျော်သိလည်း စိတ်ချမ်းသာမည်မဟုတ်။

မိုးညို ခုတင်ပေါ် စင်းစင်းကြီး ပစ်လှဲချလိုက်လေတော့၏။ ခရမ်းကတော့ ထိုသို့မဟုတ်။ မေဖျိုက သူ့ကို. . . မြေမြှိုသလို မြိုချလိုက်လျှင်. . အဘယ်မျှ ကောင်းလေစွဟု တွေးလျက်. . . ခေါင်းခါခါ လည်ခါခါနှင့် စိတ်ကူးပြီး မြူးသွက်နေလေ၏။

"ငါ့အချစ်ကတော့ ကင်ဆာမဟုတ်ဘူးဟေ့. . . . ဘူဒိုဇာကွ. . . အသားကုန် ကော်ပစ်မယ်. . ."





# အခန်း(၁၇)

ပနက်ဖြန် သကြံန်နေ့။ ဒီနှစ်အထူးအစီစဉ်အဖြစ် ကုမ္ပဏီဝန်ထမ်း အားလုံး အကြိုနေ့မတိုင်ခင် တစ်ရက်တွင်. . . ဆုကြေးငွေ ထုတ်ယူခွင့် ရကြပြီး. . . ထိုနေ့ညနေပိုင်းမှာပင်. . . နှစ်သစ်ကူးပွဲတော် အကြိုဝန်ထမ်း မိတ်ဆုံစားပွဲနှင့် ပျော်ရွှင်ပွဲအား. . . စက်မှုဇုံ စက်ရုံဝင်းကြီးအတွင်း ကျင်းပပေးလိုက်ပါသည်။

Green Soap Company မှ ဝန်ထမ်းအဆင့်အတန်းအားလုံး မပျက်မကွက် တက်ရောက်ရမည်ဟု. . . ကြိုတင်ညွှန်ကြားထားသဖြင့်. . . ကုမ္ပဏီညစောင့်လုံခြုံရေးနှင့် သန့်ရှင်းရေး ဝန်ထမ်းမှအစ. . . ဒါရိုက်တာအဖွဲ့ဝင် အားလုံးတက်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်. . . အစုရှယ်ယာဝင်မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်များပါ. . . စုံလင်စွာ တက်ရောက်ကြ၍. . . အလှ္ဘာစုံ၊ အဆင့်စုံ ပေါင်းစည်းညီညွတ်စွာ ပျော်ရွှင်နေကြသည့်မြင်ကွင်းအား. . . သာယာသော ညနေခင်းလေးထဲ တသဲသဲ သက်ဝင်လှုပ်ရှားလျက် မြင်တွေ့နေရပေသည်။

စက်ရုံဝင်း၏ ကျယ်ဝန်းခင်းပြန့်ထားသော ကွန်ကရစ်ပြင်ကြီးပေါ်တွင်. . . မည်သည့် ခုံစားပွဲအခင်းအကျင်းမျိုးမှ ရှိမနေပဲ. . . ထိုပွဲသို့ တက်ရောက်လာသူအားလုံး. . . စက်ရုံနံရံကြီးနှင့် ကပ်လျက် ခင်းကျင်းပြင်ဆင်ထားသော ဧည့်ခံကျွေးမွေးရေးအဖွဲ့ထံ၌. . . စားသောက်ဖွယ်ရာများအား ကိုယ်တိုင်သွားယူကြရသည်။

ထိုနေရာ၌ ပေတစ်ရာခန့် ရှည်လျားသော. . . စားပွဲတန်းကြီးချထားပြီး. . . စားပွဲပေါ်တွင် နိုင်ငံခြားဖြစ် အရက်ဖန်ခွက် အစီအရီခင်းကျင်းထားကာ. . . သောက်သုံးရန် လာရောက်ယူဆောင်သူများအား တာဝန်ကျ ဝန်ထမ်းများက. . . ရှန်ပိန်အရက်တစ်မျိုးကို အလျဉ်မပြတ်ထည့်ပေးနေလေသည်။ အရက်နှင့် တွဲဖက်စားမြည်းနိုင်သော. . . အသားကင် ချိစ်နှင့် ဆော့တစ်မျိုးကို စီစဉ်ထားပေးလျက်. . . စားပွဲရှည်၏တစ်ဖက်ခြမ်း ပြည့်လုနီးပါး တင်ထားသည်။

ထို့ပြင် ဖျော်ဖြေမှုအစီစဉ်အဖြစ် နာမည်ကြီး တေးဂီတဝိုင်းနှင့် နာမည်ကြီး အဆိုတော်များ ဖိတ်ကြားကာ. . . အစီစဉ်တကျ ဖျော်ဖြေတင်ဆက်မှုများ ရှိနေပြန်သဖြင့်. . . Green Soap Company ၏ နှစ်သစ်ကူးအကြို ဝန်ထမ်းမိတ်ဆုံစားပွဲနှင့် ပျော်ရွှင်ပွဲကား ရောင်စုံလျှပ်စစ်မီးများ၊ မြူးကြွသွက်လက်သော ဂီတသံစဉ်များ၊ သောက်စား ရယ်မောသံများ ရောပြွန်းစီးဆင်းလျက်. . . မြိုင်မြိုင်ဆိုင်ဆိုင်ကြီးပင် ဖြစ်နေလေတော့သည်။

ထိုပျော်ရွှင်ပွဲကြီးထဲ အလှ္ဘာစုံအဆင့်စုံ တဝန်းတဝိုင်းတည်း





ရှိနေကြသည်မှန်သော်လည်း. . . သလဲသီးများလို သူ့အကန့်နှင့်သူတော့ ရှိကြသည်။ မဒေရှိရာ မဒေစုပြီး. . . ငါတွေရှိရာ ငါတွေလာသည်. . . ဟုလား မဆိုနိုင်၊ ရှယ်ယာမင်းအုပ်စုက ရှယ်ယာမင်း အချင်းချင်းသာ ဝိုင်းဖွဲ့ပြီး. . . ထိုဝိုင်း၌ မည်သည့်ညစောင့်လုံခြုံရေးမှူပင် အနားကို မသီပါချေ။

ထို့အတူ ဒါရိုက်တာကလည်း ဒါရိုက်တာအဖွဲ့၊ ရုံးဝန်ထမ်းများလည်း. . . ကိုယ့်ဌာန ကိုယ့်အစုနှင့်ကိုယ် ရယ်ပွဲဖွဲ့ကြ စားသောက်ကြနှင့် ရှိနေသဖြင့်. . . ငွန်မီယာတို့ Promotor အဖွဲ့လေးလည်း ကိုယ့်အဖွဲ့နှင့်ကိုယ် စုရုံးကာ. . . မိုးတိုးမတ်တတ်နှင့် ပြောကြဆိုကြ စားသောက်နေကြပါသည်။

သူတို့အုပ်စုထဲမှာ. . . သောက်တတ်စားတတ်သူများ မပါ။ သို့သော်လည်း. . . အများနှင့် မိုးခါးရေသောက် မဟုတ်ပဲ ကုမ္ပဏီအရက်သောက်ပွဲဖြစ်၍. . . သောက်ကြသည်။ ရေသောက်သလို သောက်ပစ်၍. . . တခွီးခွီး သီးသူသီးကြသည်၊ ရှန်ပိန်မို့ မူးတာတော့ မပိန်ပါ. . . အူရိုင်းဖြစ်သောကြောင့်. . . တစ်ခွက်တည်းနှင့် တစ်ချို့ ရေချိန်ကိုက်ကုန်ကြသည်။ မတ်တတ်မရပ်ချင်တော့ပဲ. . . ထိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်ကြသည်။

မိုးညိုတို့အုပ်စုထဲ ယောနယ်က အလုပ်လာလျှောက်ပြီး မိုးညိုတို့အဖွဲ့ထဲ. . . ရောက်လာသူတစ်ယောက် ပါသည်။ သူ့နာမည်က မောင်ရွှေသိန်းဆန်းဝင်း။ ခေါ်ရတာ လျှာတစ်ခြမ်း စောင်းလွန်းသဖြင့်. . . မိုးညိုကပင် ယောသားဟု နာမည်ပေးထားသည်။ ယောသားက. . . အကြောအားတော့ ကောင်းသည်။ သူများတွေ တစ်ခွက်နှင့် ပက်လက်လန်ချင်နေပြီ၊ သူက ယူဦးမယ်ဆိုပြီး. . . တစ်ခွက်သွားယူလာကာ. . . ဖန်ခွက်ကို ကွန်ကရစ်ပြင်ပေါ် ချ၍ အမြည်းယူလာသော အသားကင်များအား အရက်ခွက်ထဲ. . . စိတ်ရှည်လက်ရှည် ဖဲ့ပြီးထည့်နေ၏။

"ဟဲ့ ယောသား. . . အဲဒါဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖွန်မီယာ မြင်သွားပြီး မေး၍. . . အားလုံး. . . ဝိုင်းကြည့်ကြသည်။ ထိုအခါ ယောသားက. . .

"မုန့်လက်ဆောင်း သောက်သလို သောက်ကြည့်မယ်လေ. . . ပိုကောင်းမယ်ထင်တာပဲ"

"ကြုံကြုံဖန်ဖန်ဟာ. . . ဟိုဟာတွေက ဘာတွေလဲ"

"ဖြူဖြူတွေက ချိစ်. . . နီနီရဲရဲတွေက ဆော့လ်၊ ညိုညိုတွေက အသားကင်တွေ ခြွေထည့်ထားတာလေ"

"ဟာကွာ"

"မဟာနဲ့လေ. . . ဗိုက်ထဲ ရောက်တော့ရော အကုန်ရောသွားတာပဲ မဟုတ်လား၊ တစ်ခုချင်း လုပ်နေရင် လက်ထဲမှာ ရှုပ်နေမယ်. . အကုန်ရောသမမွှေပြီး မော့ချလိုက်တော့ ပြီးရောပေါ့ကွာ"

"ကဲ. . . မော့. . . မော့"

မော့ဆိုတော့ ယောသားလည်း မော့ချသည်။ ကွိခနဲ အသံတစ်ချက်နဲ့တင်. . . ယောသား၏မျက်လုံးကြီး ပြူးထွက်လာပြီး ဖူးခနဲ အန်ထွက်လာ၍. . . ယောသား၏ရှေ့တည့်တည့်၌ ရှိနေသော ခင်မြဇင်၏တင်ပျဉ်ခွေထဲ တန်းခနဲ။

"အား. . . သွားပါပြီ. . . ယောမသား !! "

"ဟ. . နှစ်ခွက်သောက်တာ ဘာလို့ တစ်ဂါလန်လောက် ထွက်လာတာလဲ ယောသားရဲ့"

"မ. . . မယူခင် နှစ်ခွက်. . . ယူ. . . ယူပြီး နှစ်ခွက် ဒီမှာ နှစ်ခွက်နဲ့ဆိုတော့. . . ဝေါ့. . . "

အားလုံး ထခုန်ကြသည်။ မူးနေတော့ လဲသူလဲနှင့် ဖရိုဖရဲ ဖြစ်ကုန်လေသည်။ ဘေးလူတွေက ကြည့်ပြီး မှတ်ချက်ချကြသည်။

"ဟား. . . အန်ချက်ကတော့ လန်ထွက်နေတာပဲ"

"ဟူး. . . သောက်လုံးကတော့ မျောက်ရှုံးသကွာ"





မောင်တိုးနှင့် နောက်တစ်ယောက် ယောသားကို မ,ထုတ်သွားကြသည်။ ခင်မြဇင်လည်း ပေရေကုန်သဖြင့် အဖော်နှစ်ယောက်နှင့် ဆေးကြောရန် ထွက်သွားကြသည်။

ဒရိုင်ဘာ. . . ကိုချိုကြီးနှင့် မြတ်ခေါင်တို့ ယောသား၏သဘောထားအမှန်ကို သိပြီး ထလစ်ကြသဖြင့်. . . ဘယ်ဆီ ရောက်သွားသည်မှမသိ။ သူတို့အုပ်စုနေရာလေးမှာ. . . အန်ဖတ်ပုံနှင့် ဖွန်မီယာ မိုးညိုတို့ နှစ်ယောက်သာ ကျန်ခဲ့သည်။

"ကျွန်မတို့လည်း လစ်ကြမှထင်တယ်. . . အနံ့အသက်တွေ မကောင်းတော့ဘူး"

မိုးညို ခေါင်းညိတ်ပြသဖြင့် ရည်ရွယ်ချက်မရှိပဲ စတိတ်ရှိုးဖက် လျှောက်လာခဲ့ကြသည်။ ဖွန်မီယာက. . .

"ကျွန်မ ရှင့်ကို တစ်ခုလောက် မေးချင်တယ် ! "

"မေးလေ"

ရှန်ပိန်ကြောင့် ထင်သည်။ ဒီဖွန်မီယာ အာသွက်ခရာလေး ဖြစ်နေကြောင်း မိုးညို သတိထားမိနေသည်။

"ကျွန်မ နေ့စဉ် အလုပ်တက် အလုပ်ဆင်း လုပ်နေတဲ့ ကိုယ်ပိုင်ကားရဲ့ဆီဖိုးတောင် မပြည့်တဲ့လစာနဲ့ ဒီအလုပ်ကို ဘာကြောင့် လုပ်ရသလဲဆိုတာ ရှင်မမေးချင်ဘူးလား ! "

"မေးချင်တယ် ထားဦး၊ ယောက်ျားပါးစပ်ကြီးနဲ့ စပ်စုလို့ ကောင်းပါ့မလားဗျာ"

"အခစ်ခစ်ခစ်"

ဖွန်မီယာ ပခုံးလေး လှုပ်အောင် ရယ်လိုက်ပြီး. . .

"မဆိုးဘူး. . . ကျွန်မ အဲ့သလိုယောက်ျားမျိုးကို သဘောကျတယ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အဟောင်းသားနှင့် လှည့်ကြည့်သော မိုးညိုအား သူမ ကြည့်ပြီးရယ်ပြန်သည်။

"အဟင်းဟင်း. . . ဒီလိုလေ၊ ယောက်ျားဟာ ယောက်ျားပီသတဲ့ စရိုက်ရှိရတယ်၊ အဲ့ဒီစရိုက်ကို သဘောကျတာ. . . ဒါပေမယ့် ရှင်မမေးလည်း ကျွန်မပြောမှာပါ"

သူမ စကားဖြတ်ပြီး ခြေလှမ်းတွေကိုပါ ရပ်ပစ်လိုက်သဖြင့် မိုးညိုလည်း ရပ်သွားသည်။ စက်မှုဇုံတစ်ခုလုံးကို. . . အလျားလိုက် ဖြတ်တိုက်လာသော လေပြည်က သစ္စာနံ့တွေ သယ်ဆောင်လာခဲ့သည်။ ညကောင်းကင်က. . . ကြယ်မှုန်တွေကို သူ့ကိုယ်သူ ပြန်ပက်ကျဲထားသည်။ ဇွန်မီယာက စောစောက လေပြည်ဖွ၍ ကျလာသော ဆံနွယ်စတွေကို ခေါင်းငုံ့သိမ်းတင်လိုက်ပြီး. . .

"ဒီ Company မှာ ဒီလိုပွဲမျိုး ကျင်းပတယ်ဆိုတာ ဖေဖေ ကိုယ်တိုင်ချပေးခဲ့တဲ့. . . မျိုးစေ့ရဲ့ လှပတဲ့အပင်တစ်ပင်ပေါ့ ကိုမိုးညို၊ လွန်ခဲ့တဲ့(၂)နှစ်လောက်ကအထိ. . . Green Soap ကို ဖေဖေပိုင်ဆိုင်ခဲ့တယ်၊ ဒါပေမယ့် ဖေဖေပြီးရင် ရှယ်ယာအများဆုံး ပိုင်ဆိုင်တဲ့ ဦးထက်ခေါင် လက်ထဲကို. . . ဖေဖေ့ရဲ့ကျန်းမာရေးကြောင့် (၅)နှစ်လောက် ကြိုပြီး ယာယီလွှဲပြောင်းထားခဲ့ရတယ်. . . ကျွန်မကလည်း ကျောင်းမပြီးသေး၊ မေမေကလည်း ဖေဖေ့လုပ်ငန်းကို မကျွမ်းကျင်တော့. . .

ဖေဖေ့ရဲ့အတွင်းရေးမှူး အန်တီရိုစ့်ကို လူယုံထားပြီး ဦးထက်ခေါင်လက်ထဲ. . . ကုမ္ပဏီကို ထားခဲ့ရတာလေ၊ ဖေဖေလည်း အနားယူပြီးကတည်းက ဆေးရုံတွေမှာပဲ ချာချာလည်နေပြီး. . . နောက်ဆုံးထွက်သက်အထိ ကုမ္ပဏီကို တစ်ခေါက်တောင် ပြန်မရောက်နိုင်ရှာပါဘူး၊ ဖေဖေ ဆုံးပြီးမှ ထွက်လာတဲ့အဖြေကတော့. . . နည်းပညာ အားနည်းလို့ ဈေးကွက်ပျောက်ခဲ့ရတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့. . . ဆုံးရှုံးမှု ကိန်းဂဏန်းတွေကို ချပြလာတယ်၊ အရှုံးကြောင့် ရှယ်ယာလေးဆယ်ရာခိုင်





နှုန်း. . . သူပြန်အမ်းလိုက်ရတယ်၊ ဒီကာလအတွင်း. . . ဖေဖေ့အတွက် စက်ပူဆေးကုသစရိတ်၊ ပြည်တွင်းကုသစရိတ်၊ မိသားစုထောက်ပံ့မှုစရိတ်နဲ့ လုပ်ငန်းဆုံးရှုံးမှု ပမာဏအချိုးနဲ့ စုပေါင်းလိုက်တာ. . . ဖေဖေ့ရှယ်ယာဟာ ပါးပါးပဲ ကျန်တော့တယ်"

"ဟင်. . . လူယုံထားထားတဲ့ အန်တီရိုစ့်ကရော ဒီကိစ္စကို အတည်ပြုပေးသလား"

"သူတို့နှစ်ယောက် ပေါင်းပြီးကြံစည်လိုက်တာလေ"

"ဟာ. . . ယုတ်မာလှချည်လား"

"ဒါပေမယ့် အဲဒီဆုံးရှုံးမှုကို. . . ဖေဖေ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရတာလောက် နှမြောစရာ မကောင်းပါဘူး. . . ကိုမိုးညို. . . ကျွန်မတို့သားအမိအတွက် မေမေ့အမွေ အပ်နှံထားတဲ့ ဘဏ်တိုးနဲ့တင် ပိုပိုလျှံလျှံကို လုံလောက်နေပါပြီ"

"ဒါနဲ့များ ဇွန်မီယာ အပင်ပန်းခံလို့ဗျာ"

"ကျွန်မက လက်တုန့်ပြန်ချင်တယ်လေ. . . စိတ်. . . မြေရုံလေးပါ၊ ဒါကြောင့် ဒီပွဲကို စောင့်ခဲ့ရတာ"

ဒီတစ်ခါ မိုးညို ဗျာမတဘဲ မျက်လုံးပြူးသွားသည်။ လန့်လည်း လန့်သွားပါသည်။ လက်တုန့်ပြန်မယ်ဆိုတော့ ဇွန်မီယာ ဘာလုပ်မလဲ။ ဘရုတ်ဇာတ်လမ်းတွဲတွေထဲကလို လူသတ်ရင် ပြဿနာ။

"ကျွန်မ. . ကို တစ်ခုတော့ ကူညီရလိမ့်မယ်"

"ခင်. . . ခင်ဗျာ"

"အဟင်းဟင်း. . . မစိုးရိမ်ပါနဲ့. . . သူက. . . ကျွန်မကို အစောကြီးကတည်းက လက်တုန့်ပြန်ခွင့် ပေးထားပြီးသားပါ၊ ကျွန်မ ဆန္ဒရှိရင် သူ့ရဲ့အတွင်းရေးမှူး လုပ်ဖို့အထိ ခွင့်ပြုထားတယ်၊ အဲ့ဒီနည်းက သိပ်မကောင်းဘူး၊ ကုမ္ပဏီတစ်ခုလုံးရဲ့ပါးစပ်ထဲမှာ ကျွန်မသိက္ခာတွေ စိစိညက်ညက် ကျေသွားလိမ့်မယ်၊ ဒါကြောင့် အပင်ပန်းခံပြီး ဒီပွဲကို စောင့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ. . . ရော့. . . ဒါ ကျွန်မရဲ့ Hand Phone ၊ ရှင် ကျွန်မကားထဲဝင်ပြီး နောက်ခန်းမှာ ပုန်းနေ၊ သူ ကျွန်မကို တစ်နေရာရာ ခေါ်သွားလိမ့်မယ်၊ သူခေါ်သွားတဲ့နေရာကို ရောက်တာနဲ့. . . ရှင် သက်ဆိုင်ရာကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက်"

"ဖြစ်ပါ့မလား ဖွန်မီယာ. . . ခင်ဗျားရဲ့လက်တုန့်ပြန်မှုက ခင်ဗျားအတွက်ရော ခင်ဗျားသိက္ခာအတွက်ပါ စိုးရိမ်စရာ မကောင်းလွန်းဘူးလား"

"မတတ်နိုင်ဘူး. . . ကိုမိုးညို၊ သူ့ကို အချုပ်ခန်းထဲ ခဏပဲဖြစ်ဖြစ် ဆွဲသွင်းရမှ ကျွန်မ ကျေနပ်နိုင်မယ်၊ ကုမ္ပဏီအသိုင်းအဝန်းနဲ့ လွတ်ကင်းတဲ့နေရာတစ်ခုမှာ. . . အမှုအခင်းတစ်ခုနဲ့ လက်ထိပ်ခတ်ခံလိုက်ရတဲ့ ဦးထင်ကျော်ရဲ့မျက်နှာကို ကျွန်မကြည့်ချင်တယ်"

မိုးညို ခေါင်းကို ခပ်လေးလေး. . ခါယမ်းပြီးစဉ်းစားသည်၊ စိတ်ထဲမှာလည်း လေးလံသလိုကြီး ခံစားနေရသဖြင့်. . .

"မဖြစ်ဘူးထင်တယ်. . ဖွန်မီယာ ခင်ဗျားကို စိတ်မချဘူး"

"အို. . . ရှင်တစ်ယောက်လုံး ကျွန်မရဲ့အနီးဆုံးမှာ ရှိနေတာဘာစိတ်မချစရာရှိလဲ၊ ရဲတပ်ဖွဲ့ဝင်တွေဆီ ဖုန်းဆက်ရင်သာ ကျွန်တော့်ချစ်သူကို ကျွန်တော့်အလုပ်ရှင်က ခေါ်သွားပါတယ်. . . ကျွန်တော်မလွန်ဆန်နိုင်လို့ ကူညီပါလို့ပြော"

သူ့အစီစဉ်နှင့်သူကတော့ ယိုကွက်ဟာကွက် တစ်ချက်မှ မရှိ။

သို့သော် သူ့အတွေးအာရုံထဲမှာတော့. . . မမြင်နိုင်သော ကံတရား၏ ဝှက်ဖဲတစ်ချပ် ဖြတ်ခနဲ ဆွဲလှန်ပစ်လိုက်မှာကို စိုးရိမ်မိနေလေတော့သည်။

"ရှင်သွားတော့လေ. . . ကားနောက်ခန်းတံခါး လော့မချထားဘူး"

မိုးညို ပင့်သက်တစ်ချက် ရှိုက်သွင်းကာ လေးကန်သောခြေလှမ်း





တွေနှင့် ထွက်လာခဲ့ရတော့သည်။ လျှောက်လာရင်းနှင့် ဆရာမင်းသိမ်တို့ သတိရ၏။

"သဗ္ဗေသတ္တာကမ္မသတ္တာ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော် ခြံထဲကနေ ကားကို အပြင်ထုတ်ပြီး ကားထဲက ထွက်လာကာ. . . ခြံတံခါးကို သော့ခတ်လိုက်သည်။ ခရမ်း ရောက်လာသည်။

"ဘာလဲ ထင်ကျော် ! "

"ဩော်. . . မင်းပြန်လာပြီလား၊ ရော့. . သော့၊ ငါ. . . လဝန်းဆီ ခဏသွားမလို့ကွာ"

"ငါလည်း လိုက်မယ်လေ"

"အိမ်မှာပဲ နေပါကွာ"

"ငါလိုက်ချင်လို့ပါကွာ. . . စိတ်ချ. . . လဝန်း ငါ့ကို မြင်လို့ ဒေါသဖြစ်ပြီး. . . ထရိုက်လည်း မျက်စိစုံမှိတ်ပြီး ခံပါ့မယ်. . . လုံးဝစိတ်မဆိုးဘူးနော. . နော. . ကွာ"

"အေး. . . သဘောပဲ"

ခရမ်း ပျော်သွားပြီး မင်းထင်ကျော် မမြင်အောင် တစ်ကွက်နှစ်ကွက်လောက် ကခုန်ပစ်လိုက်သည်။ မင်းထင်ကျော် မြင်သွား၏။





"စောက်ရှုးထမနေနဲ့. . . မေပျိုက မင်းကို အဖေတစ်ယောက်လို စိတ်ဝင်စားတာကွ"

"ဘာ. . . !! "

"ဟုတ်တယ်လေ. . . မင်းအရွယ်နဲ့သူ့အရွယ် ယှဉ်ကြည့်စမ်းပါဦး"

မင်းထင်ကျော် ကားထဲ ဝင်ထိုင်သဖြင့် ခရမ်းလည်း အောင့်သက်သက်နှင့် ဝင်ထိုင်သည်။ ကားမောင်းထွက်လာသည်အထိ တစ်လုံးတည်းနှင့် ငြိမ်သွားသော ခရမ်းကို ကြည့်ပြီး ပြုံးမိသည်။

အတန်ကြာမှ. . .

"လဝန်း DIARY ထဲ ငါဖတ်ရသလောက်ကတော့. . . "

"ဟုတ်တယ်. . . ငါအရင်ဆုံး ဖတ်ရတာ. . . လဝန်းရဲ့ထင်မြင်ချက်နဲ့ ရေးထားတာကို ကြည့်ရင် သမီးတစ်ယောက်က အဖေတစ်. . ."

"တော်စမ်းပါကွာ. . . သူနဲ့ငါ ကွာလှမှ လေးနှစ်ပေါ့၊ မင်းနဲ့လဝန်းတောင် သုံးနှစ်ပဲ ကွာတာ"

မင်းထင်ကျော် တခိခိ ရယ်ရင်းနှင့်. . .

"နေပါဦး. . . မင်း တကယ်ရော စိတ်ဝင်စားလို့လား ခရမ်းရာ"

"စိတ်ပင်စားတာပေါ့ကွာ. . . တစ်သက်နဲ့တစ်ကိုယ် ငါ့ကို ဒီလိုပြောတာ သူတစ်ယောက်ထဲ ရှိတာ၊ ရတုန်းယူထားလိုက် ဆိုတဲ့သီချင်းမင်းလည်း ကြားဖူးနေတာပဲဥစ္စာ"

မင်းထင်ကျော် ရယ်ချင်သော်လည်း မရယ်ရက်တော့ပါ။ ခရမ်းက သူ့အကျိုးပေး ကောင်းပုံကို သူကိုယ်တိုင် ရိုးသားစွာ ဝန်ခံနေခြင်းဖြစ်၍. .

"အင်းလေ. . . ကြိုးစားကြည့်ပေါ့၊ ငါကတော့ မိုးညိုနဲ့လဝန်း ကိစ္စပဲ ရင်ပူတယ်ကွာ၊ မိုးညိုကိုတော့ ငါယုံကြည်ပါတယ်၊ ဒါပေမယ့် ကံအကြောင်းကို မယုံရဲဘူးဖြစ်နေတယ်. . . တကယ်လို့များ မထင်တာဖြစ်သွားရင် အားလုံး ငါ့အပြစ်တွေချည်းပဲမို့လို့ အိမ်ကနေ ခေါင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရမှာ သေချာတယ်ကွာ"

"ငါ့အမြင်တော့ မိုးညိုရဲ့စိတ်သဘောနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ထင်ကျော်. . . စိုးရိမ်မနေနဲ့၊ ဒီကောင်မှာ အဲဒီကိစ္စတွေ စိတ်ဝင်စားမှု မပြလို့ အခြောက်များလားလို့တောင် သံသယဖြစ်မိတယ်၊ ဒါပေမယ့် အဲ့သလိုလည်း မဟုတ်ပြန်ဘူး၊ ဒီကောင့်စိတ်ထဲမှာကို အချစ်ကိစ္စ မရှိတာ"

မင်းထင်ကျော်က ရွှေဂုံတိုင်မီးပွိုင့် မရောက်ခင် ကားကို ညာဖက်လမ်းသွယ်ထဲ ချိုးဝင်ပစ်လိုက်သဖြင့် ခရမ်းက. . .

"ဟင်း. . . မေပျိုတို့က ဒီထဲမှာ နေတာလား ! "

"ဟုတ်တယ်"

"ဟား. . . နေ့ခင်းကတောင် ကားလာပို့ရင်း ငါရောက်သေးတယ်"

မေပျိုနှင့် ပတ်သက်၍ ခရမ်းစိတ်ထဲမှာ မည်မျှရှိနေပြီဖြစ်ကြောင်း မင်းထင်ကျော် သိကာ. . . အဆင်ပြေပါစေဟုပဲ စိတ်ထဲက ဆုတောင်းပေးလိုက်တော့သည်။

အိမ်ခြံဝင်းကြီးရှေ့တွင် ကားရပ်ပြီး ဟွန်းတစ်ချက်တီးကာ စောင့်နေလိုက်သည်။ ခဏကြာတော့ မေပျိုထွက်လာပြီး တံခါးဖွင့်ပေးလေသည်။

"သြော်. . . ကိုမင်းထင်ကျော်၊ အတော်ပဲ. . . လဝန်းတောင် အခုပဲ ဖုန်းဆက်တော့မလို့၊ အိမ်ခဏပြန်ချင်လို့တဲ့လေ"

မင်းထင်ကျော်က ခရမ်း တိုင်ပင်ခေါ်ပေးထားသည့်အတိုင်း ခြံထဲဘီးလှိမ့်ဝင်ပြီးမှ ကားရပ်ပေးလိုက်သည်။ ခရမ်း ကားထဲက ထွက်သွားမှ ဆက်မောင်းသွားလေသည်။ မေပျို ခြံတံခါးပိတ်ပြီး ပြန်လှည့်အထွက်. . .

"မေပျို"

"ဘုရား"

"အဟဲဟဲ. . . ရှင်လို့ပဲ ထူးပါကွယ်"

"ဘာ. . . လန့်သွားတာရှင့်၊ ရှင့်ကို ဘုရားထူးရမှာလား"





"သြော်. . . ဒီလိုလား !၊ အဟဲဟဲ. . . ညကလည်း မှောင်လိုက်တာနော်"

"အင်းလေ. . . မှောင်ပါတယ်ဆိုမှ အသားမည်းတဲ့သူက လာပိတ်ရပ်နေသေးတယ်၊ ဖယ်. . . ကျွန်မ သွားမလို့"

"နေပါဦး မေပျိုရယ်၊ ဖုန်းထဲကနေ မင်းကိုယ့်ကို ရိုက်သတ်ပစ်ချင်တယ်ဆိုလို့ တကူးတက လာပြီးအရိုက်ခံရတာပါ"

"ဟုတ်တယ် လူညစ်စုတ်ကြီးရဲ့၊ အသေကို ရိုက်ချင်တာ သိလား"

ခရမ်းက တရုတ်မင်းသားတွေကို စိတ်ကူးထဲ ဖြတ်ခနဲ ပြေးမြင်ပြီး မေပျိုရှေ့မှာ ဒူးထောက်ချလိုက်သဖြင့် မေပျိုလန့်သွားကာ. . .

"အို. . . ဒါဘာလုပ်တာလဲ"

"မင်းပဲ အသေရိုက်မယ်ဆို"

"တော်ပြီ"

ပြောပြီး သူမ ရိပ်ခနဲ လှည့်ပတ်အထွက်. . . ခရမ်းက သူမ လက်ဖဝါးနွေးနွေးလေးအား ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

"ဟင်. . . ရှင်ဘာလုပ်တာလဲ ! "

အိမ်ထဲက မိဘတွေ ကြားသွားမှာစိုးသဖြင့်. . . အသံခပ်အုပ်အုပ်လေး လုပ်ပြီးအော်သည်။ ခရမ်း ထရပ်လိုက်သည်။ လက်ကိုတော့ မလွှတ်။

"ကိုယ်. . . မင်းရဲ့မေတ္တာကို အသိအမှတ်ပြုတာပါ"

"အလိုလေး. . . ရှင့်ကို ဘယ်သူက မေတ္တာရှိတယ် ပြောလို့လဲ၊ လွှတ်စမ်းပါဆို"

"မလွှတ်ပါဘူး. . . မင်းသာ မေတ္တာမရှိရင် ကိုယ့်ကို ရိုက်ပစ်မှာပေါ့၊ အခု မေတ္တာရှိလို့ မရိုက်ပဲ ထားခဲ့တာပေါ့"

"အဲဒါ ငရဲကြီးမှာစိုးလို့ရှင့်. . . ဒုက္ခပါပဲ. . . အိမ်က သိကုန်တော့မှာပဲ၊ ရှင်ဘယ်လိုလူကြီးလဲ ! "

"ငါ မင်းကို ချစ်တယ် မေပျို. . . လူကြီးတွေ သိလဲ ဂရုမစိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဘွဲ့ရပညာတတ် လက်ရှိအလုပ်အကိုင်နဲ့ လူပျိုစစ်စစ်"

မေပျို ဘယ်လိုမှ ရှန်းလို့ မလွတ်သာမှန်း သိသည်၊ ကတုန်ကယင် ဖြစ်နိုင်လွန်းသောစိတ်နှင့် ငွတ်ရှန်းနေသဖြင့် ခရမ်း စိတ်မထိန်းနိုင်ဘဲ ဆွဲဖက်ထားမိတော့သည်။

"အား. . . လွှတ်ပါ. . . ရှင့်ကိုယ်က. . စက်ဆီစော်တွေ နံလိုက်တာ"

"လွှတ်မှာပါ. . . ကိုယ့်ကို ချစ်တယ်လို့ပြောရင်ပေါ့"

"ဟာ. . . မသိဘူး"

"ဒါဆို မလွှတ်ဘူး၊ ခု ကိုယ် အိမ်သာ အရမ်းတက်ချင်နေတာနော်၊ ထွက်ကျသွားပစေ. . . လွှတ်ဘူး"

"ဟာ. . . ဒုက္ခပါပဲ၊ ကဲ. . . ကျွန်မ ရှင့်ကို"

"မေပျိုရေ"

ခေါ်သံနှင့်အတူ လဝန်း အိမ်ထဲမှ ထွက်လာသဖြင့် ခရမ်း အကြီးအကျယ် တုန်လှုပ်သွားပြီး မေပျိုကို လွှတ်ကာ ခြံအဝင် လမ်းဘေးရှိ အလှစိုက်ထားသော ရွက်လှပင်တွေကြား တိုးဝင်၍ ပုဝပ်နေလိုက်ရသည်။

(တောက်. . . ပွဲပြီးကာနီးမှကွာ)

"ဟဲ့. . . မေပျို !"

"အန်. . . လ. . လ. . . ဝန်း"

"နင် အမှောင်ထဲ ရပ်ပြီး ဘာလုပ်နေတာလဲ !"

"ငါ. . . ငါလား၊ ဟို. . ခြံ. . ခြံတံခါးပိတ်ပြီး လှည့်အပြန် ဒီ. . ဒီနားမှာ အရိပ်. . အရိပ်မည်းမည်းကြီး တွေ့လိုက်သလားလို့"

"ဘာလဲ. . . တစ္ဆေခြောက်တယ်လို့ ပြောချင်တာလား !"

"မသိဘူး. . . ငါကြောက်ပြီး ခြေလှမ်းမရွေ့ရဲတော့လို့"

"လုပ်မနေစမ်းပါနဲ့ မေပျိုရယ်၊ တစ္ဆေဆိုတာ ဘုရားမသိ တရားမသိ ကလေကဝကောင်တွေ သေလို့ ဖြစ်လာကာ၊ ဂရုစိုက်စရာ မလိုဘူး၊





ငါကတော့ စိတ်ထဲ မသိုးမသန့် ဖြစ်လာရင် ဖြစ်တဲ့နေရာ. . . ဟင်. . . ဟိုမှာ ဘာလဲမသိဘူး၊ လှုပ်သွားတယ်"

မေပျို မျက်လုံးတွေ ပြာသွားပြီး လဝန်း လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်သည်။ ခရမ်း ပုန်းနေသောနေရာဖြစ်၍ ရင်တွေ တုန်တက်လာကာ. . .

ဒူးတွေပါ ဆတ်ဆတ်တုန်နေခိုက် လဝန်း လမ်းဘေးက ခဲလုံး တစ်လုံး ကောက်ယူပြီး အားကုန်ပစ်ထည့်လိုက်တော့သည်။

"ခွပ်"

"အောင်မလေးဗျာ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးကို မှီထား. . . မှီထား. . . အဟတ်ဟတ်"

"ဟင်. . . မမှီချင်ဘူး၊ မူးနေပါတယ်ဆိုမှ"

စက်မှုဇုံဝင်းကို ကျော်လာကတည်းက ထရိုက်ပစ်ချင်စိတ်အား မိုးညို အောင့်အည်းမြိုချနေရသည်။ တကယ့်လူ. . . အနွတ္တာ။ ပိုက်ဆံသာ ရှိပြီး ကိုယ်ကျင့်တရား မရှိ။

"ဦးထက်ခေါင်နော်. . . ကျွန်မ မူးနေလို့ ကားမမောင်းနိုင်လို့ လိုက်ပို့ခိုင်းတာ၊ အခွင့်အရေး မယူနဲ့. . . အေ့"

"အစ်ကိုကြီး သိပါတယ် ငွန်မီယာလေးရယ်. . . စိတ်သာချ. . . ရောက်တော့မှာ"

မမြင်ရသော်လည်း ကြားနေရသောအသံတွေကြောင့် မိုးညို နောက်ထပ် အောင့်အည်းနိုင်စွမ်း မရှိတော့ကြောင်း သူ့ကိုယ်သူ သိသည်။ ဒီလူမောင်းနေသည့်နှုန်းက. . . အနည်းဆုံး ကီလိုရှစ်ဆယ်ထက် မလျော့။ ဒါတောင် မရောက်နိုင်သေးသဖြင့်. . . ဘယ်အထိ ခေါ်လာပြီလဲဆိုတာ မတွေးတတ်နိုင်အောင် ရှိနေစဉ်. . . ကားက အရှိန်လျော့ကျသွားပြီး. . .





ညာဘက်သို့ ချိုးကွေ့သွားကြောင်း မိုးညိုစိတ်ထဲက မှတ်သားနေလိုက်သည်။ ထိုလမ်းအတိုင်း မိနစ်အနည်းငယ်ကြာအောင် မောင်းသွားပြီးမှ ရပ်တန့်ကာ. . . စက်ပါ သပ်လိုက်သည်။

"ငွန်မီ. . . ငွန်မီလေး၊ အို. . . အိပ်နေလိုက်တာများ ချစ်စရာ၊ အင်း. . . ခုတင်ပေါ် ရောက်အောင် ပွေ့တင်ရတော့မှာပေါ့. . . အဟတ် ဟတ်. . ဟတ်"

ကားတံခါး ဆွဲဖွင့်သံ၊ အိပ်ချင်ဟန်ဆောင်နေသော ငွန်မီယာကို တအိအိ တအအနှင့် တွဲထုတ်ယူသံ၊ တံခါးပြန်ပိတ်သံ၊ ထိုအသံတွေ ပြီးဆုံးသွားသည်နှင့်. . . မိုးညို ထပ်ပြီးသည်းမခံနိုင်တော့သလို. . . ပုန်းဝပ်နေရာမှ ခေါင်းထောင်ကြည့်လိုက်သည်။

"ဟား. . . တစ်လောကလုံး မည်းမှောင်နေပါလား၊ ဒီလူတော့. . . တောက်"

မိုးညိုကား မှန်နားကပ်ပြီး အပြင်ကို အားစိုက်ကြည့်လိုက်သည်။ သူမကို ပွေ့ချီသွားသော ဦးထက်ခေါင်အား. . . ကြယ်ရောင်ပျပျနှင့် လှမ်းတွေ့လိုက်ရသဖြင့် ထိုလူ၏ဦးတည်ရာကို လှမ်းကြည့်ရင်း. . . ကားတံခါးကို အသာအယာ ဖွင့်၍ထွက်သည်။ ကားထဲက ထွက်ပြီးသည်နှင့်. . . သူမပေးထားသောဖုန်းနှင့် ပြောပြထားသောဖုန်းနံပါတ်အတိုင်း နှိပ်ခေါ်ဖို့. . . ပြင်ဆင်လိုက်သည်။

"ဟာ. . . !! "

မိုးညို ဖုန်းကို ကြည့်ပြီး အကြီးအကျယ် တုန်လှုပ်သွားသည်၊ ဖုန်းဖွင့်၍မရ။ ဖုန်းက သူ ဗဟုသုတ ရှိထားဖူးသော ဖုန်းမျိုး မဟုတ်တာ သေချာသည်။ မိုးညို ချွေးပြန်သွားပြီး. . . LINE ON ဖို့ အသည်းအသန် ကြိုးစားသည်. . . မရပါချေ။ ဒုက္ခပဲကွာ၊

တောသားဖြစ်သော်လည်း နည်းပညာ ယဉ်ကျေးမှုနှင့် ကင်းကွာမှုမျိုး မဖြစ်ရအောင်. . . လက်လှမ်းမှီသရွေ့ ကြိုးစားလေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . ဒီဖုန်းကိုက ခေတ်မှီနိုင်လွန်းသည်။ မဟုတ်ဘူး. . . ကြီးကို ကြီးကျယ် နိုင်လွန်းတာ။

ဖုန်းကို စိတ်ရှိလက်ရှိ မလွှင့်ပစ်မိခင် ဘောင်းဘီအိတ်ထဲ ထိုးထည့်ပစ်ပြီး. . . သူရပ်နေသောဝန်းကျင်မှာ တစ်စုံတစ်ခု တွေ့လိုတွေ့ငြား ရှာဖွေကြည့်သည်။ အမှောင်ထဲမှာ. . . မျက်လုံးကျင့်သားရလာပြီးဖြစ်သဖြင့်. . . ခပ်ရွယ်ရွယ် ကျောက်ခဲကြီးတစ်လုံးကို တွေ့သွားသည်။ မိုးညို စဉ်းစားမနေတော့ပဲ. . . ကျောက်ခဲကို ကောက်ကိုင်ကာ. . . ဦးထက်ခေါင်နောက်သို့ ခပ်သွက်သွက် လိုက်လာခဲ့တော့သည်။

သူကိုယ်တိုင် လျှောက်လာတော့မှ. . . လမ်းက လူသွားလမ်းရယ်လို့ မဟုတ်ဘဲ. . . ချုံနွယ်များ၊ အပင်ကြီးငယ်များ ပိတ်ဖုံးစွာ ပေါက်ရောက်နေသော နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။ သို့သော် ဦးထက်ခေါင် ဒီလမ်းအတိုင်း တိုးဝင်သွားတာ သေချာသဖြင့်. . . မိုးညို ဆက်လိုက်လာခဲ့ရာ. . . သစ်ပင်ချုံနွယ်တွေကြား ဖြာထွက်နေသော. . . ဝါကျင့်ကျင့် မီးရောင်ကို မြင်ရပြီး ခပ်နိမ့်နိမ့် အိမ်လေးတစ်လုံးကိုပါ တွေ့မြင်ရတော့သည်။

မိုးညို ထိုအိမ်ကလေးဆီသို့ သတိနှင့် တိုးကပ်သွားသည်။

ဇွန်မိယာ ခုတင်ပေါ် ဆတ်ခနဲ ထထိုင်လိုက်၍ ဦးထက်ခေါင် ခြေလှမ်းတုန့်ကာ မျက်လုံးပြူးသွားသည်။

"ကျွန်မ လူမှန်းသူမှန်း မသိအောင် မူးနေပြီဆိုတော့ အပိုင်ပဲပေါ့၊ ဒီလိုလား ဦးထက်ခေါင်၊ အဟင်းဟင်းဟင်း. . . ရှင်က လူယုတ်မာပဲနော်၊ ဖေဖေက ရှင့်ကို ဘယ်လိုမျက်စိမျိုးနဲ့ ကြည့်ပြီး ကုမ္ပဏီကို အပ်ခဲ့ပါလိမ့်"

ဦးထက်ခေါင် တစ်ချက်တော့ ပြာထွက်သွားသည်။ ပြီးမှ ထိမထင်သလို ကြည့်၍ ခြောက်ကပ်ကပ် ရယ်မောပစ်လိုက်ကာ. . .

"မင်းကြိုက်သလို သတ်မှတ်ပေတော့ ဇွန်မိယာ၊ ဒီနေ့ ရတဲ့ အခွင့်အရေးကတော့ ကိုယ့်အတွက် ဘုရားပေးတဲ့ဆုပဲ"





"ဟုတ်လား. . . ကျွန်မကလည်း ဒီနေ့ရတဲ့ အခွင့်အရေးကတော့ ဖေဖေ့အတွက် အကောင်းဆုံး လက်တုန့်ပြန်ခြင်းပဲ"

"ဟား. . . ဟား. . . ဟား ဟုတ်ပြီပေါ့၊ ဒါ ရန်ကုန်မြို့လည်ခေါင် မဟုတ်ဘူးနော်. . . ထောက်ကြန့်မြို့နယ်၊ ဒီနားမှာ နှစ်မိုင်ပတ်လည် လူနေအိမ်ရယ်လို့ မရှိဘူး၊ ကဲ. . . မင်း ဘယ်လို လက်တုန့်ပြန်မလဲ ကြည့်လိုက်ရအောင်"

"ရှင်. . . ရှင် ကျွန်မအနားမကပ်နဲ့နော်"

"လိမ္မာစမ်းပါ ဇွန်မိယာလေးရယ်. . . ဟားဟားဟား"

"အိုရှင်. . . လွှတ်"

**"ဂုတ်. . ဂုတ်. , ဖွပ်. . ခွပ်. . ခွပ်"**

"တော်. . . တော်ပြီ. . . သေသွားလိမ့်မယ်"

ဇွန်မိယာ စိုးရိမ်တကြီး ထဆွဲသည်။

"ခဏလေး"

ဇွန်မိယာ အတင်းဝင်ဆွဲကာရံထားသည့်ကြားက ခဏလေးဆိုပြီး လက်ထဲက ခဲလုံးနှင့်. . . ဖားဂုံညင်းကြီးလို ခုတင်ပေါ် ကွကွကြီး ပုံနေသော ဦးထက်ခေါင်အား. . . လှမ်းပစ်ထည့်လိုက်သည်။ ဦးထက်ခေါင် လုံးဝ ငြိမ်သက်သွားချေပြီ။

ဇွန်မိယာမှာ ကြောက်စိတ်ကြောင့် တကိုယ်လုံး ဆတ်ဆတ်ခါ တုန်ရီနေကာ. . .

"သေသွားပြီထင်တယ် ကိုမိုးညိုရယ်. . . ဒုက္ခပါပဲ"

"သေပစေ. . . အသက်ရှင်နေလည်း လူနဲ့မှ မတူတာ"

"ရှင်ဘာလို့ အဲ့သလို လုပ်ရတာလဲ. . . ဖုန်းဆက်ပါဆို"

"ခင်ဗျားဖုန်းကို ကျွန်တော်မဖွင့်တတ်ဘူး ဇွန်မိယာ"

မိုးညိုက ဖုန်းပြန်ပေးရင်း အသေကောင်လို ငြိမ်သက်နေသော ဦးထက်ခေါင်အား အေးစက်စွာ လှမ်းကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇွန်မီယာ သူ့ဖုန်းကို ကတုန်ကယင် လှမ်းယူပြီး ဖုန်း၏ထိပ်တည့်တည့်ကို လက်နှင့် ဖိကာ Power On လိုက်သည်။

"ဒီ. . . ဒီမှာလေ၊ ဘာလို့ မရ,ရမှာလဲ"

"ကျွန်တော် Hand Phone မသုံးဖူးဘူး ဇွန်မီယာ"

"သေချင်တာပါပဲ"

ဇွန်မီယာ စိုးရိမ်ကြောင့်ကျစွာ ပြာယာခတ်နေသလောက် မိုးညိုက တည်ငြိမ်လွန်းလှသည်။ ဦးထက်ခေါင်ဆီ တိုးကပ်သွားပြီး. . . စမ်းသပ်ကြည့်လိုက်သည်။ အသက်ရှိသေးတယ်၊ မိုးညို ဦးထက်ခေါင်ကို ပွေ့ယူလိုက်သဖြင့်. . .

"ဟင်. . . ရှင်ဘာလုပ်မှာလဲ !"

"ဆေးရုံပို့ရမယ်. . . သူ့အသက်ရှင်နိုင်သေး. . . ဝေါ့. . . အော့. . . ခတ်"

မိုးညို ရင်ထဲ ပျို့တက်လာသည့်တစ်ချက်က သူ၏ဒူးတွေကိုပါ ညွတ်ကျသွားစေသည်။ ထို့ကြောင့်. . . ဦးထက်ခေါင်ကို ပွေ့လျက်နှင့် ဖင်ထိုင်ကျသွားသည်။

"ကိုမိုးညို"

"ဝေါ့. . . ဝေါ့. . . အော့"

စိတ်လှုပ်ရှားမှုကို ကြိုးစားပြီး ထိန်းချုပ်ထားနိုင်သော်လည်း သွေးသံရဲရဲမြင်ကွင်းနှင့် သွေးညှီနံ့က. . . သူ၏နှလုံးအိမ်ကို ဆွဲကိုင်လှုပ်ယမ်းပစ်ကြသည်၊ နှစ်ကြိမ်. . . သုံးကြိမ်ခန့် ပျို့ပျို့တက်လာသော ခံစားမှုနှင့်အတူ. . . သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေ. . . ယိုင်နဲ့သွားခဲ့သည်။ အမြင်အာရုံတွေပါ. . . လင်းတလှည့် မှောင်တလှည့်။

"သူ. . . သူ. . . ကို ဆေးရုံပို့ရင် မီ. . . မီနိုင်သေးတယ်"

"ကိုမိုးညို. . . ရှင်"

"ကျွန်တော့်ကို. . . ဂရု. . . မစိုက်. . . နဲ့. . ."





မိုးညို ထိုစကားတစ်ခွန်းနှင့် ငြိမ်ကျသွားသဖြင့် ဇွန်မီယာ သက်ခင် ပြတ်လုတမျှ တုန်လှုပ်သွားကာ မိုးညိုကို ဆွဲထုတ်သည်။

"ကိုမိုးညို. . . ကိုမိုးညို. . . ရှင်သတိရပါဦး"

"ကိုမိုးညို"


ဦးထက်ခေါင်၏သွေးအလိမ်းလိမ်းနှင့် ခန္ဓာကိုယ်ကြီးကား မိုးညို အပေါ်. . . လေးလံစွာ ဖိကျထားသဖြင့် သူမ ခက်ခဲပင်ပန်းစွာ ဆွဲယူနေရသည်။ ထို့ပြင် တုန်လှုပ်ချောက်ချားစိတ်၊ စိုးရိမ်ပူပန်စိတ်. . . တို့က. . . သူမ ခန္ဓာကိုယ်ပေါ် ဘယ်လို ခွန်အားမျိုးမှ မကျန်တော့လောက်အောင် စုတ်ယူထားနှင့်ပြီဖြစ်သဖြင့်. . . သူမကိုယ်တိုင် ထိုနေရာမှာပင် အရှုပ်ကြီးပြတ် လဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်လား !
ခင်များတို့ခေါင်းပေါ်က နုးညံ့တဲ့ မိုးတိမ်စစ်စစ်ကလေးပါ။
ဟုတ်တယ်...အခုန မိုးကြိုးပစ်ချလိုက်တာ ကျွန်တော်ပဲ။







## အခန်း(၁၈)

ဒီနေ့ မိုးညို ဆေးရုံဆင်းခွင့်ရမည့်နေ့။ တရားခံလူနာဖြစ်၍ မိုးညိုအား သီးသန့်လူနာဆောင်တွင် အစောင့်တပ်ဖွဲ့ဝင် ထားရှိကာ ကုသထားခြင်း ဖြစ်သည်။

မင်းထင်ကျော်၊ ခရမ်း၊ လဝန်းချို၊ မေပျိုတို့ မင်းထင်ကျော်၏ ကားနှင့် ဆေးရုံသို့ အပြေးအလွှား ရောက်ရှိလာကြသည်။ လူနာခန်းရှေ့ ရည့်ထိုင်ခုံ၌ တစ်ယောက်ထဲ သည်းသည်းထန်ထန် ငိုကြွေးနေသော. . . ဇွန်မိယာထံ မင်းထင်ကျော်တို့ ရောက်လာကြပြီး. . .

"ဇွန်မိယာ"

မင်းထင်ကျော်၏အလန့်တကြား ခေါ်သံကြောင့် ဇွန်မိယာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေနှင့် မော့ကြည့်ပြီး. . .

"သူ. . . သူဝန်ခံလိုက်ပြီ"

"ဘာ. . . !!"

မင်းထင်ကျော်နှင့်ခရမ်းတို့ ယူကျုံးမရစိတ်တို့ဖြင့် အံကြိတ်ပြီး လက်သီးကို. . . ကျစ်ကျစ်ပါအောင် ဆုပ်မိကြသည်။ လဝန်း မြို့သိပ်နေသည့် ကြား က. . . ရှိုက်သံတစ်ချက် အင့်ခနဲ ပွင့်လာကာ. . . မေပျိုကို ဖက်၍ ငိုတော့၏။

"သူငယ်ချင်းရာ. . . မင်းကိုက ကံဆိုးလွန်းတယ်ကွာ"

မင်းထင်ကျော် အသံထွက် ရေရွတ်မိသည်အထိ ဖြေမဆည်နိုင်အောင် ဖြစ်သွားသည်။ ထိုစဉ် စေ့ပိတ်ထားသော. . . လူနာဆောင် အခန်းတံခါးပွင့်လာသဖြင့်. . . အားလုံး စုပြုံရောက်ရှိသွားသည်။ မြင်ကွင်းက သူတို့အားလုံးကို. . . ရင်နာရစေသည်။ ရဲတပ်ဖွဲ့ဝင်သုံးဦးက မိုးညိုအား. . လက်ထိပ်ခတ်၍ ခေါ်ဆောင်လာခဲ့ကြသည်။

မိုးညိုက ဇွန်မီယာအနီးသို့ ရောက်သည်နှင့် ရပ်တန့်လိုက်ပြီး. . .

"ခင်ဗျား ကတိတည်မယ် မဟုတ်လား ဇွန်မီယာ"

ဇွန်မီယာ တသိမ့်သိမ့် ရှိုက်ငိုရင်း ခေါင်းညိတ်ပြ၍ မိုးညိုက မင်းထင်ကျော်ကို လှမ်းကြည့်လျက်. . .

"မင်း သူ့ကို နှစ်သိမ့်ပေးတာ ငါကြည့်ချင်တယ် ထင်ကျော်"

မင်းထင်ကျော် ခပ်ကြောင်ကြောင် လှမ်းကြည့်ရင်း တိုးကပ်သွားသည်။ မိုးညိုက. . .

"ငါ. . . ဇွန်မီဆီမှာ ကတိတောင်းထားတယ်. . . ဒီနေ့အချိန်အထိ မင်းထင်ကျော်ရဲ့စိတ်ထဲမှာ ဇွန်မီယာပဲ ရှိနေသေးတဲ့အတွက် အထင်လွဲမှားမှုကို နားလည်ပြီး ပြန်ချစ်ပါလို့လေ၊ သူသဘောတူတယ်ကွ"

အားလုံး ယူကျုံးမရ ကြေကွဲနာကျင်နေသလောက် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ပြောဆိုနေသော မိုးညို၏တည်ငြိမ်မှုကား အံ့သြစရာ





ကောင်းလှသည်။

"မင်းပြောခဲ့ဖူးတယ် မဟုတ်လား၊ အချစ်ဆိုတာ ကင်ဆာနဲ့ အတော်တူတယ်ဆိုတာလေ၊ မင်းရင်ထဲမှာ ဇွန်မီနဲ့ ပတ်သက်ပြီး ကုတ်သပ်တွယ်ငင်နေတဲ့ သမုဒယ အမြစ်တွေကို ကုစားနိုင်ဖို့ ဇွန်မီယာရဲ့အချစ်ကို ပြန်ရမှ မဟုတ်လား၊ ကဲ. . . မင်းသက်သာပြီပေါ့ကွာ"

မင်းထင်ကျော်စိတ်မကောင်းစွာဖြင့် ဇွန်မီယာ၏ ပုခုံးကိုဖက်ကာ နှစ်သိမ့်ပေးရင်း. . .

"မင်းရော. . . လဝန်းကိုဘယ်လို နှစ်သိမ့်သွားမှာလဲ ! မိုးညို"

"ဟာ. . . ဒါက. . . !"

"သွားပါကွာ. . . မင်း ငါ့ညီမကို. . . နှစ်သိမ့်သွားတာ ငါကြည့်ချင်တယ်ကွာ"

"ထင်ကျော်. . . မင်း. . . အဲလို. . !"

"ဟေ့ကောင်. . . သွားဆိုသွားကွာ"

လဝန်းချို ဟန်မဆောင်နိုင်စွာ ပြေးဝင်လာပြီး. . . မိုးညိုကို ဖက်၍ ငိုတော့၏။

"ခွင့်လွှတ်ပါ လဝန်းရယ်. . . လူစိတ်ရှိတဲ့သူတိုင်း. . . ဒီလို ခံပန်းကြတယ်ဆိုတာ. . . လူတိုင်းသိပါတယ်"

မိုးညိုပြောပြီး ဆက်ထွက်လာရင်း ခရမ်းကို ခေါင်းညိတ် နှုတ်ဆက်သည်။

၍ ၍ ၍ ၍




www.burmeseclassic.com

www.burmeseclassic.com





ဒုက္ခတွေ တနင့်တပိုး ထမ်းပြီးလာခဲ့တာပါ
ကျွန်တော့်စေ့ထဲက သုခလေးတစ်ခြမ်းလောက် ကျန်သေးလား။





အချိန်ကာလဆိုသည်မှာ သဘာဝဖြစ်စဉ်အမျိုးမျိုးတို့အား ပြုပြင်ပြောင်းလဲလာအောင် ဆုံးမသွန်သင်ရာ၌ အလွန်တော်သော ဆရာ တစ်ဦး ဖြစ်ပါသည်။

ပြစ်ဒဏ်ကျခံခဲ့ရသော မိုးညိုပင်လျှင် (၅)နှစ်တာ ကာလအတွင်း အတော်ပြောင်းလဲခဲ့သည်။ သူ မကြာခဏ ခံစား ဖြစ်ပေါ်နေရသော နှလုံးရောဂါပင်လျှင်. . . ပြစ်မှုကြွေးအတွက် ချွေးနှင့် ဆပ်ရင်း. . . ဘယ်မှာ လွင့်ကျ ကျန်ရစ်ခဲ့မှန်း မသိစွာ. . . ကျန်းမာလာခဲ့ သည်၊ ဖြူဝင်းသော သူ၏အသားအရေတို့ ညိုမောင်းလာကာ. . . ပင်ကိုယ်က ဖွံ့ဖြိုးသော ခန္ဓာကိုယ်နှင့် တွဲဖက်ပြီး. . . ယခုမှ မိုးညိုသားစစ်စစ်ပုံ ပေါက်လာတော့၏၊

ဒီနေ့အဖို့. . . သူ့နည်းတူ ပြစ်ဒဏ်မှ လွတ်ကင်းသူများလည်း ရှိကြသဖြင့်. . . ထောင်ဗူးဝရှေ့ လာရောက်ကြိုဆိုကြသော မိသားစုဝင် များ. . . တအုံတထွေး တွေ့မြင်နေရသည်။

"ဟောဟိုမှာ ကိုမိုးညို"



www.burmeseclassic.com

www.burmeseclassic.com

"ကိုမိုးညို"

ခေါ်သံနှင့်အတူ ပြေးထွက်လာသော မိန်းမချောလေးအား လဝန်းချိုဆိုတာ သူချက်ချင်းသိလိုက်သည်၊ ဒါပေမယ့်. . . သူမ လာကြို နေလိမ့်မည်ဟု သူလုံးဝမျှော်လင့်မထား၊ လဝန်း. . . ပြေးဝင်လာပြီး သူ့ကို ဖက်ကာ ငိုတော့သည်။

လဝန်းရောက်လာမှ. . . မင်းထင်ကျော်နှင့်ဖွန်မီယာ၊ ဖွန်မီယာ သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို လက်ဆွဲထားရာမှ. . . ပွေ့ချီပြီး လျှောက်လာသည်။ မင်းထင်ကျော်က. . .

"မိုးညိုရာ. . . ငါလည်း ကြည့်တာပဲ၊ ဒါပေမယ့် လုံးဝမမှတ်မိတာ ကွ၊ လဝန်းက ဟိုမှာဆိုလို့ လှမ်းကြည့်တာတောင် မင်းပဲလို့ မထင်သေးဘူး"

"အေးလေ. . . ငါလည်း အသားတွေ ညိုပြီး မုတ်ဆိတ်ကျင်စွယ် တွေနဲ့ဆိုတော့"

"ဒါပေမယ့် ငါ့ညီမက မှတ်မိတယ်ကွ"

အစ်ကိုတစ်ယောက်လုံးရှေ့မှာဖြစ်၍ မိုးညို ရှက်ရွံ့မိသော်လည်း လဝန်း၏ပခုံးသားနုနုကို ဆုပ်ယူကာ နှစ်သိမ့်လိုက်သည်။ ထို့နောက် ဖွန်မီယာကို နှုတ်ဆက်ရင်း ကလေးကို ကြည့်၍. . .

"ဒါလေးကရော ! "

"ရှင့်သူငယ်ချင်း အမွေအနှစ်လေ. . . အဟင်းဟင်း"

ဖွန်မီယာက မျက်နှာလေးရဲရဲနှင့် ဖြေပြီး. . .

"ကိုခရမ်းတို့ကို ဝင်ခေါ်သေးတယ်၊ သူ့ကလေးအငယ်ဆုံးလေး ဖျားနေလို့ ထားခဲ့တာ"

"ဟုတ်လား. . . ခရမ်းအိမ်ထောင်ကျသွားပြီလား"

မင်းထင်ကျော်က ဖြတ်ဝင်၍. . .

"ကျသွားပြီလေ. . . မေပျိုနဲ့၊ ကလေးတောင် သုံးယောက်နဲ့ တစ်ဗိုက်"





"ဟာ. . . ဒီကောင် တစ်ရွာစာ ပြည့်အောင် မွေးနိုင်းတာလား မသိဘူး"

လဝန်း ငိုနေရင်းက ခိခနဲ ရယ်ပြီး မိုးညိုခါးကို ဖက်၍ ခေါ်ထုတ် လာသည်။ ရပ်ထားသော ကားနှစ်စီးနား ရောက်မှ မင်းထင်ကျော်က. . .

"မင်း လဝန်းရဲ့ကားနဲ့ လိုက်သွားပေတော့ ယောက်ဖရေ. . ."

"ဟာ. . . ဘယ်လို ! ဘယ်လိုခေါ်လိုက်တယ်. . . ထင်ကျော်"

"ဟာမနေနဲ့ ငတုံးရဲ့. . . မင်းရင်ခွင်ထဲက ငါ့နှမလေး. . . အဲဒီ တော့ မင်းနဲ့ငါဘာတော်သလဲ ! "

**"ယောက်ဖ"**

"ဖွီး. . . ကြက်သီးထလိုက်တာ !! ၊ မိုးညို. . . ငါ့ညီမလေး အချစ် ကင်ဆာကို ပျောက်အောင် ကုဖို့ ဒီကာလအတွင်း ငါဘယ်လောက် တိုက်ပွဲ ပြင်းထန်ခဲ့ရသလဲဆိုတာ၊ ဘာပဲ ဖြစ်ဖြစ်ကွာ. . . ယောက်ဖတွေထဲမှာ သူ ငယ်ချင်းယောက်ဖက အဆင်ပြေဆုံးပဲလို့ ငါထင်တယ်၊ ဆောရီး. . . ထင်တာမဟုတ်ဘူး. . . မြင်ကို မြင်နေရတာ၊ မင်းက ငါ့ရင်ဘတ်ထဲကနေ ပျောက်ဆုံးသွားတဲ့ အချစ်ကို ပြန်တွေ့အောင်လည်း ရှာပေးတယ်၊ ငါချစ်တဲ့ ညီမလေးရဲ့ ချစ်မြတ်နိုးခြင်းကိုလည်း ခံယူခွင့်ရတယ်၊ အဲဒီတော့ မင်းဟာ ငါ့ရဲ့ အကောင်းဆုံး သူငယ်ချင်းယောက်ဖပဲ၊ ငါ့ယောက်ဖ ဖြစ်ကိုဖြစ်သင့် တဲ့ကောင်၊ နေဦး. . . မင်း. . . ငါ့ညီမကို တကယ်ရော တာဝန်ယူမှာလား။ သူ့မှာ အိမ်ရော ကားရော လုပ်ငန်းရော အားလုံးရှိတယ်"

"ရွာပြန်တာထက်စာရင်တော့ မဆိုးပါဘူး"

မင်းထင်ကျော် အသံတိတ် ပျစ်ပျစ်နှစ်နှစ် ဆဲဆိုပြီး ဇနီးနှင့် သားကို ခေါ်ကာ ကားမောင်းထွက်သွားလေတော့သည်။

ထိုအခါမှ လဝန်းက. . .

"ကျွန်မ ကိုမိုးညိုကို ချစ်လို့ရပြီလားဟင်"

"နေဦး. . . မိန်းကလေး သိက္ခာကျတယ်. . . ကိုယ်ကအရင်ချစ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com

တောင်းပြီးမှ လဝန်းစဉ်းစားပေ့ါ. . . ”

နှစ်ယောက်သား ပြုံးကြသည်။ ချစ်ခြင်းမေတ္တာများ၏သိမ်မွေ့နက်ရှိုင်းမှုကို သိနေနှင့်သော သူတိုင်းလည်း ပြုံးနိုင်ကြမည် ထင်ပါသည်။

စာရှုသူအပေါင်း
ယောက်ဖကောင်းလေးတွေနဲ့
တွေ့ဆုံနိုင်ပါစေ. . .






www.burmeseclassic.com